ပ ထ ဝီ အ မြင် ဖြင့်

# အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ


ကပ္ပတိန်သာစိန်

(B.A, R.L, Master Mariner F.G)





Baffin
Bay
Hudson
Bay
NORTH
AMERICA
Mississippi
ATLANTIC
OCEAN
Gulf of
Mexico
Caribbean
Sea
Amazon
SOUTH
AMERICA

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ — ဒေါ်သင်းသင်းမွန် (သင်းစာပေ)၊ မြဲ - ၀၀၃၇၂
အမှတ် - ၁၉၊ ယောသကလမ်း။
သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ — ဇေယျာအောင်ပုံနှိပ်တိုက်၊ မြဲ - ၀၀၂၀၈

မျက်နှာဖုံးဒီဇိုင်း — ရွှေသက်ဆောင်
အတွင်းဖလင်ပြင်ဆင် — ရွှေသက်ဆောင်
ကွန်ပျူတာ — ကိုညီ
အတွင်း CTP — Eagle

အုပ်ရေ — ၁၀၀၀
တန်ဖိုး — ၂၅၀၀ ကျပ်
ထုတ်ဝေသည့်အကြိမ် — ပထမအကြိမ်
မတ်လ၊ ၂၀၁၈ ခုနှစ်

ကပ္ပတိန်သာစိန် ၂၉၄.၇
(B.A, R.L, Master Mariner F.G)
ပထဝီအမြင်ဖြင့်
အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ
သင်းစာပေ၊ ၂၀၁၈။
၁၄၀-စာ၊ ၁၃. ၂၁x၂၀. ၈၃ စင်တီ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| | အမှာစာ | |
| ၁။ | အာရှတိုက် | ၁ |
| ၂။ | ဘရူနိုင်းနိုင်ငံ | ၇ |
| ၃။ | ကမ္ဘောဒီးယားနိုင်ငံ | ၁၃ |
| ၄။ | အင်ဒိုနီးရှားနိုင်ငံ | ၂၁ |
| ၅။ | လာအိုနိုင်ငံ | ၂၉ |
| ၆။ | မလေးရှားနိုင်ငံ | ၃၆ |
| ၇။ | မြန်မာနိုင်ငံ | ၄၃ |
| ၈။ | ဖိလစ်ပိုင်နိုင်ငံ | ၉၃ |
| ၉။ | စင်ကာပူနိုင်ငံ | ၆၁ |
| ၁၀။ | ထိုင်းနိုင်ငံ | ၆၉ |
| ၁၁။ | ဗီယက်နမ်နိုင်ငံ | ၇၆ |
| ၁၂။ | အရှေ့တီမောနိုင်ငံ | ၈၄ |
| ၁၃။ | တရုတ်နိုင်ငံ | ၉၁ |
| ၁၄။ | ဂျပန်နိုင်ငံ | ၁၀၀ |
| ၁၅။ | မြောက်ကိုရီးယားနိုင်ငံ<br>တောင်ကိုရီးယားနိုင်ငံ | ၁၀၉ |
| ၁၆။ | ထိုင်ဝမ်နိုင်ငံ | ၁၂၀ |
| ၁၇။ | ပါပူဝါနယူဂီနီကျွန်းနိုင်ငံ | ၁၂၇ |
| ၁၈။ | အိန္ဒိယနိုင်ငံ | ၁၃၅ |

## "အမှာစကားတင်ပြခြင်း"

ဤကမ္ဘာ၌ ခေတ်စနစ်တို့သည် ပြောင်းလဲနေပါသည်။ ထို့အတူ အာရှတိုက်၌လည်း ပြောင်းလဲ လာခဲ့ပါသည်။ မဝေးသော နှစ်(၈၀)ခန့်က အာရှအခြေအနေကိုကြည့်လျှင် ၁၉၄၅ခုနှစ် ဂျပန်ကို စိုးမိုးလိုမှုကျဆုံးခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့သည့် တစ်ချိန်တည်းမှာပင် ကွန်မြူနစ်စနစ်သည်လည်း အာရှတခွင်ကြီးထွားလာခဲ့သည်။ စစ်နှင့်စနစ်တို့၏ဒဏ်ကြောင့် သေကြေပျက်စီးမှုများလည်း မနည်းခဲ့ပေ။ အာရှနိုင်ငံတိုင်းသည် ထိုဒုက္ခအပေါင်းမှ လွတ်မြောက်၍ မိမိတို့တိုင်းပြည်အတွက် ကောင်းမည်ထင်သည့် နည်းစနစ်များကိုသုံး၍ နိုင်ငံထူထောင်ရေးကြိုးပမ်းနေခဲ့ကြသည်။ စစ်ကိုရှောင်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးကို ဘန်ဒေါင်းညီလာခံ ကျင်းပပြီး မူဝါဒချမှတ်ပြီး၊ ငြိမ်းချမ်းရေးလက်တွဲမှုမှစ၍ အာရှတခွင် ငြိမ်းချမ်းလာခဲ့သည်။ တရုတ်ပြည်မှ ချောင်အင်လေး - အင်ဒိုနီးရှားမှ ဆူကာနို၊ အိန္ဒိယပြည်မှ ဂျဝါလာ နေရူး၊ မြန်မာနိုင်ငံမှ ဦးနုစသည်တို့က ဘန်ဒေါင်ညီလာခံကို ဦးဆောင်၍အတူပူးတွဲနေထိုင်ရေးမူကို ချမှတ်ခဲ့ကြသည်။ ထိုမှဆက်၍ အာရှနိုင်ငံတို့သည် မိမိတို့၏ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အစီအစဉ်ဖြင့် တိုင်းပြည်ထူထောင်ရေးကို လုပ်လာခဲ့ကြသည်။ တချို့အောင်မြင်မှုရှိသကဲ့သို့ တချို့လည်းတိုးတက်မှု နှေးကွေးနေသည်ကို တွေ့ရသည်။ ပြောင်းလဲတိုးတက်မှုဆက်လက်ချီတက်နေကြဆဲဖြစ်ပါသည်။ ထိုပြောင်းလဲ

မှုများတွင် အရှေ့တောင်အာရှနိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့တစ်ခု ပေါ်လာခဲ့သည်။ ငြိမ်းချမ်းရေး မကျူးကျော်ရေး ပူးပေါင်းဆောင်ရွက်ရေး စီးပွားရေးတိုးတက်ရေး အသိပညာဖလှယ်၍ တိုးတက်မှုရရှိရေးအတွက် ယနေ့အခြေအနေတွင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရပါသည်။ ဒုတိယကမ္ဘာစစ်အပြီးမှ ယနေ့ထိ အာရှနိုင်ငံများ၏ ပြောင်းလဲလှုပ်ရှားမှုကို အခြေအနေကို တင်ပြခြင်းပါ။

အာဆီယံမဟုတ်သော အာရှနိုင်ငံများကလည်း သူ့နည်းသူ့ဟန်နှင့် တိုင်းပြည်တိုးတက်ရေးကို လုပ်ဆောင်နေကြပါသည်။ တစ်ဦးနှင့်တစ်ဦးမိတ်ဘက်ရှိကြသကဲ့သို့ တစ်ဦးနှင့်တစ်ဦး တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်ကူညီမှုမရှိဘဲ သဘောထားကွဲနေကြသည်ကိုလည်း တွေ့နေရပါသည်။ ဥပမာပြရလျှင် မြောက်ကိုရီးယား၏ အဖြစ်အပျက်များဖြစ်ပါ၏။ မည်သို့ဆိုစေ အရှေ့အာရှနိုင်ငံများ၊ အရှေ့တောင်အာရှ နိုင်ငံများသည် ကိုယ့်နည်းကိုယ့်ဟန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ တိုးတက်အောင် ဆောင်ရွက်နေကြပါသည်။ အထူးသဖြင့် အာဆီယံအဖွဲ့သည် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ(၁၀)နိုင်ငံအထိ တိုးတက်လာခဲ့ပြီး ဖြစ်ပါသည်။ ထိုနိုင်ငံများ၏ သမိုင်းကြောင်းနှင့် ပထဝီဝင်အရ တည်ရှိနေမှုများကို ခေတ်ကာလအရ သိရှိရန်လိုအပ်နေပြီဟု စာရေးသူယူဆမိပါသည်။ ထိုယုံကြည်ချက်ဖြင့် အဆီယံနိုင်ငံများ၏ ရိုးရိုးသားသား ပထဝီဝင်အမြင်ဖြင့် ခေါင်းစဉ်ခွဲ၍ တင်ပြရေးသားရပါသည်။ အထူးသဖြင့်

နောင်ကာလလူကြီးဖြစ်ကြမည့် ကျောင်းသူ/ကျောင်းသားများ လူငယ်လူရွယ်များ သုတေသီများအတွက် ပထဝီဝင်ရှုဒေါင့်မှနေ၍ ဗဟုသုတအတွက် တင်ပြရေးသားရခြင်းသာ ဖြစ်ပါသည်။

အာရှနိုင်ငံများမှာ နိုင်ငံပေါင်း (၄၅)နိုင်ငံနီးပါးတည်ရှိပါသည်။ ထိုအထဲမှ အရှေ့တောင်အာရှ နိုင်ငံ(၁၀)နိုင်ငံအပြင် အရှေ့အာရှတိုက်နိုင်ငံကြီးများကိုပါ သိသင့်သည့်နိုင်ငံများဖြစ်ပါသဖြင့် ထည့်သွင်း ရေးသားဖော်ပြရခြင်း ဖြစ်သည်။ သိရန်လိုအပ်သည်ဟုလည်း ထင်မြင်ပါသည်။ စာပေသုတေသီများ၊ ဗဟုသုတရှာမှီသူများအတွက်လည်း အကျိုးပြုမည်ဟု ယုံကြည်ပါသည်။ အဓိကမှာ HAMMOND ၏ WORLD ALMANAC ခေါ် WORLD FACT BOOK ကိုမှီငြမ်း၍ အခြားစာအုပ်များမှ အချက် အလက်များကို လက်လှမ်းမှီသလောက်နှင့် မိမိသိရှိထားသော အချက်များကိုပေါင်းစပ်ရေးသားတင်ပြ ရခြင်းဖြစ်ပါကြောင်း နှုတ်ဆက်စကားကို တင်ပြပါရစေ။

ကပ္ပတိန်သာစိန်

B.A , RL , MASTER MARINER F.G

**ကိုးကားသောကျမ်းများ**

- HAMOND ၏ WORLD ALMANAC (World Fact Books)
- THE WORLD AROUND US


RUSSIA
MONGOLIA
CHINA
KAZAKHSTAN
JAPAN
NORTH KOREA
SOUTH KOREA
TAIWAN
PHILIPPINES
INDONESIA
BRUNEI
MALAYSIA
SRI LANKA

# "အာရှတိုက်"

အာရှတိုက်သည် ကမ္ဘာ့နိုင်ငံတိုက်ကြီး(၆)တိုက်တွင် အကြီးဆုံးတိုက်နယ်မြေဖြစ်ပါသည်။ ကမ္ဘာမြေ၏ထက်ဝက်ကို ပိုင်ဆိုင်ထားပါသည်။ အာရှတိုက်သည် အနောက်ဘက်တွင် ဥရောပနိုင်ငံများနှင့်လည်း နယ်မြေဆက်စပ်လျက် ရှိပါသည်။ မြောက်ဘက်ပိုင်းတွင် လူသူနေထိုင်မှုနည်းပါးပြီး ကျယ်ပြန့်သော ရုရှနယ်မြေများ ရှိပါသည်။ အာရှ၏အနောက်ဘက်နှင့် အရှေ့တောင်ပိုင်းဒေသများတွင်သာ လူနေမှုများ၍ လူဦးရေများပါသည်။ ထိုဒေသတို့ အီကွေတာမျဉ်းအနီးနားတွင် တည်ရှိနေကြပါသည်။ ဆန်စပါးကို အဓိကထား၍ စိုက်ပျိုးသောနိုင်ငံများ ဖြစ်ကြပါသည်။ ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင် (၁၆၉၈၉၀၀၀) စတုရန်းမိုင် (၁၇)သန်းနီးပါး ရှိပါသည်။ လူဦးရေမှာမူ သန်းပေါင်း (၃၆၂၂)ရှိရာ ဤစာရင်းမှာ ယခင်စာရင်းဖြစ်၍ ယခုအနေအထား မှာ ပို၍များပါသည်။ ပေပေါင်း၂၉၀၇၈ပေမြင့်သော ဧဝရက် တောင်မှာလည်း အာရှတိုက်ဟိမဝန္တာတောင်ကုန်း၌ ရှိပေသည်။ ကမ္ဘာ့အရှည်ဆုံးမြစ်မှာ ယန်စီမြစ်ဖြစ်၍ တရုတ်ပြည်၌ တည်ရှိပေ သည်။ ကမ္ဘာ၌ ရေနံပေါကြွယ်ဝ၍ အချမ်းသာဆုံးနိုင်ငံများမှာ Middle East ခေါ် အာရှဒေသ၌ တည်ရှိကြပါသည်။ ကမ္ဘာ၏ အနိမ့်ဆုံးပင်လယ်ဒေသဖြစ်သော Dead Sea မှာ အာရှတိုက်၌ တည်ရှိသည်။ ကမ္ဘာ၌ အံ့ဩဖွယ်ရာ ထင်ရှားသော Great Wall

ခေါ် မဟာတံတိုင်းကြီးမှာ တရုတ်ပြည်၌ရှိပြီး၊ မိုင်ပေါင်း (၄၈၀၀) ခန့်ရှည်ပါသည်။ ထိုတိုင်းပြည်သည်ပင် ကမ္ဘာ၌ လူဦးရေအထူထပ်ဆုံး နေထိုင်ကြသည်။


ကမ္ဘာ့နိုင်ငံအများအပြားမှာလည်း အာရှတိုက်၌တည်ရှိကြရာ ယခင်က (၄၃)နိုင်ငံဖြစ်သော်လည်း ယခု(၄၅)နိုင်ငံထိ ရှိလာပါသည်။ အာရှအနောက်ဘက်အစွန်းမှ အရှေ့ဘက်သို့ အစဉ်အလိုက် တင်ပြရလျှင် -

| | | | |
|---|---|---|---|
| ၁။ | ဆီးရီးယား | - | SYRIA |
| ၂။ | လက်ဘနွန် | - | LEBANON |
| ၃။ | အစ္စရေး | - | ISRAEL |
| ၄။ | ဂျော်ဒန် | - | JORDAN |
| ၅။ | အီရက် | - | IRAQ |
| ၆။ | ကူဝိတ် | - | KUWAIT |
| ၇။ | ဆောဒီအာရေးဗီးယား | - | SAUDI ARABIA |
| ၈။ | ယီမင် | - | YEMAN |
| ၉။ | အိုမင် | - | OMAN |
| ၁၀။ | ကွာတာ | - | QATAR |
| ၁၁။ | ယူအေအီး | - | UAE |
| ၁၂။ | အီရန် | - | IRAN |
| ၁၃။ | တာက်မန်နီစတန် | - | TURKMANISTAN |
| ၁၄။ | ခုဘက်ကီစတန် | - | UZBEKISTAN |

| | | | |
|---|---|---|---|
| ၁၅။ | ကာဇက်စတန် | - | KYRGYZSTAN |
| ၁၆။ | ရုရှ | - | RUSSIA |
| ၁၇။ | မွန်ဂိုလီးယား | - | MONGOLIA |
| ၁၈။ | တရုတ် | - | CHINA |
| ၁၉။ | အာဖဂန်နစ္စတန် | - | AFGHANISTAN |
| ၂၀။ | ပါကစ္စတန် | - | PAKISTAN |
| ၂၁။ | အိန္ဒိယ | - | INDIA |
| ၂၂။ | သီရိလင်္ကာ | - | SRI LANKA |
| ၂၃။ | နီပေါ | - | NEPAL |
| ၂၄။ | ဘူတန် | - | BUTAN |
| ၂၅။ | ဘင်္ဂလားဒေ့ရှ် | - | BENGLADESH |
| ၂၆။ | မြန်မာ | - | MYANMAR |
| ၂၇။ | ထိုင်း | - | THAI |
| ၂၈။ | လာအို | - | LAOS |
| ၂၉။ | ကမ္ဘောဒီးယား | - | CAMBODIA |
| ၃၀။ | ဗီယက်နမ် | - | VIETNAM |
| ၃၁။ | မလေးရှား | - | MALAYSIA |
| ၃၂။ | စင်္ကာပူ | - | SINGAPORE |
| ၃၃။ | အင်ဒိုနီးရှား | - | INDONESIA |
| ၃၄။ | ဖိလစ်ပိုင် | - | PHILIPPINES |
| ၃၅။ | အရှေ့တီမော | - | EAST TIMOR |


| | | | |
|---|---|---|---|
| ၃၆။ | ထိုင်ဝမ် | - | TAIWAN |
| ၃၇။ | မြောက်ကိုရီးယား | - | NORTH KOREA |
| ၃၈။ | တောင်ကိုရီးယား | - | SOUTH KOREA |
| ၃၉။ | ဂျပန် | - | JAPAN |
| ၄၀။ | ပါပူဝါနယူဂီနီ | - | PAPUA NEW GUINEA |
| ၄၁။ | ဘာရိန်း | - | BAHRAIN |
| ၄၂။ | ဘရူနိုင်း | - | BRUNEI |
| ၄၃။ | တာဂျီစကန် | - | TAJKISTAN |
| ၄၄။ | မော်ဒစ် | - | MALDIVES |
| ၄၅။ | နီပေါ | - | NEPAL |


တို့ဖြစ်ကြကြောင်း တွေ့ရှိရပါသည်။ ၄င်းတို့ထဲမှ အာဆီယံနှင့် အရှေ့အာရှတွင် ပါဝင်သော နိုင်ငံများအကြောင်းကို တင်ပြရခြင်းဖြစ်ပေသည်။


Sea of Okhotsk
PACIFIC OCEAN
South China Sea
Gobi Desert
Bay of Bengal
Arabian Sea
Equator
Caspian Sea
Black Sea
Red Sea
Nile
Sea



# ဘရူနိုင်းနိုင်ငံ (Brunei)



# ဘရူနိုင်းနိုင်ငံ (BRUNEI)

အာဆီယံနိုင်ငံများတွင် ဘရူနိုင်းနိုင်ငံသည် ထူးခြားချက် (၂)ခုရှိပေသည်။ တစ်ခုမှာ အသေးငယ်ဆုံးသော နယ်မြေသာရှိသော နိုင်ငံဖြစ်ပြီး၊ နောက်တစ်ချက်မှာ အာဆီယံနိုင်ငံများထက် ချမ်းသာသော ငွေကြေးခိုင်မာသော နိုင်ငံအဖြစ် တည်ရှိနေခြင်းဖြစ်ပါသည်။ ထိုတိုင်းပြည်ကို အုပ်ချုပ်သော ဘရူနိုင်းဘုရင်သည် ကမ္ဘာ၌ အချမ်းသာဆုံးသော ပုဂ္ဂိုလ်များစာရင်းတွင် ပါဝင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

## တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် အကျယ်အဝန်း

မြန်မာနိုင်ငံအစွန် ကော့သောင်းမှ ဆက်သွားလျှင် ထိုင်းနိုင်ငံနယ်မြေရှိသည်။ ထိုမှ ဆက်သွားလျှင် မလေးကျွန်းဆွယ်ကြီးရှိသည်။ မလေးရှားနိုင်ငံဖြစ်သည်။ ကျွန်းအဆုံးတွင် စင်ကာပူနိုင်ငံတည်ရှိသည်။ ထိုကျွန်းဆွယ်နှင့်ပြိုင်လျှက် အင်ဒိုနီးရှား မိုင်စူမားကြား ကျွန်းကြီးကျွန်းငယ်များဆက်၍ ဂျာဗားကျွန်းကြီးရှိပြီး အင်ဒိုနီးရှား နိုင်ငံကျွန်းစုများ အရှေ့ဘက်သို့ ဦးတည်၍ တည်ရှိသည်။ အင်ဒိုနီးရှားကျွန်းပိုင်နယ်မြေများ ဖြစ်သည်။ ထိုအင်ဒိုနီးရှားကျွန်းကြီးများ၏ မြောက်ဘက် စင်ကာပူနိုင်ငံ၏အရှေ့ဘက်အရပ် မိုင်(၃၈၀)ခန့် အကွာ တရုတ်ပင်လယ်တွင် အလွန်ကြီးမားသော ဘောနီယို ကျွန်းကြီးတစ်ကျွန်းတည်ရှိပါသည်။ အင်ဒိုနီးရှားကျွန်းစုများတွင် အကြီးဆုံးသော ကျွန်းကြီးဖြစ်ပါသည်။ အလျားတောင်မြောက်

မိုင်(၈၀၀)ခန့်၊ အနံ့အရှေ့အနောက်မိုင်(၄၀၀)ခန့် ရှိပါသည်။ ထူးခြားသည်မှာ ထိုကျွန်းကြီး၏ တောင်ဘက်ခြမ်း ဧရိယာနယ်မြေ လေးပုံသုံးပုံကို အင်ဒိုနီးရှားနိုင်ငံက ပိုင်ပါသည်။ ထိုကျွန်းကြီး၏ မြောက်ဘက် တရုတ်ပင်လယ်ဘက်ကို မျက်နှာမူနေသော လေးပုံ တစ်ပုံခန့်နယ်မြေကို မလေးရှားနိုင်ငံက ပိုင်ပါသည်။ ထိုနယ်မြေကို ဆရာဝတ်ပြည်နယ်နှင့် ဆားဗားပြည်နယ်ဟူ၍ (၂)ပိုင်းခွဲပြီး မလေးရှားက အုပ်ချုပ်ပါသည်။ အင်ဒိုနီးရှားအပိုင်းကိုမူ (ကလင် အင်တန်ပြည်နယ်)အဖြစ် ခေါ်ဝေါ်၍ အင်းဒိုနီးရှားအုပ်ချုပ်ပါသည်။ မလေးရှားပိုင် ဆားဗားနှင့် ဆရာဝတ်ပြည်နယ်ကြားတွင် ဘရူနိုင်း နိုင်ငံသည် တရုတ်ပင်လယ်ကို ထွက်ပေါက်ပြု၍ တည်ရှိပါသည်။ မလေးရှားနိုင်ငံ၏ နယ်မြေက ဆက်စပ်ခံထားသဖြင့် အင်ဒိုနီးရှားနှင့် နယ်စပ်ချင်း ထိတွေ့မှုမရှိပါ။ အကြမ်းအားဖြင့် ဘရူနိုင်းနိုင်ငံသည် အင်ဒိုနီးရှား၊ မလေးရှားကြားတည်ရှိသည်ဟု ယခင်က ဖော်ပြဖူး သော်လည်း အမှန်မှာ မလေးရှားနယ်မြေပြည်နယ် (၂)ခုကြားတွင် သာ ရှိနေပါသည်။ ဘော်နီယိုကျွန်းကြီးသည် တောတောင်အလွန် ထူထပ်၍ တောနက် ပါသည်။ သစ်မာများထွက်ပါသည်။ သို့သော် ဘရူနိုင်း နယ်မြေတွင်မူ သင့်တင့်သော မြေပြန့်များ တည်ရှိနေပါ သည်။ မြောက်လတ္တီတွတ် ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွတ် ၁၁၆ ဒီဂရီကြားတွင် တည်ရှိနေပါသည်။ အီကွေတာနှင့်နီးသည့် ဧရိယာ အကျယ်အဝန်းမှာ ၂၂၂၈ စတုရန်းမိုင် (၅၇၇၀ စတုရန်းကီလို မီတာ)သာကျယ်ဝန်းပါသည်။ ရန်ကုန်တိုင်း အကျယ်အဝန်း ၃၉၂၇

စတုရန်းမိုင်ရှိရာ နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

## ရာသီဥတု

ရာသီဥတုမှာ အီကွေတာရာသီဥတုရှိ၍ ပူအိုက်ပြီးစိုစွတ်သော ရာသီဥတုရှိပါသည်။ တစ်နှစ်ပတ်လုံးနီးပါး ပူအိုက်ပြီး မိုးရေချိန်ရရှိတတ်ပါသည်။

## လူဦးရေနှင့် လူမျိုးများ

လူရေမှာစုစုပေါင်း (၃၇၉၄၄၄) (၄ သိန်း)ရှိရာ အများစု ၃ပုံ၂ပုံလူဦးရေမှာ မလေးလူမျိုးများဖြစ်ကြပါသည်။ တရုတ်လူမျိုးစုမှာ လေးပုံ၁ပုံခန့်တည်ရှိပါသည်။ ဒယက် Dayak ခေါ် လူမျိုးစုငယ်အုပ်စုလည်း တည်ရှိပါသည်။ မလေး(၆၇%)၊ တရုတ်(၁၅%) နှင့် ရောနှောနေထိုင်သူ (၆%)ရှိပါသည်။ မြို့တော်မှာ ဘန်ဒါဆာရီဘဂဝန်ဟုခေါ်၍ မြို့လူဦးမှာ (၆၁၀၀၀)ခန့်ရှိသည်။

## ဘာသာရေး

များသောအားဖြင့် လူများစုမှာ မွတ်ဆလင်ဘာသာကိုကိုးကွယ်ကြပါသည်။ (၆၇%)ရှိပါသည်။ ဗုဒ္ဓဘာသာဝင် (၁၃%)နှင့် ခရစ်ယာန်ကိုးကွယ်သူ (၁၀%)ရှိပါသည်။ ကျန်(၁၀%)မှာ အခြားဘာသာများ ကိုးကွယ်ပါသည်။ မလေးစကားမှာ တရားဝင်ရုံးသုံးစကားဖြစ်၍ အင်္ဂလိပ်နှင့်တရုတ်ဘာသာစကားကိုလည်း ပြောဆို

သုံးနှုန်းကြပါသည်။

## သယံဇာတထွက်ကုန်များ

တိုင်းပြည်၏အဓိကရပ်တည်မှုမှာ ရေနံတွင်းများမှထွက်သော ရေနံများ၊ ဓါတ်ငွေ့များကို အားထား၍ စီးပွားရေးဖြစ်ထွန်းနေပါသည်။ ရေနံနှင့်ဓါတ်ငွေ့သည် အဓိကထွက်ကုန်ပစ္စည်းဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ၊ ဆန်စပါးစိုက်ပျိုးသီးနှံများရှိသော်လည်း တိုင်းပြည်စားသုံးရန်အတွက်သာ လုပ်ကိုင်ကြသည်။ ရေနံကို ဂျပန်၊ အမေရိကန်သို့ တင်ပို့ပေသည်။

## စက်မှုနှင့်စီးပွားရေးလုပ်ငန်းများ

ရေနံချက်လုပ်ခြင်း၊ ဓါတ်ငွေ့များထုတ်လုပ်ခြင်း အဓိကထားသည်။ ဆောက်လုပ်ရေးလုပ်ငန်းများလည်း လုပ်ကိုင်သည်။ အခြားသာမန်စက်မှုလုပ်ငန်းများမှာ ပြည်တွင်းသုံးအတွက်သာ ပြုလုပ်ကြခြင်း များပေသည်။ စီးပွားရေးကောင်းသဖြင့် ဘရူနိုင်းနိုင်ငံ၏ငွေကြေးသည် တောင့်တင်းခိုင်မာ၍ အမေရိကန် ဒေါ်လာနှင့် ယှဉ်၍သုံးကြသည်။ ငွေကြေးကို ဘရူနိုင်းဒေါ်လာဟု ခေါ်ဆိုပါသည်။

## နိုင်ငံရေးရာကိစ္စရပ်များ

ဘရူနိုင်းနိုင်ငံသည် ရှေးယခင်ကပင် ပင်လယ်ကျွန်းစုများ

တွင် သွားလာနေထိုင်ကြသော မလေးနွယ်ဖိလစ်ပိုင်လူမျိုးများက ပိုင်ဆိုင်ခဲ့ကြသည်။ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့ ပေါ်ပေါက်လာသောအခါ ဘရူနိုင်းသည် မလေးရှားပိုင်သော နယ်မြေထဲတွင် ကျရောက်ခဲ့သည်။ သို့သော် ထိုအချိန်က ဗြိတိသျှအစိုးရအကာအကွယ်ပေးသော နယ်မြေတစ်ခုဖြစ်သဖြင့် သိမ်းပိုက်ခြင်းမခံခဲ့ရပေ။ ၁၈၈၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ဗြိတိသျှတို့အောက် အကာအကွယ်ပေးနယ်မြေအဖြစ် သီးခြားရပ်တည်နေခဲ့ပေသည်။ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့ လွတ်လပ်ရေးရခဲ့ပြီး၊ သီးခြားဆူလကတန်ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော လွတ်လပ်သောနိုင်ငံဖြစ်လာပေသည်။ ဆယ်စုနှစ်၊ ခြောက်စုအကြာထိ ထိုဘုရင်မျိုးနွယ်များက အုပ်ချုပ်လာနေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပေသည်။ အထူးဖော်ပြဖွယ်ရာ သမိုင်းကြောင်းမရှိဘဲ ဘုရင်စနစ်ထွန်းကားသော ဘုရင်အုပ်ချုပ်ရေးစနစ်ရှိသော အာဆီယံနိုင်ငံငယ်တစ်ခု ဖြစ်ပေသည်။

************



# ကမ္ဘောဒီးယားနိုင်ငံ

# (Cambodia)






# ကမ္ဘောဒီးယားနိုင်ငံ (CAMBODIA)

## တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် အကျယ်အဝန်း

ကမ္ဘောဒီးယား Cambodia နိုင်ငံသည် အာဆီယံ(၁၀)နိုင်ငံ အနက် အင်ဒိုချိုင်းနားကျွန်းဆယ်အုပ်စုတွင် နယ်မြေသေးငယ်သော တိုင်းပြည်ငယ် တစ်ခုအဖြစ် တည်ရှိနေပါသည်။ ထိုင်းပင်လယ်ကွေ့ ရေမျက်နှာပြင်ကို မျက်နှာမူ၍ အရှေ့ဘက်တွင် နယ်နိမိတ်ကို ဗီယက်နမ်နိုင်ငံက ဝိုင်းရံထားရှိသည်။ အနောက်နှင့်အနောက် မြောက်ကိုမူ ထိုင်းနိုင်ငံက ကာရံထားပြီး ထိုင်းနှင့်ဗီယက်နမ်ကြား မြောက်ဘက်ကို လာအိုနိုင်ငံက ကာဆီးထားသည်။ သုံးနိုင်ငံ ကုန်း ပတ်လည်နယ်စပ် ဝိုင်းရံထားပြီး တောင်ဘက် ပင်လယ်ဘက်သို့သာ ရေကြောင်းနယ်နိမိတ် တည်ရှိနေသည်။ မြောက်လတ္တီတွတ် ၁၀ ဒီဂရီမှ ၁၄. ၅ ဒီဂရီ အကြားတွင်လည်းကောင်း၊ အရှေ့လောင်ဂျီ တွတ် ၁၀၂. ၂ ဒီဂရီနှင့် ၁၀၇. ၈ ဒီဂရီကြားတွင် တည်ရှိနေပေ သည်။ တိုင်းပြည်နယ်မြေမှာ အဝိုင်းပန်းကန်ပြားသဏ္ဌာန် တည်ရှိ သည်။ အကျယ်အဝန်း အားဖြင့် (၆၉၉၀၀)စတုရန်းမိုင်၊ (၁၈၁၀၄၀) စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ စတုရန်းမိုင်ပေါင်း ကိုးသောင်း ကျော်ရှိသော လာအိုနိုင်ငံထက် သေးငယ်သည်။ မြန်မာနိုင်ငံ ရှမ်း ပြည်နယ်ထက် အနည်းငယ်ကြီးသည်။ နိုင်ငံ၏အနောက်အလယ် ပိုင်းတွင် ထင်ရှားသော တုန်လေဆပ် ရေအိုင်ရှိပြီး မဲခေါင်မြစ်ထဲသို့ စီးဝင်သွားပါသည်။

မြေမျက်နှာသွင်ပြင်မှ ပင်လယ်ဘက်သို့ မျက်နှာမူနေသော နေရာများ၌သာ တောင်ကုန်း တောင်တန်းရှိ၍ ကျန်နေရာများမှာ မြေဩဇာကောင်းမွန်သော မဲခေါင်မြစ်ဝှမ်းဒေသများအဖြစ် တည်ရှိသည်။

## ရာသီဥတု

အရှေ့တောင်အာရှနိုင်ငံများ၌ရှိသော မုတ်သုံရာသီဥတုရှိသည်။ ပူအိုက်စိုစွတ်သောရာသီဥတု ရှိသော်လည်း ဆောင်းတွင်းတွင် အထိုက်လျောက် အေးမြသည်။ မေလမှ အောက်တိုဘာလအထိ မုတ်သုံရာသီဥတုရှိ၍ ကျန်ကာလတွင် ခြောက်သွေ့မှုရှိသည်ဟု ဆိုပေသည်။

## လူဦးရေနှင့်လူမျိုးစုများ

နေထိုင်ကြသော လူအများစုမှာ Khmer လူမျိုးများဖြစ်ကြသည့်အလျောက် ခမာဘာသာ စကားကို ပြောဆိုကြသည်။ တချိန်သောအခါက ခမာအင်ပါယာနိုင်ငံကြီး ကျယ်ပြန့်စွာတည်ရှိခဲ့သော်လည်း ယခုအခါ အင်ပါယာပျောက်ခဲ့ပြီး ကျန်ရစ်သော ဤခမာလူမျိုးများသာ ကမ္ဘောဒီယားနိုင်ငံကို ဆက်လက်နေထိုင်ခဲ့ သူများဖြစ်ကြသည်။ ခမာလူမျိုး(၉၀%)၊ ဗီယက်နမ်လူမျိုး(၅%)နှင့် တရုတ်လူမျိုး(၁%) အနွယ်အုပ်စုငယ်များလည်း ပူးတွဲနေထိုင်ကြသည်။ လူဦးရေမှာ ယခင်က ၁၃၈၈၁၄၂၇ (၁၉သန်းနီးပါး)ဦး ရှိခဲ့သည်။

ယခုဆိုလျှင် ၁၅သန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ မြို့တော်မှာ ဖနွမ်းပင်မြို့ဖြစ်၍ လူဦးရေ(၁၁၅၇၀၀၀) တစ်သန်းကျော် နေထိုင်ကြသည်။ ခမာစကားကို အဓိကပြောသော်လည်း ပြင်သစ်စကား၊ အင်္ဂလိပ်စကား များလည်းပြောဆိုကြသည်။

**ဘာသာရေး**

ကိုးကွယ်သည့်ဘာသာမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ၉၅% ရှိပေသည်။ အန်ကောဝပ်ကျောင်းတော်ကြီးသည် ဗုဒ္ဓဘာသာထွန်းတောက်ခဲ့စဉ် တည်ဆောက်ခဲ့သော ကမ္ဘာ့အမွေ အနှစ်စာရင်းဝင် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစွာ လာရောက်လေ့လာကြသည်။

**သယံဇာတနှင့်ထွက်ကုန်သီးနှံများ**

မဲခေါင်မြစ်ဝှမ်းဒေသတလျောက် မြေဩဇာကောင်းမွန်သဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုး ကြသည်။ ပြောင်းနှင့် ရာဘာသီးနှံ၊ ဟင်းသီးဟင်းရွက်များနှင့် အခြားသီးနှံများလည်း စိုက်ပျိုးသည်။ နိုင်ငံထွက်ကုန်မှာ ကျောက်မျက်ရတနာများ၊ ရွှေနှင့် သံမှုန့်ကြမ်းပါ သတ္တုများ၊ မက်ဂနီသတ္တု၊ ဖော့ဆဖိတ်မီးဇုန်းခါတ်ပါ သတ္တုများ ထွက်ပေသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

ဆန်၊ ပြောင်းများ တင်ပို့ခြင်း၊ ရှုးဖိနပ်လုပ်ငန်း၊ စီးကရက် ထုတ်လုပ်မှုများ၊ ရာဘာမှထွက် ကုန်ကြမ်းများ၊ သစ်တောထွက် ပစ္စည်းများ၊ သား ငါး ပုဇွန် ရေလုပ်ငန်းများ၊ ဘိလပ်မြေလုပ်ငန်းများ၊ အဝတ်အထည်ချုပ်လုပ်ခြင်း စသည်တို့မှ ကုန်များကို အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချ သည်။ ယခုခရီးသွားလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိနေပေသည်။ ကမ္ဘောဒီးယားငွေကြေးကို (RIEL)ရီယက်ဟု ခေါ်ဆိုသုံးနှုန်းကြပါသည်။

## သမိုင်းကြောင်းနိုင်ငံရေးရာများ

၁၈၀၀ ခုနှစ်မတိုင်မီ သက္ကရာဇ် ၁၂၀၀ ဝန်းကျင်မှစ၍ ခမာနိုင်ငံသည် ကျယ်ပြန့်သော အင်ပါယာ နိုင်ငံတစ်ခုအဖြစ် ဩဇာကြီးခဲ့သည်။ ဗုဒ္ဓဘာသာဘုရင်စနစ်ဖြင့် ဩဇာကြီးမားခဲ့ခြင်း ဖြစ်ပေသည်။ ခမာလူမျိုးတို့ ဩဇာအာဏာကြီးမားနေစဉ် တရုတ်လူမျိုးနှင့် ဗီယက်နမ်လူမျိုးစုများလည်း နေထိုင်ကြသည်။ ထိုအချိန် အခါက ယနေ့တိုင် ကမ္ဘာ့အမွေအနှစ်အဖြစ် ထင်ရှားသော အန်ကာဝပ်ကျောင်းတော်ကို ခမာဘုရင် များ တည်ဆောက်ခဲ့သည်။ လက်ရာအထူးကောင်းမွန်ဆန်းပြား၍ ယနေ့တိုင်ထင်ရှားကျော်ကြား နေသည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာနေရဆဲ ဖြစ်ပေသည်။ ထိုအချိန်အခါက နယ်မြေသစ်ရှာဖွေနေကြသော ဥရောပမှ စပိန်တို့ဝင်ရောက်စခန်းချလာခဲ့ကြသည်။ ဥရောပနယ်ချဲ့

တို့၏ မူဝါဒအတိုင်း ၁၈၆၃ ခုနှစ်တွင် စပိန်တို့ ကမ္ဘောဒီးယားကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်မှာ ၁၉၅၄ခုနှစ်အထိ ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် စည်းမျဉ်းခံဘုရင်စနစ်အဖြစ် ဘုရင်ကို ရုပ်ပြထားရှိခဲ့ပေသည်။ ထိုအချိန်မှစ၍ ခမာတို့၏ ထင်ရှားမှုနယ်ပယ်သည် ကျုံ့လာနေခဲ့သည်။ တစ်ဘက်တွင် ကမ္ဘာ၌ ကွန်မြူနစ်စနစ်ထွန်းကားလာခဲ့ရာ ထိုစနစ်သည် အရှေ့သို့ အာရှနိုင်ငံများသို့ ပျံ့နှံ့လာခဲ့ပေသည်။ ကွန်မြူနစ်လှုပ်ရှားမှုဖြင့် တိုင်းပြည်များ မငြိမ်မသက်ဖြစ်လာနေကြသည်။

၁၉၇၀ ခုနှစ်တွင် အမေရိကန်လိုလားမှုရှိသော စစ်ဗိုလ်ချုပ်လွန်နော(Lon Nol)သည် နောက်ဆုံး အုပ်ချုပ်နေသော ဘုရင်သီဟာနော့ကို အာဏာသိမ်းပြီး ဘုရင့်နိုင်ငံမှ ပြည်သူ့နိုင်ငံအဖြစ် ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘောဒီးယား ခမာဘုရင်အုပ်ချုပ်ရေးကဏ္ဍသည် နိဂုံးချုပ်လုနီးပါးသို့ ရောက်ခဲ့သည်။ ထိုအချိန်၌ ကွန်မြူနစ်များက တက်ကြွလှုပ်ရှားမှုကြီးမားလာခဲ့သည်။ တောင်ဗီယက်နမ်ရှိ အမေရိကန်တပ်များက ကွန်မြူနစ်များကို ခေတ်မီလက်နက်အားဖြင့် တိုက်ခိုက်လာခဲ့ရာ ပထမတွင် ကွန်မြူနစ်များ ကမ္ဘောဒီးယားသို့ ဆုတ်ခွာရောက်ရှိခဲ့သည်။ ထိုအခါမှစ၍ ကမ္ဘောဒီးယားသည် ကွန်မြူနစ်စိုးမိုးမှု ရက်စက်မှုအောက်သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်က ကွန်မြူနစ်ခေါင်းဆောင် ပိုပေ့နှင့်အဖွဲ့ကြောင့် ပြည်သူသန်းပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရပေသည်။ ကမ္ဘောဒီးယားသမိုင်းတွင် မှတ်တမ်းမှတ်ရာ တစ်ခုဖြစ်လာ

ခဲ့ပေသည်။ ထိုကာလမှာ ၁၉၇၉ ခုမှ ၁၉၈၉ ခုနှစ်အထိဖြစ်ခဲ့ရာ စစ်ဘေးဒဏ်၊ ကွန်မြူနစ်စနစ်ဒဏ်ခံရသော နိုင်ငံတစ်ခုဖြစ်ခဲ့ ပေသည်။

ထိုအချိန်ကာလတွင် မြောက်ဗီယက်နမ် ကွန်မြူနစ်များက တောင်ဗီယက်နမ်ကို အပြင်းအထန် တိုက်ထုတ်နိုင်ရန် ကြိုးပမ်း နေသော ကာလလည်းဖြစ်ရာ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်များ တည်စိုးအာဏာ ကြီးမားလာခဲ့သော ကာလဖြစ်သည့်အပြင် ကမ္ဘောဒီးယားကို ကွန်မြူနစ်များ သိမ်းပိုက်ခဲ့ကြသည်။ ၁၉၈၀ ခုနှစ် တွင် ထိုမြောက်ဗီယက်နမ်တပ်ဝင်လာခဲ့သည်။ အမေရိကန်တို့လည်း တစတစ ဗီယက်နမ်မှ ဆုတ်ခွာ သွားခဲ့ကြရသည်။ ထိုအချိန် ကမ္ဘော ဒီးယားရှိ ရုခမာ တိုက်ခိုက်ရေးသမားများက ထိုင်းနိုင်ငံဘက်သို့ ဆုတ်ခွာသွားခဲ့ကြရသည်။ ၁၉၈၉ခုနှစ်ရောက်သောအခါ ဗီယက်နမ် တပ်များ ဆုတ်ခွာထွက်သွားခဲ့ကြသည်။ စစ်ဘေးဒဏ်ခံ ကမ္ဘော ဒီးယားနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် ၁၉၉၃ ခုနှစ်တွင် ကမ္ဘောဒီးယား အစိုးရသစ်ကို ဖွဲ့စည်းပြီး နိုင်ငံထူထောင်ရေးကို လုပ်ပေးခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသည် စစ်ဘေးဒဏ်မှ လူးလဲ ထလာခဲ့သည်။

သို့သော် ယခင်က ဘုရင်စနစ်အုပ်ချုပ်မှုနှင့် ကွန်မြူနစ်သြဇာ ညောင်းသော နိုင်ငံရေးသမားတို့ အားပြိုင်လာခဲ့ကြသည်။ တစ်ချို့က ခမာဘုရင်များခေတ်ကကဲ့သို့ ဘုရင်ကို ဦးစီးစနစ်လိုလားကြသည်။ ကွန်မြူနစ်ဆန်သော နိုင်ငံရေးသမားများက ပြည်သူ့အုပ်ချုပ်ရေး

စနစ်ကို တည်ထောင်လိုကြသည်။ နောက်ဆုံးတွင် ပြို့ဂ်ဘက်ဘုရင် သိဟာနု၏သားက ရှုံးနိမ့်ခဲ့ပြီး နိုင်ငံရေးခေါင်းဆောင် ဟွန်ဆန်းက အာဏာရယူနိုင်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့တွင် လွတ်လပ်သောနိုင်ငံအဖြစ် လွတ်လပ် ရေးရခဲ့သည်။ ဘုရင်စနစ်ကို အမည်အားဖြင့် စည်းမျဉ်းခံဘုရင်ဟု ခေါ်ဆိုထားရှိသော်လည်း အာဏာ အားလုံးကို လက်ရှိအုပ်ချုပ်သော ဝန်ကြီးချုပ်ဟွန်ဆင်းမှ အုပ်ချုပ်လျက်ရှိနေပေသည်။ လွတ်လပ်ရေးရသည်မှစ၍ စစ်ဘေး၊ စစ်ဒဏ်နှင့် ကွန်မြူနစ်ဒဏ်ခံခဲ့ရသော ဤကမ္ဘောဒီးယားနိုင်ငံသည် အခြားနိုင်ငံများကို ဒုက္ခပေးမှုမရှိဘဲ တိုင်းပြည်ထူထောင်ရေးကို ကြိုးပမ်းနေသော နိုင်ငံငယ်တစ်ခုအဖြစ်လည်းကောင်း၊ အာစီယံနိုင်ငံ အဖွဲ့ဝင်ကောင်း နိုင်ငံတစ်ခုအဖြစ်လည်းကောင်း တွေ့မြင်နေရပါကြောင်း တင်ပြရပေသည်။

************



# အင်ဒိုနီးရှားနိုင်ငံ (Indonesia)






# အင်ဒိုနီးရှားနိုင်ငံ (INDONESIA)

အရှေ့တောင်အာရှနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် နယ်မြေကျယ်ပြန့်သော ကျွန်းစုနိုင်ငံ အဖြစ်ထင်ရှားပါသည်။ ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကျွန်းစုများတွင် နေထိုင်ကြသော်လည်း ကျွန်းစုနယ်မြေများမှာ ကြီးမားစွာတည်ရှိပါသည်။ ထို့ပြင်အာရှ၌လည်းကောင်း၊ ကမ္ဘာ၌လည်းကောင်း၊ မွတ်ဆလင် လူဦးရေအများဆုံးနေထိုင်သော နိုင်ငံကြီးအဖြစ်လည်း လူသိများပါသည်။ ကြည့်ကြပါစို့ . . . .

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

အာရှတိုက် တောင်ဘက်အစွန်းမှ တောင်နှင့်မြောက်သွယ်တန်းနေသော မလေးကျွန်းဆယ်သည် မလေးလူမျိုးတို့ နေထိုင်သော မလေးရှားနိုင်ငံဖြစ်ပါသည်။ မလေးကျွန်းအဆုံးတွင် စင်ကာပူနိုင်ငံတည်ရှိသည်။ စင်ကာပူနှင့် မလေးကျွန်းဆယ်ကို အနောက်မြောက်၊ အရှေ့တောင်ဦးတည်၍ အလွန်ကြီးမားသော အင်ဒိုနီးရှားပိုင် ဆူမားတြားကျွန်းကြီးတည်ရှိသည်။ စင်ကာပူနှင့် ထိုကျွန်းကြီးကြားကို မလက္ကာ ရေလက်ကြားဟုခေါ်သည်။ အင်ဒိုနီးရှားတွင် ကျွန်းပေါင်း ၁၃၆၆၂ ကျွန်းရှိရာ အဓိကအကြီးဆုံးကျွန်းဖြစ်၍ အလျားမိုင် (၁၀၀၀)ခန့်ရှည်၍ အနံမှာ မိုင်(၁၅၀)ခန့် ကျယ်ပြန့်ပေသည်။ စတုရန်းမိုင်ပေါင်း (၁၅၀၀၀၀)တစ်သိန်းငါးသောင်းခန့် ကျယ်ပြန့်

သော ကျွန်းကြီးဖြစ်ပေသည်။ ထိုကျွန်းကြီးမြေကြောနှင့် ဆက်၍ ဂျာဗားကျွန်းကြီး တည်ရှိပါသည်။ ဂျဗားကျွန်းမှာ လူနေများ၍ မြို့တော်ဂျာကာတာတည်ရှိပါသည်။ ဂျဗားကျွန်းသည် အလျားမိုင် (၆၈၀)ရှိ၍ အနံမှာ အကျယ်ဆုံးနေရာမိုင်(၈၀)ခန့် ရှိသည်။ ဂျာကာတာမြို့ တော်၌ လူဦးရေးမှာ -၁၂၂၉၆၀၀၀ (၁၂)သန်းကျော် ရှိပါသည်။ ထိုကျွန်းမှ ဆက်သွားလျှင် ဒုတိယမြို့တော်တည်ရှိသော ဆူရာဘာယာကျွန်းကြီး တည်ရှိပေသည်။ ထိုမှ အရှေ့တည့်တည့် သို့ဆက်၍ ကမ္ဘာလှည့် ခရီးသည်များ စိတ်ဝင်စားသော ဘာလီကျွန်း သည်လည်းကောင်း၊ ဆင်ဘာကျွန်းသည်လည်းကောင်း၊ Flores ဖလိုရပ်ကျွန်းနှင့် အဆုံးတွင် တီမောကျွန်းကြီးတည်ရှိပေသည်။ ထိုကြားထဲ ကျွန်းသေးပေါင်း များစွာတည်ရှိနေပါသည်။ စူမားတရား ကျွန်း၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၏ အရှေ့ဘက်တရုတ် ပင်လယ်တွင် ဘောနီယိုကျွန်းကြီး တည်ရှိပါသည်။ ထိုကျွန်းကြီးမှာ အလျား တောင်မြောက် မိုင်(၈၀၀)ခန့် = အရှေ့နောက်မိုင်(၄၀၀) ခန့်ထိ ကြီးမားပါသည်။ ထိုကျွန်းကြီး၏ တောင်ဘက် လေးပုံသုံးပုံကို အင်ဒိုနီးရှားကပိုင်၍ မြောက်ဘက် လေးပုံတစ်ပုံကို မလေးရှားက ပိုင်ပြီး ထိုနယ်မြေတွင် ဘရူနိုင်းနိုင်ငံပါတည်ရှိနေပါသည်။ ဘော်နီယို ကျွန်းကြီး၏ အရှေ့ဘက်တွင် ဆူလာဝေဆီခေါ် ကျွန်းကြီးနှင့် ၎င်း အရှေ့ဘက်တွင် အေရီယန်ဂျယားခေါ် နယူးဂီနီ NEW GUINEA ကျွန်းကြီးတည်ရှိသည်။ ၎င်းတို့ကြားတွင် ကျွန်းငယ်ပေါင်းများစွာ တည်ရှိပါသည်။ ထို့ကြောင့် အင်ဒိုနီးရှားသည် ကျွန်းကြီးကျွန်းငယ်

ပေါင်းများစွာ တည်ရှိသော ကျွန်းစုအာရှနိုင်ငံတစ်ခုအဖြစ် တည်ရှိနေပါသည်။ အကျယ်အဝန်းစုစုပေါင်းမှာ - ၇၄၁၁၀၀ စတုရန်းမိုင် (ခုနစ်သိန်းခွဲနီးပါး) စတုရန်းကီလိုမီတာအားဖြင့် ၁၉၁၉၄၄၀ မိုင်ရှိပါသည်။ (စတုရန်းကီလိုမီတာ ၂သန်းခန့်) တည်ရှိပါသည်။ မြေမျက်နှာပြင်အနေအထားမှာ ကျွန်းနယ်မြေများဖြစ်သဖြင့် မီးတောင်များ၊ တောင်တန်းကြီးများ၊ သစ်တောကြီးများဖြင့် ပြည့်နှက်နေသော်လည်း စိုက်ပျိုးရေး မြေပြန့်များလည်း ရှိပါသည်။ မီးတောင်ပေါသဖြင့် ငလျင်များလည်း မကြာခဏလှုပ်ခြင်းခံရသည်။ အမှန်မှာ မလေးရှားကျွန်း ဆွယ်မှဆက်၍ ပင်လယ်အောက်မြေကြောသည် ပင်လယ်ထက်ပေါ်လိုက်ငုတ်လိုက်ဖြင့် အရှေ့ဘက်သို့ ဆင်းသွားရာ ကျွန်းများစွာဖြစ်ပေါ်နေသော နယ်မြေများအဖြစ် သုံးသပ်ရပါသည်။

## ရာသီဥတု

အများအားဖြင့် အင်ဒိုနီးရှားကျွန်းတန်းကြီးသည် အရှေ့အနောက် အီကွေတာမျဉ်းနှင့် နီးကပ် စွာပြိုင်လျက်တည်ရှိနေသဖြင့် အီကွေတာရာသီဥတုရှိပါသည်။ အီကွေတာရာသီဥတုမှာ တစ်နှစ်ပတ်လုံး ပူအိုက်ပြီး မိုးရေချိန်ကြောင့် စိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ ကျွန်းအများစုမှာ အီကွေတာတောင်ပိုင်းတွင် တည်ရှိသော်လည်း ဆူမားတြားနှင့် ဘောနီယိုကျွန်းမှာမူ အီကွေတာဖြတ်သန်းနေသဖြင့် အီကွေတာ၏ တောင်မြောက်ဒေသကို ဖြစ်ပေါ်စေပါသည်။

## လူဦးရေနှင့်လူမျိုးစုများ

ရှေးယခင်ကပင် အစိကနေထိုင်ပြီး ဩဇာလွှမ်းခဲ့သော လူမျိုးစုများမှာ ဂျာဗားကျွန်းစုလူမျိုးများ (Javanese)၊ ဆူဒါန်လူမျိုးများ (Sudanese)၊ မဒူရပ်လူမျိုးများ (Madurese)နှင့် မြေပြန့်ကမ်းခြေနေ မလေး(Malay)လူမျိုးစုများ ဖြစ်ကြသည်။ နိုင်ငံခြားမှ ဝင်ရောက်နေထိုင်လာနေသော လူများအနက် တရုတ်လူမျိုးအနည်းငယ်သာ ရှိသော်လည်း လူမှုရေး အုပ်ချုပ်ရေး စီးပွားရေးတို့၌ ဩဇာညောင်းကြသည်။ ဘာဟာဆာ (Bahasa)ဘာသာစကား၊ အင်ဒိုနီးရှားဘာသာစကားနှင့် မလေးရှားဘာသာစကားကို တရားဝင်ပြောဆိုကြသည်။ ဂျာဗား (JAVA) စကားကိုလည်း နယ်များတွင် အလေးထားပြောဆိုကြသည်။

တိုင်းပြည်၏ လူဦးရေစုစုပေါင်းမှာ ၂၄၅၄၅၂၇၃၉ သန်းပေါင်း(၂၄၀)မှ သန်းပေါင်း(၂၅၀)နီးပါး ရှိပါသည်။ ဂျာကာတာမြို့တော်တွင် လူမျိုးပေါင်း(၁၂)သန်းကျော်နေထိုင်ကြသည်။ (၁၂၂၉၆၀၀၀) ဂျာဗားလူမျိုး (၄၅%)၊ ဆူဒန်မျိုးနွယ်(၁၄%)နှင့် မဒူရပ်(၈%)၊ မလေးမျိုးနွယ်(၈%)အသီးသီးရှိကြသည်။

## ဘာသာရေး

ရှေးအခါက ဟိန္ဒူအယူဝါဒနှင့် ဗုဒ္ဓဘာသာထွန်းကားခဲ့သည်။ ဗောရောဗုဒ္ဓေ ခေါ် စေတီကြီးသည် ကမ္ဘာတွင် အကြီးဆုံးသော ဗုဒ္ဓဘာသာစေတီအဖြစ် ယနေ့တိုင်တည်ရှိနေသည်။

နောင်တွင် မွတ်ဆလင်ဘာသာ ကိုးကွယ်မှုများပြားလာသည်။ ယခုဆိုလျှင် မွတ်ဆလင်(၈၈%)ခန့်ရှိသည်။ ခရစ်ယာန်(၉%)နှင့် ဟိန္ဒူအမျိုးအနွယ်ကိုးကွယ်သူများ (၂%)ရှိသည်။ ဗုဒ္ဓဘာသာ (၁%)ခန့် ကိုးကွယ်ကြပေသည်။

## သယံဇာတနှင့်ထွက်ကုန်ပစ္စည်းများ

သဘာဝထွက်ကုန်များမှာ ရေနံ၊ ဓါတ်ငွေ့၊ ဒန်သတ္တု၊ ရွှေ ကြေး၊ ကျောက်မီးသွေးများ ထွက်ရှိ သည်။ စိုက်ပျိုးရေးထွက်ကုန်မှာ- ဆန်စပါးအဓိကစိုက်ပျိုးသည်။ ထို့ပြင် ရာဘာ၊ ကော်ဖီ၊ စားအုန်းဆီ၊ မြေပဲ၊ ငရုတ်ကောင်းစေ့၊ အုန်းပင်ထွက် ပစ္စည်းများ ထွက်ရှိရာ သဘာဝထွက်ကုန်များ ကြွယ်ဝသည်ဟု ဆိုရပါသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

သဘာဝထွက်ကုန်မှ ထွက်သောပစ္စည်းများနှင့် ဆိုင်သော စက်မှုလုပ်ငန်းများ အဝတ်အထည်လုပ်ငန်းများ (အင်ဒိုနီးရှား ပါတိတ်) သတ္တုပစ္စည်းသစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုများပြုလုပ် ပြီး ဂျပန်- အမေရိကန်-တရုတ်-စင်ကာပူများသို့ တင်ပို့သည်။ အထူးသဖြင့် ပါတိတ်အဝတ်အထည်ထုတ်လုပ်ခြင်း၊ စက္ကူချောများ ထုတ်လုပ်ခြင်း၊ ဓါတ်မြေသြဇာထုတ်လုပ်ခြင်း၊ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်း စသည်ဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင် ကြသည်။ ခရီးသွားလုပ်ငန်းကိုလည်း ကျယ်ပြန့်အောင် လုပ်နေကြသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

ရှေးခေတ်အခါကပင် အင်ဒိုနီးရှားကျွန်းစုနေလူတို့သည် အိန္ဒိယနိုင်ငံ၊ ဟိန္ဒူအမျိုးအနွယ်တို့၏ ဩဇာအာဏာလွှမ်းမိုးမှုကို ခံခဲ့ကြရသည်။ ဗုဒ္ဓသာသနာအခြေခံသော အရပ်ဒေသဖြစ်ခဲ့သည်။ အင်ဒိုနီးရှား ၌ ဗိုရိုဗုဒ္ဓအမည်ရှိ စေတီတော်ကြီးသည် ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓစေတီတော်အဖြစ် ထင်ရှားခဲ့သည်။ သက္ကရာဇ် (၁၅၀၀) ခန့်မှစ၍ မွတ်ဆလင်အယူဝါဒကြီးစိုးလာသည်။ ၁၆၀၀ ခုနှစ်လောက်မှစ၍ ဥရောပမှ Dutch ဒတ်ချ် လူမျိုးနယ်မြေရှာဖွေသူတို့သည် အင်ဒိုနီးရှားရှိ ဟိန္ဒူကျွန်းမှစ၍ တစတစအာဏာစိုးမိုးရေးကို လုပ်လာကြသည်မှာ ဒုတိယကမ္ဘာစစ် ဂျပန်များ သိမ်းပိုက်အုပ်ချုပ်သည်အထိ ဖြစ်သည်။ ထိုအချိန်မှစ၍ အင်ဒိုနီးရှား လူတို့က လွတ်လပ်ရေးကြိုးပမ်းလာခဲ့ကြရာ ၁၉၄၅ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ကြသည်။

၁၉၆၂ ခုနှစ်တွင် နယူဂီနီကျွန်းကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာ အင်ဒိုနီးရှားသည် ထိုကျွန်းကြီး၏ တစ်ဝက်ကို သိမ်းယူနိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ် (၃)နှစ်အထိ ကွန်မြူနစ်များ အာဏာသိမ်း အုပ်ချုပ်မှုအောက်တွင် နေခဲ့ကြရသည်။ ထိုအရေးအခင်း၌ စစ်ဗိုလ်ချုပ်ကြီးများလည်း အသက်စတေး ခံခဲ့ကြရသည်။ ၁၉၇၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် ပေါ်တူဂီတို့ သိမ်းပိုက်ထားသော တီမောကျွန်းကို ဝင်တိုက်ခဲ့ကြသည်။ ကုလသမဂ္ဂ မှ အသိအမှတ် မပြုခဲ့ပေ။ ထိုအချိန် ထိုကာလ၌ အငတ်ဘေးနှင့် စစ်တပ်ကြောင့်

တီမောကျွန်း၏ လူဦးရေ သုံးပုံတစ်ပုံနီးပါး လူ(၂)သိန်းခွဲခန့် သေဆုံးခဲ့ကြရသည်။


ထို့နောက် ၁၉၉၉ခုနှစ် ကုလသမဂ္ဂကြားဝင်မှုဖြင့် အရှေ့တီမောသို့ ဩစတြေလျား ငြိမ်းချမ်းရေးတပ်များ ဝင်ရောက်ကာ အရှေ့တီမောလွတ်လပ်ရေး ရခဲ့သည်။ ၂၀၀၂ခုနှစ်၊ မေလ(၂၀)ရက်နေ့တွင် အရှေ့တီမောလွတ်လပ်ရေးရခဲ့သည်။ အင်ဒိုနီးရှားသည် ယခုအခါ ရွေးကောက်ခံသမ္မတနိုင်ငံ Republic အဖြစ် ရပ်တည်နေပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေပါသည်။

************



# လာအိုနိုင်ငံ

# (Laos)


CHINA
CHINA
Black
Red
HANOI
Haiphong
MYANMAR
(BURMA)
Salween
Muang Xay
Ou
Xam Nua
Plateau de
Xiang Khoang
Ca
Gulf of Tonkin
Hainan
LAOS
Nan
Muang Pak-Lay
Ping
Udon Thani
VIETNAM
SOUTH CHINA SEA
Savannakhet
Da Nang
THAILAND
Pakxe
Champasak
Mekong


CHINA
CHINA
Red
Black
MYANMAR
(BURMA)
Salween
Ca
Gulf of Tonkin
Hainan
Nan
Ping
(Viangchan)
SOUTH CHINA SEA
Gulf of Martaban
THAILAND
Mekong
CAMBODIA

# လာအိုနိုင်ငံ (LAOS)

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

လာအိုနိုင်ငံသည် အင်ဒိုချိုင်းနား ကျွန်းစွယ်တွင် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့်အတူ တည်ရှိနေပါသည်။ တိုင်းပြည်အနေအထားမှာ တောင်နှင့် မြောက်သွယ်တန်း တည်ရှိနေပါသည်။ အရှေ့ဘက်တလျှောက် ဗီယက်နမ်နိုင်ငံနှင့် နယ်စပ်ချင်းထိနေပြီး အနောက်ဘက်တလျှောက် ထိုင်းနိုင်ငံ နှင့် နယ်စပ်ချင်းတည်ရှိနေပါသည်။ မြောက်ဘက်တွင် မြန်မာနိုင်ငံနှင့် မိုင်(၁၃၅)မိုင်ခန့်ထိလည်းကောင်း၊ ကျန်မြောက်ဘက်ကို တရုတ်နယ်စပ်အဖြစ်လည်းကောင်း တည်ရှိပါသည်။ တောင်ဘက်ကိုမူ ကမ္ဘောဒီးယားက ပိတ်ဆို့ထားပါသည်။ ဤသို့ဖြင့် လာအိုနိုင်ငံသည် ထိုင်း၊ မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ ဝိုင်းရံထားသော ပင်လယ်ကမ်းနားမရှိသည့် ကုန်းတွင်း အရှေ့တောင်အာရှနိုင်ငံတစ်ခုအဖြစ်တည်ရှိနေပါသည်။ အလျားမိုင် ၈၅၀ခန့် ရှည်၍ အနံမှာ မိုင် ၁၀၀ခန့်သာ ကျယ်သည်။ မြောက်ပိုင်း၌မူ မိုင် ၂၅၀ခန့် ကျယ်ပါသည်။ ဥတ္တရယဉ်စွန်းတန်းဟုခေါ်သော Tropic of Cancer အနီးမြောက်လတ္တီတွတ် ၂၃ဒီဂရီ နှစ်ပိုင်းတစ်ပိုင်းနှင့် မြောက်လတ္တီတွတ် ၁၅ဒီဂရီအကြား တည်ရှိပါသည်။ တိုင်းပြည်၏ စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ ၉၁၄၂၉ စတုရန်းမိုင် (တစ်သိန်းခန့်) ကျယ်ဝန်းပါသည်။ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းများ တောင်တန်းများ

နှင့် ပြည့်နှက်ပြီး တစ်ချို့နေရာ၌ တောခြုံများ ကြမ်းတန်းသော မြေမျက် နှာပြင်များ တောင်ဂမူများဖြင့် တည်ရှိနေသည်။ သို့သော် စိုက်ပျိုးရသော လွင်ပြင်များလည်းရှိရာ စိုက်ပျိုး မှုကိုပြုလုပ်ကြသည်။ မဲခေါင်မြစ်သည် စီးဆင်းနေသော်လည်း ကမ္ဘောဒီးယားသို့ ဝင်သွား သည်ကိုတွေ့ရ သည်။

## ရာသီဥတု

မြန်မာနိုင်ငံအရှေ့ဘက် နယ်စပ်ခြင်းထိနေသော နယ်မြေ ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းမုတ်သုံ ရာသီဥတုရှိသည်။ မိုးရေ ချိန်ရတတ်သည်။ နွေရာသီ နွေဖြစ်သော်လည်း ဆောင်းရာသီတွင် ခြောက်သွေ့၍ တောများ တောင်များထူထပ်သဖြင့် ချမ်းအေးသည်။ နှစ်စဉ် နွေ၊ မိုး၊ ဆောင်း အလှည့်ကျကဲ့သို့ ရာသီဥတု လည်ပတ်မှု ရှိနေပါသည်။

## လူမျိုးစုနှင့် လူဦးရေ

လာအိုလူမျိုးတို့သည် မူရင်းအားဖြင့် တရုတ်ပြည် တောင်တန်း ကုန်းမြင့်ဒေသတို့မှ တစ်စတစ်စ အောက်ဘက်သို့ ပြောင်းရွှေ့လာကြပြီး လာအိုနယ်မြေတွင် အခြေစိုက်နေထိုင်လာ သော လူမျိုးများဖြစ် ကြသည်။ အဓိက လူမျိုးများမှာ လာအိုလူမျိုး တို့ဖြစ်ကြသည်။ ထို့အပြင် လူမျိုးများ၏ ထက်ဝက်ခန့်မှာ တအီ(တီ) လူမျိုး Tai ၊ တိဘက်မြန်မာလူမျိုး၊ မွန်ခမာနှင့် ဗီယက်မွန်

(Vietmuong)လူမျိုးများ ရောနှော နေထိုင်ကြသည်။ အတိအကျ ဖော်ပြရလျှင် လာအိုလုန်း(Lao Loum)လူမျိုး ၈၈%၊ လာအိုသောင်း (တောင်း)လူမျိုး ၂၂%(Lao Theung)၊ မွန်နှင့် ယအိုတို့ပါဝင်သော လာအိုဆောင်း(Lao Soung) လူမျိုးတို့မှာ ၉%ရှိကြသည်။ အဓိက ပြောဆိုသောစကားမှာ လာအိုနိုင်ငံသားစကားဖြစ်သည်။ သို့သော် ပြင်သစ်နှင့် အင်္ဂလိပ်စကားများကိုလည်း အသုံးပြုကြသည်။ တစ်နိုင်ငံလုံးရှိ လူဦးရေမှာ ၆၃၆၈၄၈၁ (၆သန်းခွဲခန့်)ရှိနေပါသည်။ မြို့တော်မှာ ဗီယန့်တိန်ယဉ်(ဗီယက်ရှန်း) (Vientiane) ဖြစ်၍ လူဦးရေ ၇၁၆၀၀၀ (၇သိန်းကျော်) နေထိုင်ကြပါသည်။ ထို့ပြင် လိုအန်ဂါဘန်မြို့၊ ဆဗန်နာခက်မြို့မှာလည်း အရေးပါသော မြို့များဖြစ်ကြသည်။

## ဘာသာအယူဝါဒ

ဗုဒ္ဓဘာသာပြန့်ပွားသောကာလကပင် လာအိုလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ခဲ့ကြသည်။ တစ်စတစ်စ နိုင်ငံခြားတိုင်းပြည်မှ ဝင်ရောက် သိမ်းခံရခြင်း ဘာသာရေးမရှိသော ကွန်မြူနစ်စနစ် အုပ်ချုပ် လာခြင်းတို့ကြောင့် ဗုဒ္ဓဘာသာကိုးကွယ်မှုကျဆင်းလာခဲ့သည်။ သို့သော်လည်း ယခုအထိ နိုင်ငံဘာသာမှာ ဗုဒ္ဓဘာသာဝင်များ များပြားသည်။ လူဦးရေ၏ ၆၀% ဗုဒ္ဓဘာသာနှင့် အခြားသော ၄၀%မှာ ဗုဒ္ဓဘာသာနှင့် ရောနှောသောနတ်ကိုးကွယ်ခြင်းနှင့် အခြားဘာသာများကို ကိုးကွယ်သူများဖြစ်ကြသည်ကို တွေ့ရ သည်။

ဘာသာမဲ့ ကွန်မြူနစ်ဝါဒဖြင့် စိုးမိုးထားသော်လည်း ဗုဒ္ဓဘာသာ ကိုးကွယ်မှုကို တားမြစ်ထား ခြင်းမရှိပေ။

## သံယံဇာတနှင့် စိုက်ပျိုးသီးနှံ

သဘာဝထွက်ကုန်မှာ (Gypsum)ခေါ် သလင်းကျောက်များ၊ (Tin) ခေါ် သံဖြူသတ္တုများ၊ ရွှေနှင့် ကျောက်မျက်ရတနာများသာ ထွက်၍ အခြားအရေးကြီး ရေနံသတ္တုစသည်များ ထွက်ရှိသည်ကို မတွေ့ ရပေ။ ဆန်စပါး စိုက်ပျိုးနိုင်သလောက် စိုက်ပျိုးကြပြီးအခြား သီးနှံများဖြစ်သော (Sweet patato) အာလူးများ၊ ပြောင်း၊ ပဲ၊ သီးနှံများ၊ ကြံပင်၊ ကော်ဖီပင်၊ ဆေးရွက်၊ ဝါဂွမ်းပင်၊ လက်ဖက်နှင့် မြေပဲစသည်ဖြင့် စိုက်ပျိုးကြသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

အာရှအခြားနိုင်ငံများနှင့်စာလျှင် စက်မှုလုပ်ငန်း၊ သတ္တုလုပ်ငန်းစသည်ဖြင့် ထွန်းထွန်းကားကား ထုတ်လုပ်မှုမတွေ့ရပေ။ စက်မှုလုပ်ငန်းတွင် အဝတ်အထည် လုပ်နေခြင်းသာတွေ့ရသည်။ သို့သော် ဆန်စပါးစိုက်ပျိုးခြင်း တိရစ္ဆာန်များမွေးမြူခြင်း၊ သစ်တော ဆိုင်ရာ သဘာဝထွက်ကုန်များ ထုတ်လုပ်ခြင်း၊ သစ်မာများ ထုတ်လုပ်ခြင်း၊ အဝတ်အထည်ထုတ်လုပ်ခြင်းအပြင် ရေအားလျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးသည်ကို တွေ့ရသည်။ အမိကထိုင်းနိုင်ငံ၊ ဗီယက်နမ် နိုင်ငံ၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများသို့ တင်ပို့သည် အမေရိကန်

နှင့်လည်း ကုန်သွယ်မှုတို့ဖြင့် ရှိနေပေသည်။


## သမိုင်းကြောင်းဆိုင်ရာများ

လာအိုလူမျိုးတို့သည် မူရင်းအားဖြင့် တရုတ်ပြည်တောင်ကုန်း၊ တောင်တန်းဒေသများမှ တဖြည်းဖြည်း အောက်သို့ဆင်းလာပြီးလာအိုဒေသတွင် အခြေချနေထိုင်လာကြသူများဖြစ်ကြသည်။ မိမိတို့ လူမျိုးအကြီးအကဲအုပ်ချုပ်မှုစနစ်ဖြင့် နေထိုင်ကြသည်။ ထို့နောက် နိုင်ငံခြားမှ နယ်မြေရှာဖွေသူများ ပြင်သစ် တို့ရောက်လာကြသည်။ နှစ်အနည်းငယ်အကြာ ၁၈၉၃ပြင်သစ်၏ ကာကွယ်ရမည့် မိတ်ဆွေ နယ်မြေဟု သတ်မှတ်ကာ သိမ်းသွင်းအုပ်ချုပ်ခဲ့ကြသည်။ ပြင်သစ်ကိုလိုနီဖြစ်လာခဲ့သည်။ သို့ရာတွင် ၁၉၄၉ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရခဲ့ကြသည်။ ထိုအချိန်အခါက ကွန်မြူနစ်စနစ် ပြန့်ပွားဆဲဖြစ်ရာ ကွန်မြူနစ်များက လွတ်လပ်ရေးရသော လာအိုကို စိုးမိုးအုပ်ချုပ်လာခဲ့ကြသည်မှာ ယနေ့ တိုင်ဖြစ်ပေသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်အတူ ကွန်မြူနစ်များ စိုးမိုးထားသော်လည်း လာအိုနိုင်ငံ၌ ကွန်မြူနစ်များက အခြားနိုင်ငံများကဲ့သို့ ပြင်းထန်မှုမရှိပေ။ ၁၉၈၆ခုနှစ်မှစ၍ ကွန်မြူနစ်စနစ်ဖြစ်သော်လည်း အရင်းရှင်စီးပွားရေးများ ပုဂ္ဂလိကပိုင်ဆိုင်ရေးများကို ထောက်ခံအားပေးခြင်းဖြင့် ဒီမိုကရေစီဆန်ဆန် ဦးတည်လုပ်ဆောင်လာခဲ့ကြသည်။ ဤအချက်သည် အခြားကွန်မြူနစ်များနှင့်စာလျှင် ကမ္ဘာ၌ ကွန်မြူနစ် စနစ်မှ အရင်းရှင်အားပေးသော

ပထမဆုံးနိုင်ငံကဲ့သို့ဖြစ်နေသည်ကိုတွေ့ရသည်။


ထို့နောက် ကွန်မြူနစ် ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့က စီးပွားရေးဦးစားပေးဘက်လိုက်၍ ပြောင်းလဲ လာခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင်မူ အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး နိုင်ငံ၏ထွက်ကုန်များကို အမေရိကန်သို့ တင်ပို့ ရောင်းချလျက်ရှိပါသည်။ လာအိုနိုင်ငံသည် ယနေ့အထိ ကွန်မြူနစ် စနစ် ကွန်မြူနစ်အစိုးကအုပ်ချုပ် နေသော်လည်း တိုင်းပြည်တိုးတက် ရေးအတွက် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အားပေးခြင်း၊ စီးပွားရေးကို အားပေးခြင်းဖြင့် မိမိတို့၏ကံကြမ္မာကို မိမိတို့သာ အေးချမ်းစွာ ဖန်တီးနေသော အခြားသူများကို အနှောင့်အယှက်မပြုသော အာဆီယံနိုင်ငံငယ်တစ်ခုအဖြစ် တွေ့မြင်ရပါ သည်။ ကမ္ဘာ၌ ဆင်ကောင်ရေအများဆုံးနေထိုင်သောနိုင်ငံအဖြစ်လည်း မှတ်တမ်း တင်ထားရသော ကုန်တွင်း နိုင်ငံငယ်တစ်ခုဖြစ်ပါသည်။

************



# မလေးရှားနိုင်ငံ

# (Malaysia)






# မလေးရှားနိုင်ငံ (MALAYSIA)

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

မလေးရှားနယ်မြေသည် (၂)ပိုင်းကွဲပြားနေပါသည်။ မြန်မာနိုင်ငံကမ်းရိုးတန်းသည် တောင်ဘက် ကော့သောင်းမြို့တွင် ပြီးဆုံးသည်။ လက်လက်သွားလျှင် ထိုင်းကမ်းရိုးတန်းနယ်မြေဖြစ်ပြီး၊ ဟက်ချိုင်(ခေါ်) နယ်စပ်မြို့မိုင်(၂၈၀)ခန့် ရှည်လျားသည်။ ထိုမှဆက်၍ ခြေထောက်သဖွယ်တွဲလောင်းကျနေသော မိုင်(၄၀၀)ခန့်ရှည်သော ကျွန်းဆယ်မှာ ပသျှူးကျွန်းဆွယ်ခေါ် မလေးကျွန်းဆွယ်ဖြစ်သည်။ အနံမှာ အကျယ်ဆုံးနေရာ၌ မိုင်(၁၈၀)ခန့်ရှိသည်။ မလေးရှားနိုင်ငံအဆုံးတွင် စင်ကာပူနိုင်ငံတည်ရှိသည်။ မလေးရှားနိုင်ငံ၏ အနောက်ဘက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ စူမားတြားကျွန်းကြီးရှိရာ မလေးရှား၊ အင်ဒိုနီးရှားကြားမှာ ရေလက်ကြားဖြစ်နေသည်။ မလက္ကားရေလက်ကြားဟုခေါ်သော ထိုရေလက်ကြားသည် ထင်ရှားသည်။ အရှေ့ဘက်ရှိ ဂျပန်၊ တရုတ်သို့သွားလျှင် ထိုရေလက်ကြားကိုဖြတ်၍ သွားကြရသည်။ ဤကား (၂)မိုင်းကွဲနေသော မလေးရှားနယ်မြေ၏ ပထမပိုင်းနယ်မြေဖြစ်ပေသည်။ ကွာလာလန်ပူမြို့တော် သည် ထိုကျွန်း၌ တည်ရှိသည်။ မလက္ကားမြို့လည်းတည်ရှိသည်။

ထိုကျွန်းဆွယ်၏အရှေ့ဘက်တွင် တောင်တရုတ်ပင်လယ်ရှိသည်။ ထိုပင်လယ်ကိုဖြတ်၍ မလေးကျွန်းဆွယ်မှ မိုင်ပေါင်း(၇၀၀)

ခန့် အကွာအဝေးတွင် ဘော်နီယို(ခေါ်)ကျွန်းကြီးတစ်ကျွန်း တည်ရှိသည်။ ထိုကျွန်းကြီးသည် အလျားမိုင် (၈၀၀)၊ အနံမိုင်(၅၅၀)ခန့် ကျယ်ဝန်းသည်။ ထိုကျွန်းကြီး၏ အောက်ဘက် တောင်ပိုင်း လေးပုံသုံးပုံကို အင်ဒိုနီးရှားကပိုင်ပြီး မြောက်ဘက် လေးပုံတစ်ပုံကို မလေးရှားကပိုင်ပါသည်။ ထိုနယ်မြေကို ဆားဗားပြည်နယ်နှင့် ဆရာဝတ်ပြည်နယ်ဟုခေါ်ဆိုပါသည်။ ထိုပြည်နယ်(၂)ခုကြားတွင် ဘရူနိုင်းနိုင်ငံတည်ရှိပါသည်။ တောင်မြောက်မိုင်(၆၅၀)ခန့်ရှည်ပြီး အနံအကျယ်မှာ မိုင်(၁၀၀)နီးပါးခန့် ရှိပါသည်။ ထိုသို့နယ်မြေ(၂)ခု ပေါင်းလိုက်မှ မလေးရှားနိုင်ငံ ဖြစ်လာပါသည်။ အလယ်တွင် တောင်တရုတ် ပင်လယ်ရှိပါသည်။ အနောက်ဘက် မလေးကျွန်း ဆွယ်တလျှောက် တောင်တန်းကြီးများတည်ရှိသော်လည်း မြေပြန့် များရှိပြီး စိုက်ပျိုးနေထိုင်ကြသည်။ ဆာဗားနှင့် ဆရာဝတ်ပြည်နယ် တွင် တောတောင်ထူထပ်ပြီး သစ်တောများထူထပ်သည်။ ကမ်းရိုး တမ်းတလျောက်တွင်မူ မြေပြန့်များရှိသည်။ စုစုပေါင်းဧရိယာ အကျယ် အဝန်းမှာ ၁၂၇၃၁၇ စတုရန်းမိုင် (၃၂၉၇၅၀ စတုရန်း ကီလိုမီတာ)ရှိပါသည်။ မလေးကျွန်းဆွယ်အနောက်ခြမ်းတွင် မြို့တော်ကွာလာလမ်ပူတည်ရှိပြီး လူဦးရေ(၁၃၅၂၀၀၀)တစ်သန်း ခွဲခန့် နေထိုင်ကြသည်။ မြောက်လတ္တီတွတ် ၆ဒီဂရီနှင့် ၁ဒီဂရီအကြား ၌လည်းကောင်း၊ အရှေ့လောင်ဂျီတွတ် ၁၀၀ဒီဂရီနှင့် ၁၂၅ ဒီဂရီ အကြားတွင် မလေးရှားနယ်မြေနှစ်ခု တည်ရှိနေပါသည်။

## ရာသီဥတု

မလေးရှားနိုင်ငံ(၂)ပိုင်းလုံးသည် မြောက်လတ္တီတွတ် ၆ဒီဂရီနှင့် ၁ဒီဂရီ အီကွေတာအနီး ကျရောက်နေပါသည်။ သို့အတွက်ဆောင်း၊ နွေ အနည်းငယ်ပြောင်းလဲဖြစ်ပေါ်မှု အနည်းငယ်သာရှိ၍တစ်နှစ်ပတ်လုံး ပူအိုက်စွတ်စိုသော မုတ်သုန်ရာသီဥတုရှိနေပါသည်။

## လူဦးရေနှင့် လူမျိုးစုများ

လူဦးရေအားလုံး၏ ထက်ဝက်ကျော်မှာ မလေးလူမျိုးများဖြစ်ကြသည်။ တရုတ်လူမျိုးစုများမှာလည်း လူဦးရေ လေးပုံတစ်ပုံခန့်သို့ ရောက်ရှိနေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ လူမျိုးစုများနှင့်ကမီလူမျိုးစုတို့သည်လည်းကောင်း၊ အင်ဒိုနီးရှားလူမျိုးစုတို့သည်လည်းကောင်း အုပ်စုလိုက်နေထိုင်ကြပါသည်။ လူဦးရေ စုစုပေါင်းမှာ၂၃၉၅၃၁၃၆ (၂၄ သန်းခန့်)ရှိပါသည်။ ၎င်းတို့ထဲတွင် မလေးမျိုးနွယ်(၅၈%)၊ တရုတ် (၂၄%)နှင့် အိန္ဒိယမျိုးနွယ်(၈%)တို့ ပါဝင်ကြပါသည်။ ဘာသာစကားများတွင် နိုင်ငံ၏တရားဝင်ဘာသာ စကားမှာ မလေးစကားကို ပြောဆိုသုံးနှုန်းကြပါသည်။ ထို့ပြင် တရုတ်စကား၊ အိန္ဒိယစကား၊ အင်ဒိုနီးရှား စကားမျိုးများလည်း သုံးစွဲကြပါသည်။ မြို့တော်မှာ ကွာလာလမ်ပူမြို့ဖြစ်၍ လူဦးရေ ၁၃၅၂၀၀၀(တစ်သန်း ခွဲခန့်)နေထိုင်ကြပါသည်။ တချို့နယ်စပ်နေရာများ၌ထိုင်းစကား၊ အရှေ့ဘက်တွင် ban စကား၊ ကာဒါဇန် Kadazanစကားတို့ကို ပြောဆိုကြပါသည်။

## ဘာသာရေး

နိုင်ငံတော်တရားဝင်ကိုးကွယ်သော ဘာသာမှာ မွတ်ဆလင်ဘာသာဖြစ်သည်။ (၆၀%)အထက် ကိုးကွယ်မှုရှိသည်။ ယခင်က ဗုဒ္ဓဘာသာကျယ်ပြန့်စွာရှိခဲ့သော်လည်း ယခုအခါ ဗုဒ္ဓဘာသာ (၁၉%)ခန့် သာကျန်ရှိသည်။ ခရစ်ယာန်ဘာသာကိုးကွယ်မှု (၉%)နှင့် ဟိန္ဒူအယူဝါဒ(၆%)ရှိသည်။ ကွန်ဖြူးရှပ် နှင့် တာ့အိုစ် Toist ကိုးကွယ်မှု (၃%)ခန့်ရှိကြပါသည်။

## သယံဇာတနှင့် ထွက်ကုန်ပစ္စည်းများ

သံဓါတ်သတ္တုမှုန့်၊ ရေနံ သဘာဝဓါတ်ငွေ့၊ ကြေးနီ၊ သွတ်သတ္တုပစ္စည်း၊ ပလက်တီနံ(ရွှေဖြူ)၊ ရာဘာ၊ စားအုန်းဆီ၊ သစ်မာ၊ သစ်လုံးများ သစ်တောထွက်ပစ္စည်းများသည် မလေးရှား နိုင်ငံ၏ သဘာဝ ထွက်ရှိသော သယံဇာတပစ္စည်းများ ဖြစ်ကြသည်။ စက်မှုထွက်ကုန်ပစ္စည်းများမှာ စက္ကူများထုတ်လုပ်ခြင်း၊ စားအုန်းဆီချက်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ဓါတုဗေဒ ပစ္စည်းထုတ်လုပ်ခြင်း၊ ရာဘာလုပ်ငန်းမှ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သစ်တောဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းစသည်ဖြင့် ထုတ်လုပ်ပြီး၊ အမေရိကန်၊ စင်ကာပူ၊ ဂျပန်၊ တရုတ်နိုင်ငံများသို့ တင်ပို့သည်။ စိုက်ပျိုးရေး သီးနှံမှာ အဓိက ဆန်းစပါး စိုက်ပျိုးကြသည်။ ကော်ဖီစေ့များလည်း စိုက်ပျိုးကြသည်။ ငွေကြေးမှာ စင်ကာပူ နိုင်ငံလောက် တန်ဖိုးမကြီးသော်လည်း ခိုင်မာသည့်ငွေကို

Ringit ရိန်ဂိတ် ဟုခေါ် ဆိုသုံးစွဲကြသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

ဥရောပတိုက်မှ စပိန်နှင့်ပေါ်တူဂီကုန်သည်များသည် (၁၃) ရာစုနှစ်မှစ၍ မလေးရှားသို့ ကုန်သွယ် ရေးအတွက် ရောက်ရှိလာခဲ့ကြသည်။ ဟင်းခေတ်အမွှေးအကြိုက်ကစ၍ ဆာရဝတ်ပြည်နယ်၊ ဆာဗား ပြည်နယ်တို့တွင် လာရောက်ပြီး၊ ဆက်သွယ်လုပ်ကိုင်ကြသည်။ ခြေကုတ်စခန်းများအဖြစ် ကြိုးပမ်းလာသည်။ သို့သော် နောက်ပိုင်းတွင် ဒတ်ချ်နှင့် ဗြိတိသျှတို့ အပြိုင်အဆိုင်ဝင်ရောက်လာကြသည်။ နောက်ဆုံးတွင် အားပြိုင်းမှု၌ ဗြိတိသျှတို့က အသာစီးရပြီး၊ ၁၉ ရာစုခေတ်မှစ၍ မလေးရှားကို ခြေကုတ်ယူခဲ့သည်။ သို့သော် ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့တွင် မလေးရှားကို လွတ်လပ်ရေးပေးအပ်ခဲ့ရသည်။ ထို့နောက် ၁၉၆၃ ခုနှစ်တွင် ပင်မ မလေးရှား၊ စင်ကာပူပြည်နယ်၊ ဆားဗားပြည်နယ်၊ ဆာရဝတ်ပြည်နယ်ကိုပေါင်းပြီး မလေးဖက်ဒရက်ပြည်နယ်အဖြစ် ဖွဲ့စည်းခဲ့သည်။ သို့သော် ထိုအဖွဲ့မှ စင်ကာပူနှုတ်ထွက်ပြီး လွတ်လပ်ရေးရယူနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ကျန်ပြည်နယ်များပေါင်းကာ မလေးရှားနိုင်ငံအဖြစ် စာစီ တစ်လုံးတည်း ရပ်တည်လာသည်။ နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။ သို့သော် ထူးခြားသည်မှာ လွတ်လပ်သော ပါလီမာန်ဖက်ဒရယ် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံဖြစ်သော်လည်း၊ ဘုရားစနစ်ကို ဆက်လက်

ထားရှိကြသည်။ နယ်စားစော်ဘွားများကိုလည်း မပျက်ထားရှိကြသည်။ အာရှတိုက်၌ စီးပွားရေးတိုးတက်သော အာဆီယံနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည်တွေ့ရပါသည်။

************



# မြန်မာနိုင်ငံ

# (Myanmar)






# မြန်မာနိုင်ငံ (MYANMAR)

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၌ လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် တည်ရှိနေပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၌ အာစီယံနိုင်ငံအဖွဲ့ဝင်အနေဖြင့်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။ မြန်မာနိုင်ငံအကြောင်း မြန်မာတို့သိပြီးသား ဖြစ်သော်လည်း နိုင်ငံတကာမှ ရေးသားသော ပထဝီအမြင်တွင် မည်သို့ရေးသားထားသည်ကို ဖော်ပြလို၍ လည်းကောင်း၊ မြန်မာ တို့သိသင့်သည်ထင်၍လည်းကောင်း၊ မြန်မာမဟုတ်သူများကလည်း မြန်မာ အကြောင်းသိစေလို၍လည်းကောင်း ချန်လှပ်ထားခြင်းမပြုဘဲ အာစီယံနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအကြောင်း ထည့်သွင်း ရေးသားရခြင်း ဖြစ်ပါသည်။

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

အိန္ဒိယနိုင်ငံ၏တောင်ဘက် အိန္ဒိယသမုဒ္ဒရာမှနေ၍ အိန္ဒိယကမ်းခြေတလျှောက် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ၊ ထိုင်းတို့ကို ဂငယ်ပုံသဏ္ဌာန်ပတ်၍ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ် စသော ပင်လယ်ငယ်များတည်ရှိသော ကမ်းရိုးတန်းရှိပါသည်။ ထိုဘင်္ဂလားပင်လယ်ကို အနောက်ဘက်သို့ မျက်နှာမူ၍ မိုင်ပေါင်း ၁၀၀၀ခန့်ရှည်လျားသော ကမ်းရိုးတန်းရှိသော နိုင်ငံသည် မြန်မာ

နိုင်ငံဖြစ်ပါသည်။ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မိုင်(၁၄၀)ခန့် နယ်စပ်ချင်းထိနေပြီး၊ အိန္ဒိယနှင့် မိုင်(၆၀၀)ခန့် ထိစပ်နေပါသည်။ မြောက်ဘက်နှင့် အရှေ့မြောက်တွင် တရုတ်နိုင်ငံနှင့် မိုင်(၈၀၀)ခန့် လာအိုနှင့် မိုင်(၁၃၅)ခန့် အရှေ့တောင်ပိုင်းတွင် ထိုင်းနှင့်မိုင်(၁၀၀၀)ခန့်ဆက်စပ် တည်ရှိပါသည်။ ထို့ကြောင့် ယခင်က ဗမာနိုင်ငံဟုခေါ်ခဲ့သော မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်ကို မျက်နှာမူ၍ အိမ်နီးချင်း(၅)နိုင်ငံ ဝိုင်းရံထားသော အာရှအရှေ့တောင်ပိုင်းနိုင်ငံတစ်ခုဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်အနေအထားမှာ အနောက်ဘက်၌ ရခိုင်ရိုးမတောင်တန်းကြီးသည် မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းလျက်ရှိသည်။ မြောက်ဘက်ဒေသသည် တောတောင်ထူထပ်ပြီး အရှေ့ဘက်တွင် ရှမ်းကုန်းပြင်မြင့်တည်ရှိသည်။ ပဲခူးရိုးမတောင်တန်းကဲ့သို့ တောင်တန်းငယ်များရှိသည်။ မြေမျက်နှာပြင်မှာ ထိုကဲ့သို့ အနောက်မြောက် အရှေ့တို့တွင် တောင်များရှိသော်လည်း အလယ်တွင်မူ မြင်းခွာသဏ္ဍာန်မြေပြန့်များရှိသည်။ ဧရာဝတီမြစ်၊ စစ်တောင်မြစ်၊ ချင်းတွင်းမြစ်တို့သည် ထိုဒေသတွင်ရှိပြီး မြေပြန့်ကို မြေဩဇာကောင်းစေကာ စိုက်ပျိုးရေး ဖြစ်ထွန်းကြသည်။ မြစ်များမှာ ဘင်္ဂလားပင်လယ်ထဲသို့ စီးဝင်သွားကြသည်။ မြေပြန့်တွင် လူဦးရေထူထပ်စွာ နေထိုင်ကြသည်။ ယခင်က ရန်ကုန်မြို့သည် မြို့တော်ဖြစ်သော်လည်း ယခုနေပြည်တော်သည် မြို့တော်အဖြစ် တည်ရှိနေသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၂၆၁၉၇၀ ရှိသည်။

(၂သိန်း ၆သောင်းကျော်)စတုရန်းကီလိုမီတာအားဖြင့် ၆၇၈၅၀၀ ကီလိုမီတာရှိပါသည်။ ရန်ကုန်မြို့တော်တွင် ယခင်က စာရင်းအရ လူဦးရေ ၃၈၇၄၀၀၀ ရှိခဲ့ဟုဆိုသော်လည်း ယခုအခါ ၂ဆခန့်ပိုများသည်ဟု သိရပါသည်။ ပထဝီအရ တည်နေရာဖော်ပြရလျှင် မြန်မာနိုင်ငံသည် မြောက်လတ္တီတွတ် ၁၀ ဒီဂရီနှင့် ၂၇ ဒီဂရီကြားတွင်ရှိသည်။ အရှေ့လောင်ဂျီတွတ်မျဉ်း ၉၂ဒီဂရီ ၁၀မိနစ်နှင့် အရှေ့လောင်ဂျီတွတ် ၁၀၁ ဒီဂရီကြားတွင် တည်ရှိပါသည်။

## ရာသီဥတု

ပူအိုက်စိုစွတ်သော မုတ်သုန်ရာသီဥတုရှိသော်လည်း နွေမိုးဆောင်းဟူ၍ ရာသီ(၃)ရာသီမှာ မျှတစွာ ဖြစ်ပေါ်နေတတ်သည်။ မိုးရာသီနှင့် နွေရာသီအကူးအထိ မိုးရေချိန်ရရှိသည်။ စိုစွတ်မှုရှိသည်။ သို့သော် ဆောင်းရာသီ၌ ခြောက်သွေ့၍ အေးချမ်းသည်။ အထူးသဖြင့် မြောက်ပိုင်းတောတောင်ထူထပ်သော ဒေသများတွင် အအေးဓါတ်ရရှိသည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်သည် ဗန်းမော်မြို့အထက်မှာ သမပိုင်းဇုံ၌ကျရောက်နေရာ မြောက်ပိုင်းအရပ်သည် အအေးပို၍ရသည်။ မြောက်ပိုင်း အချို့မြင့်မားသော တောင်များ၌ ဆီးနှင်းများထူထပ်စွာ ကျရောက်တတ်သည်။ မြေပြန့်၌မူ အသင့်အတင့်သာအေးသည်။ မိုးရေရရှိသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းသည့်အပြင် တောတောင်သစ်ပင်များ ရှင်သန်ပေါက်ရောက်ကြသည်။

## လူဦးရေနှင့် လူမျိုးစုများ

မြန်မာနိုင်ငံ၌ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား စသည်ဖြင့် လူမျိုးစုများ (၁၃၅)မျိုး စုပေါင်းနေထိုင်ကြသည်။ လူဦးရေအားလုံး၏ သုံးပုံနှစ်ပုံမှာ ဗမာလူမျိုးများဖြစ်၍ ရှမ်းလူမျိုးတို့မှာ နိုင်ငံ၏ (၁၀%)ခန့်ရှိသည်။ ထို့ပြင် ကရင်လူမျိုး (၇%)နှင့် ရခိုင်လူမျိုး(၄%)ခန့်သာ ရှိကြသည်။ အခြားသော မွန်၊ ကယား လူမျိုးစုငယ်အများအပြားလည်းရှိကြသည်။ တရုတ်မျိုးနွယ်စုများ၊ အိန္ဒိယ မျိုးနွယ်စုများမှာလည်း ရောနှောနေထိုင်ကြသည်။ တရုတ်တို့သည် မြောက်ဘက်မှ စိမ့်ဝင်နေပြီး၊ ဘင်္ဂါလီ လူမျိုးမှာ အနောက်ဘက်ဘင်္ဂလားဒေသမှ တိုးဝင်လာနေကြသည်။ လူဦးရေစုစုပေါင်းမှာ ယခင်စာရင်းအရ ၄၇၃၈၂၆၃၃ (၄၇)သန်းကျော်ရှိသည်ဟုဆိုသော်လည်း ယခုစာရင်းအရ (၅၃)သန်းကျော်ရှိသည်ဟု သိရပေသည်။ ဘင်္ဂါလီကုလားတို့သည် တိုင်းရင်းသားမဟုတ်ကြပေ။ ဗမာစကားနှင့် ဗမာစာသည် အများစု အသုံးပြုသော ရုံးသုံးစကားဖြစ်သည်။ ပြည်နယ်များတွင် လူမျိုးအလိုက်လည်းကောင်း ကိုယ့်ဘာသာစကားကို ပြောဆိုကြသည်။ ယခင်က ရန်ကုန်မြို့သည် နိုင်ငံ၏မြို့တော်ဖြစ်သော်လည်း ယခုနေပြည်တော်ကို မြို့တော်အဖြစ် သတ်မှတ်ထားသည်။ သို့ဖြင့် မန္တလေးမြို့သည်လည်း တတိယမြို့တော်အဖြစ် တည်ရှိလာနေသည်။

**ဘာသာရေး**

နိုင်ငံရှိ လူဦးရေ၏ (၉၀%)မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ စေတီဘုရားပုထိုးတို့ဖြင့် ပြည့်နှက်နေ၍ Golden Land ရွှေရောင်လွှမ်းသော မြေဟု နိုင်ငံခြားသားများက ဆိုကြပါသည်။ ဗုဒ္ဓဘာသာ (၈၉%)၊ ခရစ်ယာန်(၄%)၊ မွတ်ဆလင်(၄%)ရှိပြီး၊ အခြားဒေသန္တရအလိုက် နတ်ကိုးကွယ်မှုလည်း အနည်းငယ်ရှိကြသည်။

**သံယံဇာတနှင့် ထွက်ကုန်ပစ္စည်းများ**

မြန်မာနိုင်ငံသည် သဘာဝတွင်းထွက်ပစ္စည်းများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ အထူးသဖြင့် ရေနံနှင့် ဓါတ်ငွေ့များသုံးမကုန်နိုင်အောင် ပေါများသည်။ ထို့ပြင် တွင်းထွက်ကျောက်မျက်ရတနာများ လည်းပေါကြွယ်ဝသည်။ ကျောက်စိမ်း၊ ပတ္တမြား၊ ကျောက်မီးသွေး၊ သံဖြူ၊ ခဲ၊ ကြေးနီ၊ ခနောက်စိမ်း Antimony နှင့် ပျဉ်းကတိုးသစ်၊ အဖြိုက်နက်သတ္တု Tungstan စသည်နှင့် ကျွန်းသစ်၊ သစ်တောထွက်ပစ္စည်း၊ ပင်လယ်ထွက်သားငါးပုဇွန်များ ပေါကြွယ်ဝသည်။

သဘာဝပစ္စည်းအပြင် မြန်မာနိုင်ငံသည် ဆန်စပါးကို အလေးထားစိုက်ပျိုးရာ အရှေ့အာရှတွင် ဆန်ရေစပါးပေါများကြွယ်ဝသည်။ နိုင်ငံများသို့လည်း တင်ပို့နိုင်ခဲ့သည်။ ထို့အပြင် ရာဘာထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် စိုက်ပျိုးရေးသီးနှံများကြွယ်ဝပေါများသည်။ ကမ္ဘာပေါ်သို့ သစ်မာများတင်ပို့သောနိုင်ငံမှာ

အစဦးက မြန်မာနိုင်ငံဖြစ်ခဲ့သည်။ ထိုအထဲတွင် ပျဉ်းကတိုး၊ ကျွန်း သစ်များသည် ထင်ရှားသည်။

ထွက်ကုန်အနေဖြင့် ဆန်စပါး၊ ဓါတ်ငွေ့ ရေနံများအပြင် စက်မှုစီးပွားရေးလုပ်ငန်းများ လုပ်သော်လည်း အခြားနိုင်ငံများနှင့် စာလျှင် နောက်ကျနေသည်။ အဝတ်အထည်ရက်လုပ်ခြင်းများ၊ ရာဘာပစ္စည်း ထုတ်လုပ်ခြင်း၊ ဓါတ်မြေသြဇာထုတ်လုပ်ခြင်း၊ သတ္တု များထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းများကို နိုင်ငံတော်က ကြီးဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတကာနှင့်စာလျှင် နောက်ကျနေသည်ကို တွေ့ရသည်။ ယခုအခါ ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ပင်လယ် ကမ်းရိုးတန်းမိုင်ပေါင်း(၁၀၀၀)ခန့်ရှည်၍ သားငါးပုဇွန်ပေါများပြီး ဝမ်းစာဖူလုံသည်။ သားငါးပုဇွန်ကို နိုင်ငံတော်က ကြီးကြပ်၍ စနစ် တကျ နိုင်ငံခြားသို့ပို့ရန် လုပ်ဆောင်နေမှုများ နည်းပါးနေသည့်အပြင် ပုဂ္ဂလိကတို့က ဖမ်းယူပြီး အိမ်နီးနားချင်းနိုင်ငံများ တင်ပို့နေကြ သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသည် အာရှနိုင်ငံများတွင် သံယံဇာတကြွယ်ဝခြင်း၊ စိုက်ပျိုးသီးနှံကြွယ်ဝခြင်းတို့ဖြင့် ကျော်ဇော သော်လည်း ပြည်သူအများစုမှာ ဆင်းရဲပြီး မတိုးတက်သည်ကို တွေ့ရသည်။ အထူးသဖြင့် စက်မှုလုပ်ငန်း၌ ခေတ်နောက်ကျနေပြီး မြောက်ပိုင်းဒေသ၌ မူးယစ်ဆေးဝါးထွက်ရှိမှု၊ ရောင်းဝယ်မှုများ ကြောင့် ကမ္ဘာ၌ နာမည်ဆိုးဖြင့် ထင်ရှားသော စာရင်းတွင် ပါဝင် နေပေသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

မြန်မာနိုင်ငံတွင် အများစုနေထိုင်သော ဗမာနှင့် တိုင်းရင်းသားမျိုးနွယ်စုတို့သည် မွန်ဂိုမျိုးနွယ်စုများဖြစ်၍ ရှမ်းကုန်မြင့်ဒေသများသို့ ဦးစွာရောက်ရှိပြီး၊ မြေဩဇာကောင်းမွန်သော ဧရာဝတီမြစ်မြေပြန့်များသို့ လာရောက်နေထိုင်ကြသူများဖြစ်သည်ဟု ဆိုပါသည်။ လူမျိုးစုတို့သည် ကုန်းမြင့်မှ အောက်သို့ ဆင်းလာခဲ့ကြရာ တစ်ချို့မှာ မြန်မာနိုင်ငံသို့ ရောက်၍ တစ်ချို့မှာ ထိုင်း၊ ကမ္ဘောဒီးယားဘက်နယ်မြေသို့ သွားရောက်နေထိုင်ကြရင်း နိုင်ငံအလိုက် ကွဲပြားသွားကြသည်ဟု ဆိုပါသည်။ ဤကား မူရင်းမြန်မာနှင့် အာရှအိမ်နီးချင်းနိုင်ငံများ၏ သမိုင်းကြောင်းအစဟု ဆိုကြပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လာရောက်နေထိုင်သူများမှာ စိုက်ပျိုးရေးကောင်းသဖြင့် လူဦးရေစည်ကားတိုးပွားလာခဲ့သည်။ မြို့ရွာ တည်ထောင်ပြီး အကြီးအကဲမှတဆင့် ဘုရင်များအုပ်ချုပ်သည့်ခေတ်သို့ ရောက်လာခဲ့ကြသည်။ ၁၈ ရာစု အကုန်တွင် ဗြိတိသျှတို့နှင့် စစ်ဖြစ်ပြီး မြန်မာပြည်သည် ဗြိတိသျှကိုလိုနီဘဝသို့ သက်ဆင်းခဲ့ရသည်။ ၁၉၃၇ ခုနှစ်မှစ၍ အင်္ဂလိပ်နယ်မြေဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၄၅ ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ မြန်မာတို့သည် အင်္ဂလိပ်ကို ဂျပန်အကူအညီဖြင့် တိုက်ထုတ်ခဲ့ပြီး ဂျပန်တို့ဆက်ဆံမှု ဆိုးဝါးလာရာ ဂျပန်အုပ်ချုပ်ရေးကိုလည်း အင်္ဂလိပ်နှင့်ပေါင်းကာ ပြန်လည်တော်လှန်ခဲ့ကြသည်။ ဗြိတိသျှတို့ထံမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်တွင် လွတ်လပ်ရေး

ရခဲ့သည်။ သို့သော် လူမျိုးစု ကရင်တိုင်း ရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားများ စသည်ဖြင့် သူတို့နယ်မြေလွတ်လပ်ရေးအတွက် ပုန်ကန်ခဲ့ကြရာ မြန်မာနိုင်ငံသည် သူပုန်သောင်းကျန်းမှုတို့နှင့် ရင်ဆိုင်ဖြေရှင်းနေခဲ့ရသည်။ သူပုန်များကိုထိန်းထားပြီး တိုင်းပြည်အုပ်ချုပ်ရေးကို ရရှိခဲ့သော်လည်း ပါတီနိုင်ငံရေးသယ်ချင်း အင်အားပြိုင်ခဲ့ကြရာမှ ၁၉၆၂ ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အုပ်ချုပ်နေသော စစ်အစိုးရသည် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထောင်ခဲ့သည်။ အခြေခံဥပဒေကို ပယ်ဖျက်၍ တရားဥပဒေစိုးမိုးရေးကောင်စီဖွဲ့ကာ အုပ်ချုပ်ခဲ့ကြသည်။ ၁၉၉၀ ခုနှစ်တွင် ရွေးကောက်ပွဲ တစ်ရပ်ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့မှ အနိုင်ရခဲ့သော်လည်း စစ်အုပ်ချုပ်သူတို့က နိုင်ငံရေးသမားများကို ဖမ်းဆီးထောင်ချခဲ့သည်။ စစ်အုပ်ချုပ်သူတို့သည် ထိုအချိန်မှ စ၍ ဗမာပြည်အစား မြန်မာပြည်ဟု ပြောင်းလဲခေါ်ဆောင်ခဲ့သည်။ ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလတွင် အုပ်ချုပ်သူစစ်တပ်အကြီးအကဲက အနားယူပြီး နိုင်ငံအတွက် လွှတ်တော်တစ်ရပ်ကို ထူထောင်ရန် ရွေးကောက်ပွဲ ကျင်းပခဲ့ကြသည်။ ထိုအချိန်က ကြံ့ခိုင်ရေးပါတီမှ အနိုင်ရပြီး၊ အုပ်ချုပ်ရေးအာဏာကို ရယူခဲ့ကြသည်။ ထို့နောက် ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ ဝင်ရောက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ထိုပါတီမှ အပြတ်အသတ်အနိုင်ရပြီး အစိုးရအဖွဲ့ကာ ၂၀၂၀ခုနှစ်ထိ အုပ်ချုပ်

မည်ဟု ခန့်မှန်းရပါသည်။ နိုင်ငံရေးအရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဖြင့် အစိုးရဖွဲ့ကြသည်။ သမ္မတကို အာဏာပေး စနစ်ရှိခဲ့သော်လည်း ယခုအခါ အတိုင်ပင်ခံရာထူးဖြင့် အုပ်ချုပ်နေသည်ကို တွေ့ရသည်။

************



# ဖိလစ်ပိုင်နိုင်ငံ
# (Philippines)






# ဖိလစ်ပိုင်နိုင်ငံ (PHILIPPINES)

## တည်နေရာနှင့်အကျယ်အဝန်း မြေမျက်နှာသွင်ပြင်

အာဆီယံနိုင်ငံ(၁၀)နိုင်ငံတွင် ဖိလစ်ပိုင်နိုင်ငံသည် အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများ၏ အရှေ့မြောက်ဘက်တွင် တည်ရှိပါသည်။ အင်ဒိုနီးရှား၊ မလေးရှားကြားတွင် ဘော်နီယိုကျွန်းကြီးတစ်ကျွန်းရှိသည်။ ထိုကျွန်း၏ မြောက်ဘက်ခြမ်းကို မလေးရှားကပိုင်ပြီး၊ အောက်ဘက် ကို အင်ဒိုနီးရှားက ပိုင်သည်။ ထို(၂)နိုင်ငံကြား အလယ်မြစ်ဝဘက်တွင် ဘရူးနိုင်းနိုင်ငံ တည်ရှိပါသည်။ ထိုကျွန်းကြီး၏ မြောက်ဘက်နယ်မြေကျွန်းစုများသည် ဖိလစ်ပိုင်နိုင်ငံနယ်မြေများဖြစ်ပါသည်။ အင်ဒိုနီးရှား၊ မလေးရှားတို့မှာ ကျွန်းစုနိုင်ငံများဖြစ်သော်လည်း ကြီးမားသော ကျွန်းကြီးများရှိပြီး၊ ပြည်မနယ်မြေများ နှင့် ဆက်စပ်နေသည်။ ဖိလစ်ပိုင်နိုင်ငံမှ ကျွန်းစုပေါင်း(၇၀၀၇)ကျွန်းရှိပြီး၊ ကြီးမားသောကျွန်းကြီးများ နည်းပါးသည်။ ကျွန်းကြီးနယ်မြေဟူ၍ မြောက်ဘက်ရှိ လူဇုန်ကျွန်း၊ တောင်ဘက်တွင် မီဒါနာအိုကျွန်း၊ အနောက်ဘက် ပလာဝမ်ကျွန်းများသာ ကျွန်းကြီးများဖြစ်ပေသည်။ ဆမာကျွန်း၊ နီဂရိုကျွန်း၊ ပဲနီကျွန်း၊ မွန်ဒါနာရိုကျွန်းတို့မှာ အထိုက်အလျောက်ကြီးသော်လည်း ကျန်ကျွန်းစုများမှာ ကျွန်းငယ်များသာဖြစ်ပေသည်။ မြို့တော်မနီလာသည် လူဇုန်ကျွန်းတွင် တည်ရှိသည်။ ပထဝီအခေါ် အားဖြင့် မြောက်လတ္တီတွတ် ၅ဒီဂရီနှင့် ၂၂ဒီဂရီအကြားတွင်လည်းကောင်း၊ အရှေ့လောင်

ဂျီတွက် ၁၁၇ဒီဂရီနှင့် ၁၂၇ဒီဂရီကြားတွင် လည်းကောင်းတည်ရှိပါသည်။ တောင်မြောက်ကျွန်းစုများ တည်ရှိမှုအခြေအနေမှာ မိုင်ပေါင်း (၁၁၀၀) အထိ ကျယ်ပြန့်ပါသည်။ ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံသည် ကျွန်းစုနိုင်ငံအဖြစ် အာရှ၌ ထင်ရှားသော လူသိများသော နိုင်ငံတစ်ခုဖြစ်ပါသည်။ တစ်နိုင်ငံလုံး ဧရိယာအကျယ်အဝန်းမှာ (၁၁၅၈၃၁)စတုရန်းမိုင် ရှိပါသည်။ စတုရန်းကီလိုမီတာ(၃)သိန်းခန့် ရှိပါသည်။ မြေမျက်နှာသွင်ပြင်မှာ မြေပြန့်နည်းပြီး တောတောင်ထူထပ်ခြင်း၊ မီးတောင်များများ တည်ရှိခြင်း၊ သစ်တောထူထပ်ခြင်း သွင်ပြင်အနေအထားရှိပါသည်။

## ရာသီဥတုအနေအထား

ပူအိုက်စိုစွတ်သော မုတ်သုန်ရာသီဥတုရှိသည်။ နိုဝင်ဘာလမှ ဧပြီလအထိ အရှေ့မြောက်မုတ်သုန် ရာသီဥတုနှင့် မေလ မှ အောက်တိုဘာလအထိ အနောက်တောင်ရာသီလေတိုက်ခတ်သော မုတ်သုန် ရာသီဥတုရှိသည်။ မိုးများ၍ ပူအိုက်စိုစွတ်သော ဥတုရာသီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ရာသီဥတုထူးခြားချက်တစ်ခုရှိသည်။ ဂျပန်နိုင်ငံအောက်ပိုင်း အနောက်ပစိဖိတ်ဒေသမှ သန္ဓေတည်၍ ဖြစ်ပေါ်လေ့ရှိသော တိုင်ဖုန်းမုန်တိုင်းတို့သည် တစတစအားပြင်းလာပြီး အရှေ့ဘက်သို့ အမြဲတမ်းရွေ့ရှားလာတတ်သည်။ ထို့နောက် အနောက်တရုတ်ပင်လယ်ဖြတ်၍ ကုန်းပိုင်းသို့ ဝင်သွားတတ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် မုန်တိုင်းလမ်းကြောင်းတွင်ရှိနေရာ တစ်နှစ်လျှင်

မုန်တိုင်းအကြိမ်(၂၀)ခန့် ဖြတ်သန်းသွားလာမှုဒဏ်ကို ခံရသည်။ မိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခံရခြင်းတို့မှာ ဖိလစ်ပိုင်နိုင်ငံ၏ ရာသီဥတုအနေအထားဖြစ်နေသည်မှာ ထူးခြားချက်ဖြစ်ပါသည်။ စာရေးသူသင်္ဘောအရာရှိဘဝက မလေးရှားမှ သစ်လုံးကြီးများ တင်၍ တိုင်ပေသို့ သွားပို့ရာ ဖိလစ်ပိုင်လူဇုန်ရေလက်ကြားကို ဖြတ်ရပါသည်။ ထိုနေရာသည် တစ်နှစ်ပတ်လုံး မုန်တိုင်းကဲ့သို့ လေပြင်းသဖြင့် သင်္ဘောအန္တရာယ်မရှိရန် အထူးသတိထားခဲ့ရသော နေရာတစ်ခု ဖြစ်ခဲ့ပါသည်။

## လူဦးရေနှင့် လူမျိုးစုများ

အဓိကအားဖြင့် ရှေးကျသော မလေးမျိုးနွယ်များမှ ဆင်းသက်လာသော ရှေးကျဖိလစ်ပိုင်လူမျိုး စုများနေထိုင်ခဲ့ကြသည်။ ၎င်းတို့ကို Tagolong လူမျိုး၊ Cabuano ဆီးဘူးလူမျိုး၊ အီလူတန်နို လူမျိုး စသည်ဖြင့် ကွဲပြားသော အုပ်စုများအဖြစ် ခေါ်ဝေါ်ကြသည်။ တွေ့မြင်ဖူးသလောက် အာရှလူမျိုးချင်းတွင် ဖိလစ်ပိုင်လူမျိုးတို့သည် မြန်မာတို့၏မျက်နှာသွင်ပြင်နှင့် နီးစပ်စွာ တူညီကြသည်ကို သတိပြုမိပါသည်။ ယခင်စာရင်းအရ လူဦးရေမှာ - ၈၉၄၆၈၆၇၇ (သန်း၉၀ခန့်)ရှိကြသော်လည်း ယခုထိုထက်ပို၍ ရှိမည်ထင်ရသည်။ အဓိကစကားမှာ ဖိလစ်ပိုင်လူမျိုးတို့၏စကားဖြစ်၍ အင်္ဂလိပ် စကားများကိုလည်း ကျွမ်းကျင်စွာ ပြောဆိုတတ်ကြပါသည်။ နယ်မြေ လူများကွဲပြားမှုအလိုက် စကားအပြောအဆို ကွဲပြားမှုများစွာ

ရှိပါသည်။ တရုတ်မျိုးနွယ် အင်္ဂလိပ်မျိုးနွယ်များလည်း ရှိကြပါသည်။ မနီလာမြို့သည် လူဇုန်ကျွန်းတွင်တည်ရှိပြီး လူဦးရေ(၁၀)သန်းနေထိုင်ကြပါသည်။ Quezon ကွီဇုန်နှင့် Davao ဒါဘာအိုမြို့များမှာလည်း မြို့ကြီးများဖြစ်ကြပါသည်။

## ဘာသာရေး

လူဦးရေစုစုပေါင်း၏ (၈၃%)ရာခိုင်နှုန်းသည် ခရစ်ယာန်ရိုမန်ကတ်သလစ်ဘာသာကိုးကွယ် ကြသည်။ (၉%)ပရိုတက်စတန်ရေဖျန်းဂုဏ်ဘာသာကို ကိုးကွယ်ကြသည်။ မွတ်ဆလင်များမှာ ယခင်က (၅%)ရှိခဲ့သော်လည်း တစ်နှစ်ပြီးတစ်နှစ်ပို၍ များလာနေသည်။ မန်ဒါနာအိုကျွန်းကို မွန်ရိုသူပုန် မွတ်ဆလင်များ သိမ်းပိုက်ပြီး သူပုန်စခန်းအဖြစ် သုံးစွဲပြီး ဘာသာရေးနယ်ပယ်ချဲ့ထွင်ခဲ့ကြပါသည်။

## သံယံဇာတနှင့် ထွက်ကုန်သီးနှံများ

သံယံဇာတပစ္စည်းများအနေဖြင့် Cobalt သတ္တုများ၊ Nickel ဒန်သတ္တုများ၊ Silver ငွေနှင့် ကြေးနီ Copper သတ္တုရေနီနှင့် ရွှေသတ္တုများ တည်ရှိနေပြီး ငါးဖမ်းခြင်းနှင့် သစ်တောထွက်ပစ္စည်းများလည်း ပေါကြွယ်ဝသည်။ အုန်းပင်နှင့် အုန်းသီးထွက်ပစ္စည်းများ၊ ငှက်ပျောပင်ထွက်ပစ္စည်းများ စသည်ဖြင့် သဘာဝ ထွက်ပစ္စည်းများပေါများသည်။ အဓိက စပါးကို စိုက်ပျိုးပြီး ကြံကိုလည်း စီးပွားဖြစ်စိုက်ပျိုးသည်။ ပြောင်း၊ ပဲတို့လည်း စိုက်ပျိုးသည်။

**စက်မှုနှင့် စီးပွားရေး**

ကြံသကာများ၊ သစ်တောထွက်ပစ္စည်းများ၊ ငှက်ပျောသီး၊ အုန်းပင် အုန်းသားပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ သားငါး ပုဇွန်ကို အမေရိကန်သို့ တင်ပို့သည်။ ဂျပန်နိုင်ငံသို့လည်း ပို့သည်။ ဆေးဝါးပစ္စည်းထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သဘာဝသတ္တုပစ္စည်းထုတ်လုပ်ခြင်း၊ သဘာဝဆားများကို ထုတ်လုပ်ဖြန့်ဖြူးသည်။ ဖိလစ်ပိုင်သုံးငွေကို ပီဆိုဟု ခေါ်ဆိုသည်။ ခေတ်သစ်တွင် အိမ်ဖော်လုပ်ငန်းများ၊ သင်္ဘောသားလုပ်ငန်းများကို စင်ကာပူ၊ မလေးရှား ကဲ့သို့လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသများသို့လည်း ထွက်၍လုပ်ကိုင်ကြသည်။ အစိုးရက ထိုလုပ်ငန်းများကို အားပေးပြီး နှစ်စဉ်နိုင်ငံခြားငွေများရရှိကြသည်။

**သမိုင်းကြောင်း နိုင်ငံရေးရာများ**

အနောက်ဘက်မှ ဥရောပနိုင်ငံခြားသားများ မလာရောက်မီက ဖိလစ်ပိုင်ကျွန်းစုသည် မလေးမျိုး နွယ်လူစုများ၏ ကူးသန်းရောင်းဝယ်ရေးစခန်းတစ်ခုအဖြစ် တည်ရှိနေခဲ့ပါသည်။ စခန်းချနယ်မြေတစ်ခု ဖြစ်ခဲ့သည်။ ၁၅၇၁ခုနှစ်တွင် စပိန်နိုင်ငံက သိမ်းပိုက်ခဲ့ပြီး၊ နှစ်ပေါင်း(၃၀၀)မျှ ကိုလိုနီနိုင်ငံအဖြစ် အုပ်စိုးခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် အမေရိကန်နှင့် စပိန်တို့ စစ်ဖြစ်ရာ စပိန်ရှုံးနိမ့်ခဲ့သဖြင့် ဖိလစ်ပိုင်ကျွန်းစုသည် အမေရိကန်လက်အောက်သို့ ကျရောက်ခဲ့ပေသည်။ သို့သော် အမေရိကန်တို့သည် ဖိလစ်ပိုင် လွတ်မြောက်

ရေးပြောက်ကျားတို့၏ ပုန်ကန်မှုဖြင့် ရင်ဆိုင်ဖြေရှင်းနေခဲ့ရသည်မှာ ၁၉၀၅ခုနှစ်အထိ ဖြစ်ပေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် ဂျပန်တို့သည် ၁၉၄၁ခုနှစ် ဖိလစ်ပိုင်ကိုသိမ်းပိုက်ခဲ့ပေသည်။ ဂျပန်များ စစ်ရှုံးလက်နက်ချပြီးနောက် ၁၉၄၅ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေး ရရှိလာခဲ့သည်။ သို့သော် Huke ခေါ် ကွန်မြူနစ်ပြောက်ကျားများက ၁၉၅၄ခုနှစ်အထိ တိုင်းပြည်ကို စိုးမိုးချယ်လှယ်နေခဲ့ကြသည်။တစ်ချိန်တည်းမှာ တောင်ဘက်စွန်းရှိ မင်ဒါနာအိုကျွန်းတွင် မွန်ဂိုမွတ်ဆလင်သူပုန်များက အတည်တကျ စခန်းများဖွင့်လှစ်ခြေကုတ်ယူထားခဲ့ကြသည်။

၁၉၆၉ ခုနှစ်မှ ၁၉၈၆ခုနှစ်အထိ နှစ်ပေါင်း (၁၇)နှစ်ကာလအထိ ဖိလစ်ပိုင်နိုင်ငံကို သမကမာကိုးစ်က သိမ်းပိုက်အုပ်ချုပ်လာခဲ့သည်။ ၁၉၈၉ခုနှစ်အထိ ကွယ်လွန်သူ အတိုက်အခံခေါင်းဆောင်၏ဇနီးဖြစ်သူ Aquino က သမ္မတဖြစ်လာခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စစ်ဗိုလ်ချုပ်ကြီး ရာမို့က တိုင်းပြည်ကို အုပ်ချုပ်ထိန်းသိမ်းခဲ့သည်။ ၎င်းလက်ထက်သဘောထားကွဲပြားနေသော တပ်မတော်သားများနှင့် ငြိမ်းချမ်းမှုသဘောတူချက်ရခဲ့ပေသည်။ ထို့နောက် ၁၉၉၈ခုနှစ်တွင် သမ္မတ Joseph Extrada တက်လာသည်။ ၎င်းလာဘ်စားမှုဖြင့် ထောင်ကျသွားရာ ဒုသမ္မတအရိုယိုက သမ္မတဖြစ်လာခဲ့သည်။ အရိုယို နောက်ပိုင်းတွင် သမ္မတ ဒူတာတေးတက်ရောက်လာသည်။ ယနေ့ထိ အုပ်ချုပ်ဆဲ ဖြစ်ပေသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်မှာ ရွေးကောက်ပွဲဖြင့် သမ္မတကို အာဏာပေးသော

စနစ်ဖြစ်သည်။

သမ္မတဒူတာတေးတက်လာပြီးနောက် ဖိလစ်ပိုင်နိုင်ငံသည် ထင်ရှားလာသည်။ ပထမတွင် ဒူတာကေးအား ဝေဖန်သူများက အရူးတစ်ယောက်အဖြစ် ဝေဖန်ခဲ့ကြသည်။ ဒူတာတေးသည် အမေရိကန် သမ္မတအိုဘားမားကိုပင် သောင်ပြင်တွင်မွေးသော ခွေးမသားဟု ဆဲခဲ့သောကြောင့် ဖိလစ်ပိုင်နိုင်ငံထင်ရှား လာခဲ့သည်။ နိုင်ငံရေးတွင်လည်း စစ်စခန်းချနေသော အမေရိကန်ကို နှင်ထုတ်သောစကားကို ပြောခဲ့သည်။ ရုရှ၊ တရုတ်နှင့် ပေါင်းမလိုကို အရိပ်များပြခဲ့သောကြောင့် ဒူတာတေးကို အရူးတစ်ယောက်ကဲ့သို့ ဝေဖန်ခဲ့ကြသည်။ သို့သော် ဒူတာတေးသည် တိုင်ပြည်၌ ဆိုးဝါး နေသော မူးယစ်ဆေးပြဿနာကို လူ့အသက်ပေါင်း(၅၀၀၀)ခန့်ကို စတေး၍ အောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။ ပြည်သူများက ထောက်ခံအားပေးဆဲရှိသည်။ ဒုတိယတစ်ချက်မှာ မင်ဒါနာအိုကျွန်း တွင် မွတ်ဆလင်ကွန်မြူနစ်များ သိမ်းထားသည့်လက်မှ တစ်ကျွန်းလုံး လွတ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ပြည်သူထောက်ခံမှုကို သမ္မတဒူတာတေး ရရှိလာခဲ့သည်။

ဤသည်ကိုကား အရှေ့တောင်အာရှ(၁၀)နိုင်ငံတွင် အဖွဲ့ဝင် အဖြစ် ပါဝင်သော လူသိနည်းသော ဖိလစ်ပိုင်နိုင်ငံအကြောင်း တစေ့ တစောင်း လေ့လာခြင်းဖြစ်ပါသည်။ အာဆီယံနိုင်ငံဝင်ဖြစ်သော မြန်မာနိုင်ငံမှ စာရှုသူတို့ တစေ့တစောင်း သိသာရန် တင်ပြရေးသား ရခြင်းဖြစ်ပါသည်။


************



# စင်ကာပူနိုင်ငံ

# (Singapore)



# စင်္ကာပူနိုင်ငံ (SINGAPORE)

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

မြန်မာနိုင်ငံ အောက်ဘက်အစွန်း ကော့သောင်းမှ ဆက်သွားလျှင် ထိုင်းနိုင်ငံ၊ ထိုမှဆက်၍ မလေးရှားနိုင်ငံ မလေးကျွန်းဆွယ်တည်ရှိပေသည်။ မလေးကျွန်းဆွယ်၏ အဆုံးစွန်တွင် ကျွန်းကြီး တစ်ကျွန်းတည်ရှိရာ ထိုကျွန်းမှာ စင်္ကာပူနိုင်ငံဖြစ်ပေသည်။ အရှေ့၊ အနောက်အကျယ် ၁၄မိုင်ရှိ၍ တောင်မြောက်အနံမှာ (၇)မိုင်သာရှိပေသည်။ ဧရိယာစတုရန်းမိုင်မှာ (၂၆၇)စတုရန်းမိုင်ရှိ၍ ကီလိုမီတာ စတုရန်း (၆၉၃)ကီလိုမီတာရှိသည်။ အာဆီယံနိုင်ငံများတွင် နယ်မြေအသေးဆုံး နိုင်ငံဖြစ်ပါသည်။ တစ်ကျွန်းလုံးသည် စင်္ကာပူနိုင်ငံဖြစ်၍ မြို့မှာလည်း စင်္ကာပူမြို့ဖြစ်ပေသည်။ သို့သော် အနီးအနား၌ စက်မှုလုပ်ငန်းများလုပ်သော ကျွန်းငယ်ကလေးများလည်း နယ်မြေတွင် ပါဝင်ပေသည်။ မြောက်လတ္တီတွတ် ၁ဒီဂရီကို တောင်ဘက်ထား၍ အီကွေတာနှင့် နီးစပ်စွာတည်ရှိသည်။ အရှေ့လောင်ဂျီတွတ် ၁၀၃ဒီဂရီ ၁၅မိနစ်မှ အရှေ့လောင်ဂျီတွတ် ၁၀၄ဒီဂရီ ၁၅မိနစ်တွင် တည်ရှိသည်။ မြေမျက်နှာသွင်ပြင်တစ်ခုလုံးမှာ တစ်ချို့နေရာ၌ တောင်ကုန်းကလေးများရှိသည်မှလွဲ၍ မြေပြန့်ဒေသဖြစ်သည်။ ကျွန်းကြီး၏တောင်ဘက် တွင်နိုင်ငံခြားသင်္ဘောဆိပ်ကမ်းရှိ၍ မြို့လယ်မှာလည်း ထိုနေရာပင် ဖြစ်သည်။ မြို့နေလူဦးရေမှာ ၄၂၅၃၀၀၀ (၄သန်းကျော်)ရှိ၍ အားလုံးစုစုပေါင်း

လူဦးရေမှာ ၄၄၉၂၁၅၀ (၄သန်းခွဲ)ရှိပေသည်။ မြေပြန့်အားလုံးတွင် လူများနေထိုင်ကြပြီး စိုက်ပျိုးရေးမြေလွတ်ဟူ၍မရှိပေ။

## ရာသီဥတု

တိုင်းပြည်တည်နေရာမှာ အီကွေတာနှင့် နီးကပ်စွာတည်ရှိသဖြင့် အီကွေတာ ရာသီဥတုရှိသည် တစ်နှစ်ပတ်လုံးနီးပါး မိုးရေရရှိ၍တစ်နှစ်ပတ်လုံးနီးပါး ပူအိုက်သည်။ ပူအိုက်စိုစွတ်သော ရာသီဥတုဟု ဆိုရပေမည်။ မြန်မာနိုင်ငံကဲ့သို့ နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု ပီပြင်စွာမရှိပေ။ မိုးရေအစိုဓါတ်ကြောင့် ရေငွေ့ဓာတ် Humidများ ပြည့်နှက်နေတတ်သည်။

## လူဦးရေနှင့် လူမျိုးများ

တစ်နိုင်ငံလုံး၊ တစ်မြို့လုံးတွင်ရှိသော လူဦးရေ ၄၄၉၂၁၅၀ (၄သန်းခွဲ)တွင် တရုတ်လူမျိုးတို့ သုံးပုံနှစ်ပုံခန့်ပါဝင်ပါသည်။ လူဦးရေ၏ ၇၅%ဖြစ်ပါသည်။ ထို့ပြင် မူရင်းမလေးလူမျိုးများ၊ အိန္ဒိယအမျိုး အနွယ်များ နေထိုင်ကြသည်။ ယခင်ကပင် စင်္ကာပူလူမျိုးဟူ၍ရှိခဲ့သည်မဟုတ်ပေ။ တရုတ်ပြည်တွင် ကွန်မြူနစ်များ စိုးမိုးစဉ်က ထွက်ခွါလာခဲ့ကြသော တရုတ်အမျိုးအနွယ်များ၊ ဗြိတိသျှသိမ်းပိုက်အုပ်ချုပ်ပြီး ထွက်ခွါသွားစဉ်က ကျန်ရစ်ခဲ့သော အိန္ဒိယအမျိုးအနွယ်များ-မူရင်းနေထိုင်ကြသော မလေးမျိုးနွယ်များသည် လွတ်လပ်သော စင်္ကာပူနိုင်ငံထူထောင်သောအခါ စင်္ကာပူလူမျိုး

ဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ တရုတ် ၇၇%၊ မလေး ၁၄%၊ အိန္ဒိယ ၈%ရှိသည်။ အဓိက တရုတ်မန်ဒရိန်းဘာသာ စကားနှင့် မလေးစကား၊ အိန္ဒိယစကားတို့ကို သုံးစွဲကြသည်။ အင်္ဂလိပ်စကားနှင့် တရုတ်စကားမှာ တရားဝင်ပြောဆိုသော စကားများဖြစ်သည်။ တစ်နိုင်ငံလုံး၏ ၉၄%မှာ စာတတ်မြောက်ကြသည်။ အင်္ဂလိပ်စကား ပြောဆိုမှု များပြားသည်။

## ဘာသာရေး

ဘာသာရေးတွင် လူမျိုးစုအလိုက်မိမိတို့ဘာသာအလိုက် ကိုးကွယ်ကြသည်။ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာတို့ကို တရုတ်လူမျိုးများကိုးကွယ်၍ မွတ်ဆလင်ဘာသာကို မလေးလူမျိုးတို့ ကိုးကွယ်သည်။ ဟိန္ဒူအယူဝါဒကိုမူ အိန္ဒိယမျိုးနွယ်များ ကိုးကွယ်သည်။ တမီဘာသာကိုးကွယ်မှုလည်းရှိသည်။ သို့ဖြင့် ဗုဒ္ဓဘာသာ၊ မွတ်ဆလင်ဘာသာ၊ တရုတ်ပညာရှင်အဆုံးအမများ၊ အိန္ဒိယအယူအဆများဖြင့် မိမိအုပ်စုလိုက် ကိုးကွယ်မှု ရှိကြပါသည်။

## သံယံဇာတနှင့် ထွက်ကုန်သီးနှံများ

စင်ကာပူနိုင်ငံသည် သေးငယ်သော ကျွန်းငယ်တစ်ခုဖြစ်ရာ သံယံဇာတပစ္စည်းဟူ၍ တွင်းထွက် ပစ္စည်းများ ထွက်ရှိခြင်း မရှိပေ။ ဆန်စပါးစိုက်ပျိုးရန်လည်း မြေနေရာမရှိပါ။ ယုတ်စွအဆုံး သောက်ရေကိုပင် မလေးရှားနိုင်ငံမှ မှာယူဝယ်သောက်နေကြရ

သည်။ မြို့စွန်မြို့ဖျားများ၌ စီးပွားရေးသမားများတချို့ စိုက်ပျိုးသော ရာဘာ၊ သစ်ခွပန်း၊ အုန်းဆန်သားများ စိုက်ပျိုးသီးနှံအနည်းငယ် ထွက်ရှိပါသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

စင်ကာပူနိုင်ငံမှာ ပင်မကျွန်း၏အပြင်ဘက်ကျွန်းငယ်များ၌ ရေနံချက်စက်ရုံများ၊ ကတ္တရာ ထုတ်လုပ်သော စက်ရုံများနှင့် အခြား စီးပွားရေးအတွက် ထုတ်လုပ်သောစက်ရုံအနည်းငယ်သာရှိသည်။ မြေနေရာအခက်အခဲကြောင့် ကျယ်ပြန့်သော စီးပွားရေးစက်ရုံများကို အာရှဒေသအခြားနိုင်ငံများ၌ တည်ထောင်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ စင်ကာပူနိုင်ငံ၏အဓိက ထုတ်လုပ်မှုများမှာ လျှပ်စစ် ပစ္စည်းကိရိယာအစုံများ၊ ဓါတုဗေဒပစ္စည်းများ၊ ရေနံတူးဖော်သော စက်ကိရိယာများ၊ ရေနံချက်လုပ်ငန်းများ၊ ရာဘာပစ္စည်းမျိုးစုံ ထုတ်လုပ်ခြင်း၊ အစားအသောက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကုန်များကိုတစ်ဆင့်ခံ ရောင်းချပေးခြင်း၊ သင်္ဘောလွန်းကျင်းများ တည်ဆောက်ခြင်း၊ သင်္ဘောပြင်ပေးခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်း၊ ပို့ဆောင်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဓါတုပစ္စည်းနှင့်ဆိုင်သော နည်းပညာများ စသည်ဖြင့် စီးပွားရေးလုပ်ငန်းများကို ဘက်စုံ တိုးတက်အောင်လုပ်ဆောင်ကြသည်။ အထူးသဖြင့် စင်ကာပူနိုင်ငံ၏ တည်နေရာသည် အရှေ့အာရှသို့သွားရာလမ်းကြောင်း၌ လည်း ကောင်း၊ အရှေ့အာရှမှ အိန္ဒိယသမုဒ္ဒရာ နိုင်ငံများ၊ ဥရောပ

အာဖရိကသို့ သွားရာလမ်းကြောင်းဆုံရာ ရေလက်ကြားထိပ်တွင် တည်ရှိနေခြင်း ဖြစ်သည်။ သို့အတွက် အဓိကသင်္ဘောကျင်းများ တည်ဆောက်၊ သင်္ဘောလွှန်းတင်ခြင်းများ အဓိကထား လုပ်ပေးသည်။ သင်္ဘောအတွက် ကုန်စီစဉ်ပေးသည်။ ရောက်ရှိလာသော သင်္ဘောသားများအတွက် အလုပ်အကိုင်ရှာပေးခြင်းနှင့် ၎င်းတို့ကို မှီ၍ ကုန်ပစ္စည်းရောင်းချခြင်းဖြင့် တစ်မြို့လုံးစီးပွားရေး ဆိုင်များနှင့်ပြည့်နက်သည်။ ထိုမှဆက်၍ လူပေါင်းစုံဝင်ထွက်သော နိုင်ငံဖြစ်လာရာ ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏အဓိကလုပ်ငန်းတစ်ခု အဖြစ် ထင်ရှားလာနေသည်။ ဘဏ်လုပ်ငန်းစနစ်တိုးတက်လာသည်။ စီးပွားရေးတောင့်တင်းသော နိုင်ငံငယ်ဖြစ်လာနေပါသည်။ စီးပွားရေးကောင်းသဖြင့် ငွေရေးကြေးရေးလည်း အောင်မြင်သည်။ အမေရိကန်ဒေါ်လာနှင့်တန်းတူနီးပါး တန်ဖိုးရှိ၍ စင်ကာပူဒေါ်လာဟု ခေါ်ဆိုသည်။ အာဆီယံနိုင်ငံများတွင် ဘရူးနိုင်းဒေါ်လာနှင့် စင်ကာပူဒေါ်လာတို့ ခိုင်မြဲကြသည်။

## သမိုင်းကြောင်းနှင့်နိုင်ငံရေးရာ

၁၉၆၅ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်အထိ ကမ္ဘာ၌ စင်ကာပူနိုင်ငံဟူ၍ နာမည်မရှိသေးပါ။ ထိုနေ့ ထိုနှစ်မှစ၍သာ လွတ်လပ်သော စင်ကာပူပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်လာခြင်း ဖြစ်ပါသည်။ သမိုင်းမှာ ၁၈၁၉ ခုနှစ်က ဗြိတိသျှလူမျိုး အရှေ့အိန္ဒိယကုမ္ပဏီမှ Sir Stamford Raffles ဆိုသူသည် စင်ကာပူကျွန်းသို့

ရောက်ရှိလာပြီး၊ ကုန်သွယ်ရေးစခန်း တစ်ခုကို ထိုကျွန်း၌ ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ၁၈၂၆ ခုနှစ်မှ ၁၉၄၆ခုနှစ်တွင် ဗြိတိသျှကိုလိုနီဘဝသို့ သက်ဆင်းခဲ့ရသည်။ ထိုသို့ရှိသည့် စင်ကာပူ နိုင်ငံရေးခေါင်းဆောင်များက မလေးရှားနိုင်ငံ၊ ဆရာဝပ်ပြည်နယ်၊ ဆားဗားပြည်နယ်တို့နှင့်ပေါင်းပြီး လွတ်လပ်ရေးအတွက် လှုပ်ရှားခဲ့ကြရာ မလေးရှားနိုင်ငံ၊ လွတ်လပ်ရေးဖက်ဒရေးရှင်းအနေဖြင့် ရရှိခဲ့ကြသည်။ ထိုဖက်ဒရေးရှင်းအဖွဲ့မှ ၁၉၆၅ခုနှစ်တွင် နှုတ်ထွက်ခဲ့ပြီး၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် သီးခြား လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာခဲ့သည်။ ထိုအခါ ကမ္ဘာ၌ စင်ကာပူဟူ၍ နိုင်ငံတစ်ခု တိုးလာခဲ့ပေ သည်။ Republic ပြည်သူ့ရွေးကောက် တင်မြှောက်သောကိုယ်စားလှယ်စနစ်၊ သမ္မတစနစ်ဖြင့် အုပ်ချုပ်သည်။ သို့သော်အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်က တာဝန်ယူရပေသည်။ ဝန်ကြီးချုပ်အာဏာပေးသောစနစ်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ထူးခြားသောသတင်းအခြားတစ်ချက်မှာ စည်းကမ်းရှိခြင်း၊ အုပ်ချုပ်မှုစနစ်ကိုလိုက်နာတတ်ခြင်းဖြစ်သည်။ အမှိုက်ပစ်သည်ကအစ စည်းကမ်းမလိုက်နာသူကို ဒဏ်ငွေတပ်ကာအပြစ်ပေးသည်။ ဤသို့ဖြင့် အာရှ၌သာမက ကမ္ဘာနိုင်ငံများထိ သန့်ရှင်းသော စည်းကမ်းရှိသော လှပသောနိုင်ငံအဖြစ် ထင်ရှားပါသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖမ်းမိလျှင် အနည်းဆုံးအပြစ်ဒဏ်မှာ သေဒဏ်ဖြစ်သည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးကို ထိန်းချုပ်ထားသည်။ စင်ကာပူနိုင်ငံသည် စပါးဆန်ရေ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ


သောက်ရေကိုပင် မလေးရှားမှ မှာယူသောက်နေရသော်လည်း အာရှ၌ စီးပွားရေး တောင့်တင်းပြီး အတိုးတက်ဆုံးနိုင်ငံဖြစ်နေပါသည်။ နယ်မြေကျဉ်း၍ ကောင်းကင်ဘက်သို့သာ ချဲ့ထွင်နိုင်သော အခြေအနေကြောင့် တိုက်တစ်လုံးဆောက် အထပ်ပေါင်းများစွာ ပါဝင်သော အဆောက်အဦးများဖြင့် ပြည့်နှက်နေသည်ကို တွေ့ရပါသည်။ အတိုချုပ်ဆိုရလျှင် စင်ကာပူနိုင်ငံသည် အရှေ့နှင့် အနောက်သင်္ဘောများဖြတ်သန်းရာလမ်းဆုံ ရေလက်ကြားတွင် တည်ရှိနေခြင်း၊ အုပ်ချုပ်သူခေါင်းဆောင် ကွယ်လွန်သူလီကွမ်ယုနှင့် ၎င်း၏အဆက်အနွယ်အဖွဲ့များ၏ အရည်အသွေးပြည့်ဝစွာ ခေါင်းဆောင်နိုင်ခြင်းတို့ကြောင့် စီးပွားရေးတောင့်တင်းပြီး အသန့်ရှင်းဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိပါကြောင်း မှတ်ချက်ပြုရပါသည်။

************



# ထိုင်းနိုင်ငံ

# (Thailand)






# ထိုင်းနိုင်ငံ (THAILAND)

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်များ

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း မြဝတီမြို့ပိုင်းမှစ၍ တောင်ဘက် ကော့သောင်းအထိ အရှေ့ဘက်တွင် နယ်စပ်ချင်းမိုင်(၁၀၀၀)ခန့်ထိတွေ့နေသော အိမ်နီးနားချင်းနိုင်ငံ တစ်ခုဖြစ်ပါသည်။ အင်ဒိုချိုင်းနားကျွန်းဆယ်အုပ်စုတွင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့နှင့် ပူးတွဲတည်ရှိနေပါသည်။ အရှေ့နှင့်အရှေ့မြောက်ဘက်တလျှောက်လုံးတွင် လာအိုနိုင်ငံက နယ်စပ်အဖြစ်တည်ရှိပြီး၊ အရှေ့တောင်ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံက နယ်စပ်အဖြစ်တည်ရှိပါသည်။ သို့အတွက် ထိုင်းနိုင်ငံသည် အရှေ့တွင် လာအို၊ အနောက်တွင် မြန်မာ၊ တောင်ဘက်တွင် ကမ္ဘောဒီးယားနှင့် ထိုင်းပင်လယ်ကွေ့တို့ ဝိုင်းရံထားသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်ကို မျက်နှာမူထားသကဲ့သို့ ထိုင်းနိုင်ငံသည်လည်း ထိုင်းပင်လယ်ကွေ့ကို မျက်နှာမူလျက် တည်ရှိရာ ကူးသန်းရောင်းဝယ်ရန် သင်္ဘောများဝင်ထွက်သွားနိုင်သော နိုင်ငံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ထိတွေ့နေရာတလျှောက်နှင့် နိုင်ငံ၏ မြောက်ပိုင်း အလယ်ပိုင်းတချို့တွင် တောင်တန်းများရှိသော်လည်း ကျန်နယ်မြေများမှာ မြေဩဇာကောင်းသော မြေပြန့်များပေါများတည်ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ ၁၉၈၄၅၆ စတုရန်းမိုင် (စတုရန်းမိုင် ၂ သိန်းနီးပါး) ရှိပါသည်။ စတုရန်းကီလိုမီတာအားဖြင့်

၅၁၄၀၀၀(ငါးသိန်းကျော်)ရှိပါသည်။ မြန်မာနိုင်ငံမှာ နှစ်သိန်းခြောက်သောင်းကျော် စတုရန်းမိုင်ရှိ၍ မြန်မာနိုင်ငံထက် အနည်းငယ် ငယ်ပါသည်။ မြို့တော်မှာ ဘန်ကောက်ဆိပ်ကမ်းမြို့ ဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် မြောက်လတ္တီတွတ် ၅ ဒီဂရီနှင့် ၂၀ ဒီဂရီအကြား အရှေ့လောင်ဂျီတွတ် ၉၇ ဒီဂရီနှင့် ၁၀၆ ဒီဂရီအကြား တည်ရှိပါသည်။

## ရာသီဥတု

အနောက်တောင်မုတ်သုန်လေတိုက်ခတ်သော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၌ မုတ်သုန်ရာသီဥတုရရှိ၍ မိုးရေများ စိုက်ပျိုးရေးအတွက် ရရှိသည်။ ပူအိုက်စွတ်စိုသည်။ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ ဆောင်းတွင်းကာလတွင်မူ အရှေ့မြောက်လေကြောင့် ချမ်းအေးသည်။ ထိုသို့ဖြင့် တစ်နှစ်ပတ်လုံး ရာသီဥတုမှန်သည်။ စိုက်ပျိုးရေးအတွက် ရေရသည်။

## လူဦးရေနှင့် လူမျိုးစုများ

တိုင်းပြည်ရှိ လူဦးရေ လေးပုံသုံးပုံခန့်မှာ ထိုင်းလူမျိုးများဖြစ်ကြသည်။ ယခင်က (Siam) ရှမ်းလူမျိုး ဟုခေါ်တွင်ကြသည်။ တရုတ်လူမျိုးစုမှာလည်း ရောနှောနေထိုင်ကြသည်။ ရာခိုင်နှုန်းအားဖြင့် ဖော်ပြရလျှင် ထိုင်း(၇၅)%၊ တရုတ်(၁၄)%ရှိကြသည်။ ဘာသာစကားမှာ ထိုင်းစကားဖြစ်၍ တရုတ်စကားကိုလည်း ပြောဆိုကြ

သည်။ နယ်စပ်၌ ခမာစကား၊ မလေးစကားတချို့ကို ရောနှောသုံးသည်။ ယခုအခါ၌ ခေတ်မှီ အင်္ဂလိပ်စကား ပြောတတ်အောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ အကြောင်းမှာ ခရီးသွားလုပ်ငန်း၌ အင်္ဂလိပ်စကားသည် အရေးပါလာ၍ဖြစ်သည်။ တစ်နိုင်ငံလုံး လူဦးရေစုစုပေါင်းမှာ - ၆၄၆၃၁၅၉၅ (၆၅သန်းခန့်) ရှိပါသည်။ မြို့တော်မှာ ရှေးအခါက အာယုဒ္ဓယမြို့တော်ဖြစ်ခဲ့သော်လည်း ၁၉၉၂ခုနှစ်မှစ၍ ယခုအခါ ဘန်ကောက်မြို့သည် မြို့တော်အဖြစ် ပြောင်းရွှေ့ရပ်တည်ပါသည်။ မြို့တော် လူဦးရေမှာ (၆၄၈၆၀၀၀)ခြောက်သန်းခွဲခန့်ရှိပါသည်။

**ဘာသာရေး**

လူဦးရေ (၉၅)% မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ မွတ်ဆလင်များ (၄)% ထက်ရှိလာနေသည်။ ဗုဒ္ဓဘာသာသည် ခမာယဉ်ကျေးမှုခေတ်ကပင် ထွန်းကားလာခဲ့ဟန်ရှိပါသည်။

**သံယံဇာတနှင့်ထွက်ကုန်ပစ္စည်းများ**

သံယံဇာတထွက်ကုန်ပစ္စည်းများ ကြွယ်ဝသည်။ သံဖြူလုပ်သတ္တု Tin ၊ ရာဘာ ၊ သဘာဝဓါတ်ငွေ့ အဖြိုက်နက်သတ္တု ၊ ခဲ၊ သလင်းကျောက် Lignite၊ Floride စသော စသတ္တုများထွက်သည်။ ကျောက်သံပတ္တမြားများထွက်သည်။

သဘာဝထွက်ကုန်ပစ္စည်းများမှာ ကျွန်းအနည်းငယ်မှလွဲ၍

စိုက်ပျိုးရေး၌ ဆန်စပါး၊ Topaoca ခေါ် ပလောပီနံများ၊ ကြံသကြား များ၊ အုန်းသီးမှ ထွက်ကုန်များ၊ ဆိုယာဗိန် ခေါ် ပဲများ၊ ပြောင်းဖူး စိုက်ပျိုးခြင်းများကို တောင်သူများ စိုက်ပျိုးကြသည်။

## စက်မှုနှင့်စီးပွားရေးလုပ်ငန်းများ

အထူးသဖြင့် ထိုင်းနိုင်ငံသည် ကျယ်ပြန့်သော မြေဩဇာ ကောင်းသော စိုက်ပျိုးမြေများရှိခြင်းကြောင့် လည်းကောင်း၊ ရာသီ ဥတုကြောင့်လည်းကောင်း၊ စပါးကို အဓိကထားပြီး တိုင်းပြည် စီးပွားရေးအဖြစ် စိုက်ပျိုးကြသည်။ တချို့နေရာ၌ တူးမြောင်းများ ဖောက်ပြီး ရေရယူကြသည်။ ဤသို့ဖြင့် အာရှ၌သာမက ကမ္ဘာ၌ ထိုင်းဆန်သည် နာမည်ကြီး၍ လူသုံးများလာပေသည်။

ထုတ်ကုန်ပစ္စည်းများမှာ ဆန်စပါးအပြင် ပြောင်းဖူးစေ့များ၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ချုပ်လုပ်ခြင်းများ၊ ပလပ်စတိတ် လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းထုတ် လုပ်ခြင်းများ၊ စက်မှုလူသုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းများ၊ ငါး၊ ပုဇွန် ထုတ်လုပ်ခြင်း စသည်များဖြင့် ခေတ်မှီအောင် ဆောင်ရွက်ကြပြီး နိုင်ငံခြားနှင့် အိမ်နီးနားချင်းနိုင်ငံသို့ပါ တင်ပို့ရောင်းချကြသည်။ ဥရောပ၊ အမေရိက၊ ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။ စိုက်ပျိုးရေးအပြင် ယခုခရီးသွားလုပ်ငန်းကို ကောင်းစွာ ဆောင်ရွက် နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို တောင့်တင်းခိုင်မာစေသည်ကို တွေ့ရပေသည်။

## သမိုင်းကြောင်းနှင့်နိုင်ငံရေးရာ

ထိုင်းလူမျိုးစုတို့သည် မူရင်း တရုတ်နှင့် ရှမ်းကုန်ပြင်မြင့်ဒေသမှ အောက်ဘက်သို့ ၁၁ ရာစု ခေတ်ကပင် ဆင်းသက်လာခဲ့ကြသည်။ မြန်မာ - ထိုင်း - ကမ္ဘောဒီးယား - လာအို တို့ဘက်သို့ တစ်စု တစ်ဝေးတည်ရာအစုမှ လိုက်ကွဲပြားသွားကြခြင်းသာဖြစ်သည်ဟု ယူဆကြပါသည်။ ယခုထိ ထိုင်းလူမျိုးတို့က မြန်မာကို (တိုင်ယိုင်)ထိုင်းလူမျိုးကြီးဟုခေါ်၍ သူတို့ကို ထိုင်းနွှိုင်ထိုင်းလူမျိုးငယ်ဟု ခေါ်ဆိုသည့် ညီအစ်ကိုဖြစ်သည်ဟု ဆိုလိုပါသည်။ ထိုင်းနိုင်ငံဘက်ရောက်ရှိသူ ထိုင်းလူမျိုးများက ၁၂၃၈ ခုနှစ်မှစ၍ ထိုင်းဘုရင်နိုင်ငံတော်ကို ထူထောင်ခဲ့ကြသည်။ ၁၉ ရာစုနှစ်ရောက်သောအခါ အမေရိကန် ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုရရှိလာပြီး၊ တိုင်းပြည်တိုးတက်စည်ကားလာခဲ့သည်။ ၁၉၃၂ခုနှစ် ရောက်သောအခါ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲခဲ့ကြသည်။ သို့သော် ဘုရင်စနစ်ကို တိုင်းပြည်တစ်ပြည်၏ ဦးသျှောင်ပြယုတ်အဖြစ် ဆက်လက်ထားရှိကြသည်။ ဆိုလိုသည်မှာ ပြည်သူရွေးကောက်ခံသူများက အုပ်ချုပ်၍ ဘုရင်က ရုပ်ပြသဘောထားရှိခြင်း ဖြစ်သည်။ ဤသို့ ပြည်သူ့အုပ်ချုပ်ရေးပြောင်းလဲရန် ကြိုးပမ်းနေရာမှ ၁၉၅၈ ခုနှစ်မှစ၍ ဒီမိုကရေစီပြောင်းလဲရေးဟု အကြောင်းပြကာ တပ်မတော်မှ ဆက်တိုက်ဆိုသလို အာဏာများ ဝင်ရောက်ရယူအုပ်ချုပ်ခဲ့ကြသည်မှာ ယနေ့ ၂၀၁၇ခုနှစ်တွင် အုပ်ချုပ်နေသော စစ်အစိုးရအထိ ဖြစ်နေသည်။ ရွေးကောက်ပွဲလုပ်လိုက်၊ ပြည်သူ့အစိုးရတက်လိုက်၊


စစ်တပ်မှ အာဏာယူလိုက် သံသရာလည်နေသည်ကို တွေ့ရသည်။


ရှေးအခါကပင် Siam ရှမ်းဟုခေါ်သော ထိုင်းနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့၏ သိမ်းပိုက်အုပ်ချုပ်ခြင်း မခံရဘူးပေ။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အချိန်တိုသိမ်းပိုက်ခြင်း ခံရဖူးသည်။ ထိုမှဆက်၍ အမေရိကန်တို့က ဗီယက်နမ်စစ်တွင် ဗုံးကြဲလေယာဉ်များထားရန် စစ်စခန်းအဖြစ် အသုံးပြုခဲ့သည်။ ထို့ပြင် ကမ္ဘောဒီးယားကို ကွန်မြူနစ်သိမ်းပိုက်ခဲ့စဉ်က ထွက်ပြေးလာသော ကမ္ဘောဒီးယားလူမျိုး များ၏ ဝင်ရောက်ခိုလှုံမှုကို ခံခဲ့ကြရသည့်အပြင် ဗီယက်နမ်မှ Boat People ဟုခေါ်သော လှေစီးဒုက္ခသည်များက လာရောက်ခိုလှုံနေထိုင်မှုကိုလည်း ခံခဲ့ရပေသည်။ ဤအချက်များမှ လွဲ၍ စစ်ဘေး၊ စစ်ဒဏ် ကင်းဝေးသော ထိုင်းနိုင်ငံသည် ဆန်စပါး စိုက်ပျိုးတိုးတက်ရေးကို အခြေခံပြီး စက်မှုလုပ်ငန်းများတိုးတက်သော နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံနိုင်ငံအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မိမိနိုင်ငံတိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်နေသော အာရှနိုင်ငံတစ်နိုင်ငံအဖြစ် တွေ့မြင်နေရပါသည်။

************



# ဗီယက်နမ်နိုင်ငံ
# (Vietnam)



# ဗီယက်နစ်နိုင်ငံ (VIETNAM)

အာရှတိုက် အရှေ့တောင်ကျွန်းဆွယ်တွင် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့ ပါဝင်ကြပါသည်။ တစ်အုပ်စု တစ်နယ်မြေတည်း ဆက်စပ်လျက် အာရှတိုက်၏အရှေ့တောင် အာရှနယ်မြေ၊ အင်ဒိုချိုင်းနားကျွန်းဆယ်တွင် စုပေါင်းနေထိုင်လျက်ရှိသော နိုင်ငံများ ဖြစ်ကြပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်များအုပ်ချုပ်ခံခဲ့ရခြင်းကအစ ကွန်မြူနစ်စနစ်လွှမ်းမိုးမှုအဆုံး သမိုင်းကြောင်း၌ ဒုက္ခများတွေ့ဆုံခဲ့ဖူးသော နိုင်ငံများဖြစ်ပေသည်။ ဗီယက်နမ်နိုင်ငံသည် အထူးသဖြင့် နယ်ချဲ့တော်လှန် ရေးတွင် အမေရိကန်နိုင်ငံအား အန်တုရ၍ တိုက်ထုတ်နိုင်ခဲ့ခြင်းနှင့် ပြင်သစ်စစ်တပ်ကို ဒိန်ဘိန်ဖူး ပြောက်ကျားစစ်ဖြင့် တိုက်ထုတ်နိုင်ခဲ့ခြင်းဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံသည် သမိုင်းကြောင်းနှင့် အာရှတွင် ထင်ရှားသော လူသိများသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နယ်ချဲ့တော်လှန်ရေးစိတ်ဓါတ်၊ အမျိုးသားရေးစိတ်ဓါတ်ဖြင့် တော်လှန်ရေးလမ်းပြနမူနာနိုင်ငံတစ်ခုဟုလည်း ခေါ်ဆို၍ရပါသည်။

## တည်နေရာမြေမျက်နှာသွင်ပြင်နှင့် အကျယ်အဝန်း

အာရှတိုက် အရှေ့တောင်အစွန်းနယ်မြေတွင် ဗီယက်နမ်နိုင်ငံသည် အင်ဒိုချိုင်းနားကျွန်းဆယ် အရှေ့ဘက်အစွန်းဆုံးတွင် တောင်တရုတ်ပင်လယ်ကမ်းရိုးတန်းကို မျက်နှာမူတည်ရှိပါသည်။

တိုင်းပြည်၏ အရှေ့ဘက် အားလုံးသည် တောင်တရုတ်ပင်လယ် ကမ်းရိုးအလိုက်တည်ရှိသည်။ အနောက်ဘက်တွင်မူ နယ်မြေသည် လာအိုနိုင်ငံ နှင့်နယ်စပ်ချင်း ထိနေပြီး ၃ပုံ၁ပုံခန့်မှာ ကမ္ဘောဒီးယား နိုင်ငံနှင့် ထိတွေ့နေပေသည်။ မြောက်ဘက်တွင်မူ တရုတ်နိုင်ငံနှင့် ထိတွေ့လျက်ရှိပါသည်။ တိုင်းပြည်တစ်ခုလုံး၏အနေအထားမှာ အရှေ့အနောက် အနံသေးပြီး တောင်မြောက်တလျှောက် ရှည်လျားစွာ တည်ရှိနေပါသည်။ ကမ်းရိုးတန်း အရှည်မှာ မိုင်ပေါင်း (၈၅၀) ခန့်ရှည်ပါသည်။ အကြမ်းအားဖြင့် မြေမျက်နှာသွင်ပြင်မှာ မြောက်ဘက်တွင် တောတောင်ထူထပ်စွာ တည်ရှိပါသည်။ တောင်ဘက်စွန်းတွင်မူ မဲခေါင်မြစ်ဝှမ်းဒေသ မြေပြန့်များရှိ၍ စိုက်ပျိုးရေးဖြစ်ထွန်းပါသည်။ တတိုင်းပြည်လုံး၏ ဧရိယာ ၃၂၉၅၆၀ စတုရန်းကီလိုမီတာရှိပါသည်။ အကျယ်အဝန်းမှာ - ၁၂၇၂၄၄ စတုရန်းမိုင်ရှိပေသည်။ ထိုင်းနိုင်ငံထက် သေးငယ်သည်။ ထင်ရှားသော မြစ်နှစ်သွယ်ရှိရာ မြောက်ဘက်တွင် မြစ်နီမြစ်နှင့် တောင်ဘက်တွင် မဲခေါင်မြစ်တို့ဖြစ်ကြသည်။ မြစ်တလျှောက် မြေပြန့်များတွင် စိုက်ပျိုးရေးပြုလုပ်ကြသည်။ မြောက်လတ္တီတွတ် ၈ဒီဂရီနှင့် ၂၃ဒီဂရီကြား၊ အရှေ့လောင်ဂျီတွတ် ၁၀၀ဒီဂရီနှင့် ၁၀၈ဒီဂရီကြား တည်ရှိပါသည်။

<u>ရာသီဥတု</u>

အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ အပူပိုင်းမုတ်သုန်ရာသီဥတုရှိသော နိုင်ငံဖြစ်သည်။ မြောက်ဘက်တွင် မိုးရွာသွန်းမှုပိုများ

သည်။ မိုးရာသီအပြီး ဆောင်းရာသီ၊ နွေရာသီများလည်း ရှိသည်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံကို ဖြတ်သန်းလာသော မုန်တိုင်းလမ်းသည် တရုတ်ပြည်အနောက်မြောက်ဘက်သို့ မသွားဘဲ ဟောင်ကောင်၊ ဗီယက်နမ်ဘက်သို့ ဝင်ရှိ၍ တစ်ခါတရံ တိုက်ခတ်တတ်ရာ ထိုအခြေအနေတွင် ဗီယက်နမ်၌ မိုးများစွာရွာသွန်းမှုရှိသည်။ ရေကြီးမှုများလည်း ဖြစ်ပေါ်တတ်သည်။

## လူဦးရေနှင့် လူမျိုးစုများ

အများစုမှာ ဗီယက်နမ်လူမျိုးများဖြစ်ကြသည်။ အခြေခံတရုတ်မျိုးနွယ်စုမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ ထို့ပြင် ခမာလူမျိုး၊ မွန်လူမျိုး၊ ထိုင်းနှင့် ရှမ်းလူမျိုးစုငယ်များလည်း နေထိုင်ကြသည်။ စုစုပေါင်းလူဦးရေမှာ ၈၄၄၀၂၉၆၆ (ရှစ်ဆယ့်လေးသန်းခွဲ) ခန့်ရှိသည်။ အဓိကမှာ ဗီယက်နမ်လူမျိုးများ ဖြစ်၍ (၈၅%)မှ (၉၀%)ထိ ရှိကြသည်။ ကျန်လူမျိုးစုများမှာ နည်းပါးသည်။ ဘာသာစကားမှာ ဗီယက်နမ် ရုံးသုံးစကားအဖြစ်သုံးသည်။ ထို့ပြင် အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ခမာ ဘာသာစကားများကိုလည်း အသုံးပြုပြောကြားကြသည်။ မြို့တော်မှာ ဟနွိုင်းမြို့တော်ဖြစ်သည်။ နောက်ပိုင်းတွင် ဟိုချီမင်းမြို့တော်အဖြစ် ထင်ရှားခဲ့သည်။ မြို့တော်ရှိ လူဦးရေမှာ - ၃၉၇၇၀၀၀ ရှိသည်။ ယခု(၄)သန်းကျော်ရှိမည်ဟု ခန့်မှန်းရသည်။

## ဘာသာရေး

ဘာသာရေးမှာ အဓိကအားဖြင့် ဗုဒ္ဓဘာသာဖြစ်သော်လည်း ကွန်မြူနစ်များအုပ်စိုးပြီးနောက် ဘာသာရေးပြန့်ပွားမှုနည်းပါးလာခဲ့သည်။ ရိုမာန်ကတ်သလစ် ခရစ်ယာန်ဘာသာကိုလည်း ကိုးကွယ်ကြသည်။

## သံယံဇာတနှင့်ထွက်ကုန်ပစ္စည်းများ

သဘာဝတွင်းထွက်ပစ္စည်းများမှာ ကျောက်မီးသွေး၊ ရေနံစိမ်း၊ မဂ္ဂနစ်သတ္တု (Magnese)၊ သံသွပ်ကြေး၊ ဘောက်ဆိုက်၊ သံမှုန့်သတ္တုများ ကမ်းလွန်ရေနံတွင်းများမှ ဓါတ်ငွေ့များ ရေနံများ ရရှိပါသည်။ သတ္တုများသာမက သစ်တောထွက်ပစ္စည်းများကို အဓိကထားလုပ်ပြီး ရေအားလျှပ်စစ်များလည်း ထုတ်လုပ်သည်။ မြေပြင်ထွက်ကုန်အနေဖြင့် ကော်ဖီစိုက်ပျိုးခြင်း၊ ရာဘာပင်များစိုက်ပျိုးခြင်း၊ ငှက်ပျော ပင်များ၊ ပဲပင်များ၊ Soyabean တို့ကို စိုက်ပျိုးပြီး၊ သားငါးပုဇွန်များ ကမ်းခြေတစ်လျှောက် ဖမ်းဆီးကြသည်။ အဓိက စပါး၊ ပဲ၊ ပြောင်းဖူး၊ အာလူး၊ ရာဘာ၊ ကော်ဖီများ စိုက်ပျိုးကြသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

ထွက်ကုန်ပစ္စည်းများအနေဖြင့် အစားအသောက်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊

မိုင်းတူးခြင်းလုပ်ငန်း၊ စက်မှုပစ္စည်းထုတ်လုပ်ခြင်း၊ ရာဘာလုပ်ငန်းများ စသည်ဖြင့် ထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချကြသည်။ ထို့ပြင် အစားအသောက်လုပ်ငန်းများ၊ အဝတ်အထည်လုပ်ငန်းများ၊ ရှူးဖိနပ်လုပ်ငန်းများ၊ ဘိလပ်မြေလုပ်ငန်းများ၊ စက်မှုသုံးပစ္စည်းကိရိယာများလည်း ထုတ်လုပ်သည်။ ဗီယက်နမ်သည် ကွန်မြူနစ်နိုင်ငံဖြစ်သော်လည်း အရင်းရှင်စီးပွားရေးစနစ်မျိုးပုံစံဖြင့် စီးပွားရေးကို အားပေးထူထောင်နေသည်ကို တွေ့ရပေသည်။ အမေရိကန်၊ ဥရောပနှင့် ဂျပန်၊ စင်ကာပူ၊ ဩစတြေးလီးယားနိုင်ငံများနှင့် ကျယ်ပြန့်စွာ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိပေသည်။ ဗီယက်နမ်ငွေကြေးကို ဒွန်း(Dong)ဟုခေါ် ဆိုသုံးစွဲကြပါသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာများ

ဗီယက်နမ်နိုင်ငံကို ရှေးအခါကပင် တရုတ်များ၊ တရုတ်မျိုးနွယ်စုများက ဩဇာအာဏာလွှမ်းမိုး ခဲ့ကြသည်။ ၎င်းတို့ အုပ်ချုပ်မှု BC ၉၃၈ခုနှစ်မှစ၍ ချုပ်ကိုင်လာခဲ့ကြသည်။ ၁၈၅၈ ခုနှစ်မှစ၍ နယ်မြေသစ်ရှာဖွေနေကြသော ပြင်သစ်တို့သည် ဒေသကာကွယ်ရေးကို ဆောင်ရွက်ပေးရန် အကြောင်းပြုပြီး ဝင်ရောက်သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။ ဦးစွာ ဗီယက်နမ်အလယ်ပိုင်းရှိ အနန်အရပ်ဒေသနှင့် မြောက်ဘက်ရှိ Tokin အရပ်ဒေသတို့တွင် စတင်ခြေချခဲ့ပြီး တစတစတိုင်းပြည်တစ်ခုလုံးသိမ်းပိုက် အုပ်ချုပ်လာခဲ့ကြသည်။ ထို့နောက် အင်ဒိုချိုင်းနားကျွန်းဆွယ်အဖွဲ့ ဖွဲ့စည်းပြီး ကမ္ဘောဒီးယား

နိုင်ငံသို့ပင် ဆွဲသွင်းပြီး ချဲ့ထွင်လာခဲ့ကြသည်။

၁၉၄၂ - ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ အင်ဒိုချိုင်းနားကျွန်းဆယ်ကို သိမ်းပိုက်လာခဲ့ကြရာ ဗီယက်နမ် နိုင်ငံသည် ဂျပန်လက်အောက်သို့ ကျရောက်ခဲ့သည်။ သို့အတွက် အမျိုးသားရေး အဖွဲ့အစည်းများ ကွန်မြူနစ်ပါတီဝင်များက လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားလာခဲ့သည်။ (၈)နှစ်ခန့် ကြာပြီးနောက် ၁၉၅၄ခုနှစ်တွင် ဟိုချီမင်းခေါင်းဆောင်သော ဗီယက်နမ်ကွန်မြူနစ်ပါတီဦးဆောင်ကာ ဒိန်ဗိန်ဖူး စစ်ပွဲတွင် ပြင်သစ် တို့အား အနိုင်ရခဲ့သည်။ အခိုင်အမာ လုံခြုံရေးတင်းကြပ်ထားသည့် ပြင်သစ်တို့၏ စစ်ဌာနချုပ်ကို မထင်မှတ်ထားသော မြေကြီးအောက်မှ မြေအောက်လှိုင်ဂူများတူးဖောက်ပြီး လျှပ်တပြက်တိုက်ခိုက်ခဲ့ရာ ပြင်သစ်တို့ လက်နက်ချရှုံးခဲ့ကြသည်။ စစ်တပ်ကိုဦးစီးတိုက်ခိုက်သူမှာ ဗိုလ်မှူးကြီး ဗိုငုယင်ဇီယပ် ဆိုသူဖြစ်သည်။ ဤစစ်ပွဲကြောင့် ပြောက်ကျားစစ်သမိုင်းတွင်လည်းကောင်း၊ တော်လှန်ပုန်ကန်မှု နည်းဗျူဟာတွင်လည်းကောင်း၊ ဗီယက်နမ်တို့သည် ထင်ရှား ကျော်ကြားလာခဲ့ကြပေသည်မှာ ယနေ့တိုင်ဖြစ်သည်။ ထိုအချိန်မှစ၍ မြောက်ပိုင်းရှိ ဟန်နွိုင်းမြို့ကို ဗဟိုပြု၍ အစိုးရဖွဲ့ပြီး အုပ်ချုပ်လာ ခဲ့ကြသည်။ ထိုအချိန်က တောင်ဘက်ဆိုင်ဂုံမြို့ကို ကွန်မြူနစ်များ စိုးမိုးမှု မရှိသေးပေ။ ၁၉၅၉ခုနှစ်တွင် ကွန်မြူနစ်ဗီယက်ကောင်းများက တောင်ဘက်ဆိုက်ဂွန်မြို့ကို တိုက်ခိုက် လာခဲ့ကြသည်။ ထိုအချက်ကို အကြောင်းပြု၍ အမေရိကန်တို့သည် ၁၉၆၅ခုနှစ်တွင် ဝင်ရောက်

လာခဲ့ကြသည်။ ကွန်မြူနစ် မဟုတ်သော အစိုးရကိုကာကွယ်ပေးရင်း အမေရိကန်၊ ဗီယက်နမ် စစ်ပွဲမျိုးဖြစ်လာခဲ့သည်။ ဤစစ်ပွဲများ၌လည်း ကွန်မြူနစ်တို့၏ ပြောက်ကျားစစ်ဖြင့် ခုခံတော်လှန်မှုကို အမေရိကန်တို့က လက်နက်အင်အား ကောင်းသော်လည်း တိုက်၍ မနိုင်ခဲ့ပေ။ လိုရင်းမှာ အမေရိကန်တို့ စစ်ရှုံးပြီး ဆုတ်ခွာခဲ့ကြရသည်။ ၁၉၇၅ခုနှစ်တွင် တစ်ပြည်လုံးကို ကွန်မြူနစ်များ သိမ်းပိုက်ခဲ့ခြင်းဖြင့် ပြည်တွင်း၌ ဆန့်ကျင်ဘက်များ၊ ပုန်ကန်မှုများ ပပျောက်သော တောင်မြောက်ပေါင်းစည်းသော ဗီယက်နမ်ကွန်မြူ နစ်နိုင်ငံဖြစ်လာသည်။ ၁၉၄၅ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့ လွတ်လပ်ရေးရခဲ့သော ဗီယက်နမ်နိုင်ငံသည် အကွဲကွဲအပြားပြား တိုက်ခိုက်မှုများ အမေရိကန်စစ်ကိုပါ အောင်နိုင်ပြီး စုစည်းသောနိုင်ငံ ဖြစ်လာသည်။ ၁၉၈၀ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်သည် ကွန်မြူနစ်ပါတီ အုပ်ချုပ်မှုစနစ်အောက်တွင် ရှိသော်လည်း အရင်းရှင်ဆန်ဆန် စီးပွားရေးပေါ်လစီများ ချမှတ်ပြီး၊ တိုင်းပြည်ထူထောင်ရေးကို မိမိတို့ အစီအမံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။


************



# အရှေ့တီမောနိုင်ငံ

# (East Timor)



# အရှေ့တီမောကျွန်းနိုင်ငံ (EAST TIMOR)

## တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့် အကျယ်အဝန်း

အရှေ့တီမော East Timor ကျွန်းငယ်နိုင်ငံသည် အာဆီယံအဖွဲ့သို့ ဝင်ရောက်လာခြင်း မရှိသေးပါ။ အာဆီယံ နိုင်ငံ(၁၀)ခုတွင် ဘရူးနိုင်းနိုင်ငံနှင့်အတူ အသေးငယ်ဆုံးသော နိုင်ငံဖြစ်ပေသည်။ မူလကပင် အင်ဒိုနီးရှားကျွန်းနယ်မြေအုပ်စုမှ ကျွန်းငယ်တစ်ကျွန်းဖြစ်ပေသည်။ လမ်းညွှန်ပြရလျှင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ ဆက်စပ်နေသော မလေးကျွန်းအဆုံးတွင် စင်ကာပူနိုင်ငံ ရှိသည်။ ၎င်းကျွန်းဆွယ်နှင့်ပြိုင်၍ အင်ဒိုနီးရှား မိုင်စူမားတြားကျွန်းကြီးရှိသည်။ ထိုစူမားတြားကျွန်းမှ အရှေ့ဘက်သို့ အင်ဒိုနီးရှား ကျွန်းကန်ကြီးများရှိသည်။ ဂျာဗားကျွန်းတွင် မြို့တော်ဂျာကာတာ တည်ရှိသည်။ ထိုမှဆက်၍ အရှေ့ဘက်သို့သွားလျှင် ကျွန်းတန်း ကျွန်းစုများအဆုံး၌ တီမောကျွန်းငယ်တည်ရှိပေသည်။ ထိုကျွန်းသည် တီမောပင်လယ်နှင့် ဆာယုပင်လယ်ကြားတွင် ရှိပေသည်။ အင်ဒိုနီးရှားကျွန်းတန်းအဆုံးဖြစ်၍ အရှေ့တွင် ပါပူဝါနယူဂီနီကျွန်းကြီးနှင့် တောင်ဘက်တွင် ဩစတြေးလျတိုက်ကြီးတို့သာ တည်ရှိနေသည်။ တင်ပြလိုသည်မှာ တီမောကျွန်းသည် အရှေ့အာရှ၌ အင်ဒိုနီးရှားကျွန်းစုများတွင် တည်ရှိသော ကျွန်းငယ်တစ်ခုဖြစ်ကြောင်း ဖြစ်ပါသည်။ တောင်လတ္တီတွတ် ၉. ၈ ဒီဂရီနှင့် အရှေ့ လောင်ဂျီတွတ် ၁၂၅ဒီဂရီဝန်းကျင်တွင် တည်ရှိပေသည်။ နယ်မြေအကျယ်အဝန်းမှာ

(၅၇၄၀)စတုရန်းမိုင် (၁၄၈၈၀ ကီလိုမီတာ) သာရှိပါသည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်မှာ စတုရန်းမိုင် ခြောက်သောင်းတစ်ထောင်ကျော်ရှိရာ ထိုဧရိယာထက်ငယ်ပေသည်။ ကျွန်း၏ မြောက်ဘက်တွင် တောင်တန်းကြီးများတည်ရှိပြီး တောတောင်ထူထပ်သော်လည်း ကျန်နေရာတို့တွင် မြေပြန့်များတည်ရှိပေသည်။ တီမောကျွန်းကို (၂)ပိုင်းခွဲထားရာ အနောက်ပိုင်းကို အင်ဒိုနီးရှားနိုင်ငံက ပိုင်ပြီး အရှေ့ပိုင်းကို တီမောနိုင်ငံက ပိုင်ဆိုင်သည်။ ကျွန်း၏အနေအထားမှာ အရှေ့၊ အနောက် မျက်နှာမူ၍ အလျားလိုက်တည်ရှိပါသည်။

## ရာသီဥတုအနေအထား

ရာသီဥတုမှာ အပူပိုင်းဇုန်ရာသီဥတုရှိ၍ ပူအိုက်စိုစွတ်သည်။ မိုးမရွာသောကာလများ၌ ခြောက်သွေ့သည်။ တောတောင်ထူထပ်မှု မြေပြိုခြင်း၊ ဆူနာမီရေလွှမ်းခြင်း၊ ငလျင်လှုပ်ခြင်းတို့မှာ မကြာခဏ ဖြစ်ပေါ်လေ့ရှိပါသည်။

## လူဦးရေနှင့် လူမျိုးစုများ

အများစုမှာ မလေးအမျိုးအနွယ်နှင့်ကျွန်းစုများတွင် နေထိုင်ကြသော လူမျိုးစုတို့မှ သွေးနှောဖြစ်လာသော လူမျိုးများဖြစ်ကြသည်။ ထို့ပြင် ပါပူဝါလူမျိုးစုများ တရုတ်မျိုးနွယ်စုများမှာလည်း အနည်းအကျဉ်း နေထိုင်ကြသည်။ တစ်နိုင်ငံလုံးလူဦးရေမှာ ၁၀၆၂၇၇၇ ရှိသည် (တစ်သန်းကျော်ကျော်ရှိသည်။) မြို့တော်မှာ

Dili ဒီလီမြို့ဖြစ်၍ လူဦးရေ ၂၀၀၀၀၂ (နှစ်သိန်းကျော်)နေထိုင်ကြ ပေသည်။

## ဘာသာရေး

လူအများစုမှာ ရိုမာန်ကတ်သလစ်ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ ခရစ်ယာန်ဂိုဏ်းခွဲ ပရိုတက်စတန့်ရေဖြန်း ဂိုဏ်ကိုလည်း ကိုးကွယ်ကြသည်။ မွတ်ဆလင်ကိုးကွယ်သူများလည်း အနည်း အကျဉ်းရှိကြသည်။ ရိုမန်ကတ်သလစ်(၉၀%)ရှိ၍ မွတ်ဆလင်(၄%)၊ ရေဖြန်းဂိုဏ်Protestant (၃%) ရှိကြသည်။

## ဘာသာစကား

Tetum တီတုန်းဘာသာစကားနှင့် ပေါ်တူဂီဘာသာစကား ကို တရားဝင်ဘာသာစကားအဖြစ် ပြောဆိုကြသည်။ အင်ဒိုနီးရှား စကား၊ အင်္ဂလိပ်စကားများလည်း အသုံးပြုကြသည်။ လူမျိုးစု အလိုက် ပြောဆိုသောစကားများလည်း ကွဲပြားစွာရှိသည်။

## သံယံဇာတနှင့် ထွက်ကုန်များ

သဘာဝအားဖြင့်ထွက်သော တွင်းထွက်သတ္တုပစ္စည်းများမှာ ရွှေ၊ ရေနံ၊ ဓါတ်ငွေ့ မဂ္ဂနီသတ္တုနှင့် စလင်းကျောက်များ ထွက်သည်။ အာရှတိုက်၌ အဆင်းရဲဆုံးနိုင်ငံဖြစ်သော်လည်း ရေနံနှင့် ဓါတ်ငွေ့ ရရှိသဖြင့် တိုင်းပြည်မျှော်လင့်ချက်တစ်ရပ်ဖြစ်နေသည်။

စိုက်ပျိုးရေး၌ ဆန်စပါးစိုက်ခြင်း၊ ကော်ဖီပင်၊ အာလူးပင်၊ ပီလောပီနံပင်၊ ပဲပင်၊ ပြောင်းပင်၊ သရက်၊ ငှက်ပျော စသည်ဖြင့် စိုက်ပျိုးကြသည့် တောထွက်သစ်ခွပန်းများလည်း စိုက်ပျိုးကြသည်။

## စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းများ

ဆပ်ပြာချက်လုပ်ငန်းများထုတ်လုပ်သည်။ သစ်တောထွက် လက်မှုပစ္စည်းများ၊ အဝတ်အထည်ရက်လုပ်ခြင်းများဖြစ်၍ ပြည်ပ သို့တင်ပို့သည်။ ကော်ဖီစေ့ထုတ်လုပ်ခြင်း၊ နံ့သာသားများထွက်ရှိခြင်း၊ ကျောက်ပြား၊ ရေနံဓါတ်ငွေ့များလည်း ပြည်ပသို့ တင်ပို့သည်။ ပို့ကုန်လုပ်ငန်းတွင် အင်ဒိုနီးရှားက အများစုပါဝင်ပြီး အမေရိကန်၊ ဩစတြေးလျသို့ ပို့ပေးသည်။

## နိုင်ငံရေးသမိုင်းအကြောင်းအရာများ


ပေါ်တူဂီနှင့် ဒတ်(ချ်)လူမျိုးကုန်သည်တို့သည် ၁၆ရာစု လောက်မှစ၍ တီမောကျွန်းသို့ ရောက်ရှိ လာခဲ့ကြသည်။ နံ့သာ သစ်များ၊ ဟင်းခတ်အမွှေးအကြိုင်များ ရောင်းချဝယ်ယူမှုရှိကြ သည်။ ထို့ပြင် သာသနာပြုလုပ်ငန်းများကိုလည်း ချဲ့ထွင်လုပ်လာ ခဲ့ကြသည်မှာ ၁၆၄၂ခုနှစ်အထိ ဖြစ်ပေသည်။ ထို့နောက် ပေါ်တူဂီ နှင့် ဒတ်(ချ်)တို့ အားပြိုင်ရင်း စစ်ပွဲများဖြစ်ခဲ့ကြပြီး၊ ယခုနယ်နမိတ် သတ်မှတ်ချက်ကို ၁၉၀၆ ခုနှစ်တွင် သဘောတူရရှိခဲ့ကြသည်။ ထိုကိစ္စအပြီး ၁၉၄၂ မှ ၁၉၄၅ အထိ ဂျပန်များလက်အောက်သို့

ရောက်ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးမှစ၍ ပေါ်တူဂီတို့သည် အရှေ့တီမောနယ်မြေကို ချုပ်ကိုင်ထား ရှိခဲ့ကြပေသည်။ သို့သော် ၁၉၇၄ခုနှစ်တွင် Lisbon မြို့တော်၌ စစ်အာဏာသိမ်းပွဲတစ်ရပ် ပေါ်ပေါက်ခဲ့ရာ ပေါ်တူဂီတို့သည် တီမောကို စွန့်ခွာထွက်သွားခဲ့ကြသည်။ ထိုအခါ နယ်မြေအုပ်စိုးရေးကို အင်ဒိုနီးရှားကလည်း ကြိုးပမ်းလာခဲ့ရာ မူရင်းတီမောနိုင်ငံသားများဘက်ကလည်း ဆန့်ကျင်ပြီး မိမိတို့အာဏာရရန် ကြိုးပမ်းလာခဲ့ကြသည်။

အခြေအနေမှာ တစ်ဦးနှင့်တစ်ဦးတင်းမာမှုမှ ၁၉၇၅ခုနှစ်အထိ ဖြစ်ပေသည်။ ထို့နောက် တီမောဒီမိုကရက်တစ်ပါတီ U.T.D က Dili မြို့တွင် အာဏာသိမ်းယူရန် ကြိုးပမ်းခဲ့သည်။ ထို့နောက် U.T.D အဖွဲ့ကို တီမောလွတ်လပ်ရေးရယူရေးအဖွဲ့ကို အနောက်ဘက်ထိ တိုက်ထုတ်နိုင်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးကို ကြေငြာခဲ့သည်။ ထိုအခါ အင်ဒိုနီးရှားတပ်မတော်က အရှေ့တီမောကို ဝင်ရောက် သိမ်းပိုက်ပြီး ပြည်တွင်းစစ်ဖြစ်လာခဲ့သည်။ ထိုကာလအတွင်း အကြမ်းဖက်မှုများ လူ့အခွင့်အရေး ချိုးဖောက် မှုများကြောင့် တီမောနိုင်ငံသား (၁)သိန်းမှ (၂)သိန်းခွဲကြား အစာရေစာငတ်ပြတ်သေဆုံးခဲ့ကြရပေသည်။ ထို့နောက် ကုလသမဂ္ဂမှကြီးမှူး၍ ဩစတြေးလျငြိမ်းချမ်းရေးတပ်များ ဝင်ရောက်လာခဲ့သည်။ ကုလသမဂ္ဂ၏ ဖိအားဖြင့် ၁၉၉၉ ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပခဲ့ရာ ပြည်သူများက လွတ်လပ်ရေး တောင်းဆိုမဲပေးခဲ့ကြသည်။ ၂၀၀၂ခုနှစ် မေလ(၂၀)ရက်နေ့တွင် အရှေ့တီမောသည်

အင်ဒိုနီးရှားထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။ ပြည်သူ့အုပ်ချုပ်ရေးစနစ် Republie နိုင်ငံအဖြစ် ထူထောင်ရင်း နောင်တွင် အာဆီယံနိုင်ငံ ဖြစ်လာခဲ့ပေသည်။


************



# တရုတ်နိုင်ငံ

# (China)



# တရုတ်နိုင်ငံ (CHINA)

အာရှတိုက်တွင် တရုတ်နိုင်ငံသည် နယ်အကျယ်ပြန့်ဆုံး တိုင်းပြည်ကြီးတစ်ပြည်ဖြစ်၏။ မြန်မာနိုင်ငံထက် (၁၄)ဆကျော် ကြီး၏။ ကျယ်ပြန့်သော နယ်မြေပိုင်ရှင်၊ လူဦးရေအထူထပ်ဆုံးနိုင်ငံ အပြင် ကွန်မြူနစ် စီးပွားရေးစနစ်မှ အရင်းရှင်စီးပွားရေးကို ဖောက်ချ လုပ်လာသဖြင့် အာရှတွင် စီးပွားရေးအင်အား၊ စစ်ရေး အင်အား၊ နိုင်ငံရေးအင်အား ကြီးမားသော နိုင်ငံအဖြစ်လည်းကောင်း၊ ကမ္ဘာ စိုးမိုးရေးတွင် အမေရိကန်၊ ရုရှတို့နှင့်အပြိုင် ရပ်တည်နေသော နိုင်ငံ ဖြစ်လာနေပေသည်။ အာရှနိုင်ငံငယ်များအတွက် သတိပြုသိထား ရမည့်နိုင်ငံတစ်ခုလည်း ဖြစ်နေပါသည်။ သို့အတွက် အာရှနဂါးဟု ခေါ်သော တရုတ်ပြည်အကြောင်း ပထမဝိဝင်အပြင်ဖြင့် ရေးသား ဖော်ပြရပါသည်။

## တည်နေရာအကျယ်အဝန်းနှင့်မြေမျက်နှာသွင်ပြင်

တရုတ်နိုင်ငံသည် အာရှတိုက်ကြီး၏ နယ်မြေလေးပုံတစ်ပုံ ကို ပိုင်ဆိုင်ထားပြီး၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့၏ မြောက်ဘက်တွင် နယ်စပ်ချင်းထိတွေ့တည်ရှိ နေသည်။ တနည်းအားဖြင့် ထိုနိုင်ငံတို့သည် တရုတ်နိုင်ငံကို ပန်းဖြင့် ထမ်းထားသကဲ့သို့ တွေ့မြင်ရသည်။ ဘင်္ဂလားပင်လယ်အော်နှင့် တရုတ်နိုင်ငံကြားတွင် ထိုနိုင်ငံများတည်ရှိနေပေသည်။ တရုတ်နိုင်ငံ

၏ မြောက်ဘက်တွင်မူ မွန်ဂိုလီယားနိုင်ငံနှင့် ဆိုဗီယက်၊ ရုရှတို့ တည်ရှိနေပေသည်။ အနောက်ဘက်တွင်မူ KAZAKHSTAN နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ TAJIKISTAN KYRGYSTAN နိုင်ငံများနှင့် နယ်စပ်ချင်းထိတွေ့ နေပေသည်။ အရှေ့ဘက်တွင်တွင်မူ တောင် တရုတ်ပင်လယ်ဘက်ကို မျက်နှာမူပြီး၊ မြောက်ကိုရီးယား၊ ဆိုဗီယက်၊ ရုရှအထိ ကမ်းရိုးတန်းသည်မိုင်ပေါင်း (၂၈၀၀)ခန့်ကျယ်ပြန့်စွာ တည်ရှိနေပါသည်။ တောင်ဘက်နှင့်အနောက်ဘက်နိုင်ငံများနှင့် ဆက်စပ်နေသော နယ်မြေများတွင် တောတောင်ထူထပ်ပြီး တောင်တန်းရှည်များဖြင့် ပြည့်နှက်နေသည်။ တောင်ဘက်အရှေ့ ဘက်ကမ်းရိုးတန်းတလျှောက် တောတောင်ထူထပ်ပြီး သဲကန္တာရများ ဖြစ်ထွန်းနေသော်လည်း မြောက်ပိုင်းဘက်တွင်မူ မြေပြန့်များ ပေါ်များသည်ကို တွေ့ရသည်။ တရုတ်ပြည်၏ ယန်စီမြစ်သည် အာရှ၏အရှည်ဆုံးမြစ်ဖြစ်၍ မိုင်ပေါင်း(၃၉၁၅)မိုင် ရှည်လျားပါ သည်။ ဟူနန် ခေါ် မြစ်ဝါမြစ်၊ အမူ ခေါ်မြစ်၊ စီဟုခေါ် သောမြစ်၊ စသည်ဖြင့် မြစ်ပေါင်းများစွာ အရေးပါတည်ရှိပါသည်။ နိုင်ငံ၏ အရှေ့ဘက်၌ မြေဩဇာကောင်းမွန်သော လွင်ပြင်များရှိသည်။ ဟိုင်နန်ကျွန်းနှင့် တိုင်ဝမ်ကျွန်းတို့သည် တရုတ်ပြည်မကြီး၏ အကြီး မားဆုံးကျွန်းများဖြစ်ကြသည်။

တရုတ်ပြည်သည် မြောက်လတ္တီတွတ် ၂၈ဒီဂရီနှင့် ၄၅ဒီဂရီ အတွင်း၌လည်းကောင်း၊ အရှေ့လောင်ဂျီတွတ် ၇၈ဒီဂရီမှ ၁၂၃ဒီဂရီ အထိ ၄င်းကျယ်ပြန့်စွာ တည်ရှိနေပါသည်။ ဧရိယာအကျယ်

အဝန်းမှာ စတုရန်းမိုင်(၃၇၀၅၄၀၅) စတုရန်းမိုင် သုံးသန်းခုနစ်သိန်း ကျော်ကျယ်ဝန်းပါသည်။ စတုရန်းကီလိုမီတာအား ဖြင့် ၉၅၉၆၉၆၀ ရှိပါသည်။ (ကိုသန်းခွဲကျော်)မြို့တော်မှာ ပီကင်း(ခေါ်) ဘီဂျင်းမြို့ကြီး (BEIJING)ဖြစ်၍ လူဦးရေ ၁၀၈၄၈၀၀၀ (တစ်ဆယ့်တစ်သန်းနီးပါး)နေထိုင်ကြပါသည်။ ယခုဆိုပိုမိုသော လူဦးရေ ရှိကြပါသည်။ ဒုတိယမြို့တော်မှ ရှန်ဟိုင်းမြို့ဖြစ်၍ စီးပွားရေးမြို့ဖြစ်ပါသည်။

## ရာသီဥတုအနေအထား

တရုတ်နိုင်ငံသည် နယ်မြေကျယ်ပြန့်သည့်အတွက် ရာသီဥတုကွဲပြားမှုလည်းရှိပါသည်။ တောင်ပိုင်း၊ အရှေ့ပိုင်း ကမ်းရိုးတန်းဒေသများ၌ မုတ်သုန်ရာသီဥတုရှိပြီး မိုးရေချိန်များရရှိတတ်သည်။ ပစိဖိတ်သမုဒ္ဒရာ မှ ဖိလစ်ပိုင်ကိုဖြတ်၍ အရှေ့ဘက်မှ တိုက်ခတ်လာသော မုန်တိုင်းများသည် တရုတ်ပြည်သို့ ဝင်ရောက် အဆုံးသတ်တတ်ရာ ထိုမုန်တိုင်းများကြောင့် မိုးရေချိန်များများ ရရှိတတ်ကြသည်။ တောင်ပိုင်းပူအိုက် စိုစွတ်သော်လည်း တရုတ်ပြည် မြောက်ဘက်ဒေသမှာမူ အအေးပိုင်းနှင့် နီးကပ်သဖြင့် ခြောက်သွေ့၍ ချမ်းအေးသည်။ တည်နေရာအားဖြင့် တရုတ်ပြည်သည် မြောက်လတ္တီတွတ် ၂၈ဒီဂရီမှ အစပြုခဲ့ရာ ၂၃ နှစ်ပိုင်းတစ်ပိုင်းဒီဂရီ အထက်ရောက်နေသဖြင့် သမပိုင်းဇုံတွင် တည်ရှိနေရာ ရာသီဥတုမှာ အေးချမ်းသော သဘာဝရှိနေပေသည်။

## လူဦးရေနှင့်လူမျိုးစုများ

တရုတ်ပြည်တွင် လူမျိုးစုအမျိုးမျိုး (၅၆)မျိုးထိ ကွဲပြားစွာရှိနေသော်လည်း အဓိကအများစုမှာ ဟန်လူမျိုးများဖြစ်ကြသည်။ အားလုံး၏(၉၂%)ခန့်ရှိသည်။ သို့သော် တိဘက် အမျိုးအနွယ် Uygurs ယွေးဂါးလူမျိုး၊ မွန်ဂိုအမျိုးအနွယ်များတို့ ဇူယန် ZHUANG , မန်ချူး MANCHU , ဟူအီ HUI , မီယို MIAO , Uygur ဝီဂါ, YI ရီ, TUJIA တူဂျီယာ, Tong တွန်, တိဘက်၊ မွန်ဂို စသည့်လူမျိုးများပြားသည်။ စကားပြောဆိုမှုကွဲပြားသော်လည်း ပီကင်း(ဘီကျင်း) တွင်နေသော သူတို့၏ ပြောဆိုသော Mandrin မာန်ဒရိန်းစကား အမျိုးသားရေးစကားအဖြစ် အသိအမှတ်ပြု၍ သုံးစွဲကြသည်။ တစ်နိုင်ငံလုံး၏ လူဦးရေ မှာ - ၁၃၁၃၉၇၃၇၁၃ ရှိရာ သန်းပေါင်း (၁၄၀၀)ခန့်ရှိနေပါသည်။ ယခုပို၍များပါသည်။ လျင်မြန်စွာ တိုးပွားနေသော လူဦးရေကို ထိန်းချုပ်ရန် အိမ်ထောင်စုတစ်စုလျှင် သားသမီး(၂)ဦးသာမွေးရန် အစိုးရက ထိန်းချုပ်ထားပါသည်။ မြို့တော်မှာ ဘီဂျင်းမြို့ဖြစ်၍ တရုတ်ပြည်၏အရှေ့မြောက်ဘက် ကမ်းရိုးတန်းနားတွင် တည်ရှိပါသည်။ လူဦးရေ - ၁၀၈၄၈၀၀၀ (၁၁)သန်းနီးပါးရှိသည်ဟု ဆိုပါသည်။ ပြောဆိုစကားတွင် မန်ဒရိန်း Mandarin စကားမှာ တရားဝင်စကားဖြစ်သည်။ ကန်တုန်စကား Cantonese ၊ ဝူး ခေါ် ဂုန်ဟိန်နီး Shanghalnese စကား၊ မိန်ဘိန်းစကား Mainan ခေါ် ဟုတ်ကီယန်စကား (ထိုင်ဝမ်နိုင်ငံသုံးစကား) စသည်ဖြင့် ကွဲပြားခြားနားစွာ ရှိပါသည်။

## ဘာသာရေး

ကမ္ဘာ၌ ဦးစွာယဉ်ကျေးမှုထွန်းကားခဲ့သော တရုတ်တို့သည် ၎င်းတို့၏ ပညာရှိ ကွန်ဖြူးစီယပ်၏ အဆုံးအမဩဝါဒများအတိုင်း လိုက်နာကျင့်သုံးကြသည်။ နောင်တွင် ဗုဒ္ဓဘာသာလွှမ်းမိုးလာရာ မူရင်း ဝါဒနှင့် ရောနှောကိုးကွယ်ကြသည်။ ထို့ပြင် DAOISM ဒိုဇမ်း အယူဝါဒ တစ်မျိုးပေါ်လာသည်။ တရုတ်တို့သည် ထို(၃)မျိုးသောဝါဒကို ရောနှော၍ ပေါင်းစပ်၍ ကိုးကွယ်ကြသည်။ ခရစ်ယာန်နှင့် မွတ်ဆလင်များအနည်းအကျဉ်းရှိသည်။ တရုတ်ပြည် ဝီဂါလူမျိုးစုတို့ကြား မွတ်ဆလင်ဝါဒပြန့်ပွားမှုဖြင့် ပြဿနာများရှိလာရာ နိုင်ငံအစိုးရက တားမြစ်နှိမ်နင်းခဲ့သည်။

## သံယံဇာတနှင့်ထွက်ကုန်ပစ္စည်းများ

ကျယ်ပြန့်စွာတည်ရှိသော တရုတ်နယ်မြေသည် သံယံဇာတ ပေါကြွယ်ဝသည်။ ရေနံ၊ သဘာဝ ဓါတ်ငွေ့၊ ပြဒါး၊ အလူမီနီယံ၊ သတ္တု၊ ခဲ၊ သွတ်၊ ကျောက်မီးသွေး၊ သံ၊ သံမှုန့်၊ သံဖြူ Tungten အဖြိုက်နက် သတ္တုနှင့် အခြားသတ္တုမျိုးစုံထွက်သည်။ သဘာဝ ရေတံခွန်များကို အားပြု၍ လျှပ်စစ်ဓါတ်အားများလည်း ထုတ်သည်။

စိုက်ပျိုးရေးထွက်ကုန်မှာ ဆန်စပါး၊ ဂျုံမှုန့်၊ အာလူး၊ လူး၊ ဆပ်ပြောင်း သီးနှံများ မြေပဲ များ၊ လက်ဖက်၊ ဘာလီစပါး၊ ဝါဂွမ်းနှင့် ဆီထွက်သီးနှံများ ဖြစ်ကြသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ဆန်စပါး ကြီးမားစွာ စိုက်ပျိုးသော နိုင်ငံဖြစ်သည်။ ထို့ပြင် အထက်

ဖော်ပြခဲ့သော စိုက်ပျိုးနိုင်သော သီးနှံအားလုံးကို စိုက်ပျိုးကြသည်။

## စီးပွားရေးနှင့် ထုတ်လုပ်ကုန်ပစ္စည်းများ

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ဆန်စပါးကိုအများဆုံး တင်ပို့သော နိုင်ငံဖြစ်သည်။ အထက်ဖော်ပြခဲ့သော လက်ဖက်၊ ပြောင်း၊ ပဲ၊ လူး၊ ဆတ် သီးနှံများစိုက်ပျိုးရေး သီးနှံများကို နိုင်ငံခြားသို့ တင်ပို့သည်။ ထို့ပြင် တရုတ်ပြည်သည် ကမ္ဘာပေါ်၌ ကျောက်မီးသွေး၊ သံသတ္တုများ၊ ရေနံထွက်ပစ္စည်းများ၊ ရေအား လျှပ်စစ်ဖြင့်ရရှိသော ဓါတ်အားများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆေးဝါးများကအစ စက်မှု လုပ်ငန်းများဖြင့် ပြုလုပ်ပြီး တင်ပို့ကြခြင်းဖြစ်သည်။ သဘာဝ ထွက်ကုန်သတ္တုများကို အသုံးပြု၍ သံနှင့်သံထည်ဆိုင်ရာ ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ စစ်သုံးပစ္စည်းများ၊ သင်္ဘောဆောက်လုပ် ရောင်းချခြင်းများ၊ ရေနံပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ဓါတုဗေဒ ဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကားထုတ်လုပ်ခြင်း၊ ဆက်သွယ်ရေးတယ်လီဖုန်းများ ထုတ်လုပ်ခြင်းကအစ လူသုံးကုန် ပစ္စည်းများကို ထုတ်လုပ်ပြီး အိမ်နီးနားချင်းနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ကြသည်။ အမေရိကန်နှင့် ဥရောပတိုက်သို့ တင်ပို့သည်။ တရုတ်တို့သည် ကွန်မြူနစ်စနစ်ဖြင့် အုပ်ချုပ်သော်လည်း ယခုအခါ အရင်းရှင်စီးပွားရေးစနစ်ကို စောက်ချပြီး အရင်းရှင်များထက်သာ အောင် ကြိုးစားနေရာ ယခုစီးပွားရေးမှာ တောင့်တင်းတိုးတက်လျက် ရှိနေသည်ကိုတွေ့ရပေသည်။

## သမိုင်းကြောင်းနှင့်နိုင်ငံရေးရာများ

လွန်ခဲ့သော နှစ်ပေါင်း(၄၀၀၀)ကျော်မှစ၍ ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုထွန်းကားခဲ့သောနိုင်ငံသည် တရုတ်နိုင်ငံဖြစ်သည်။ နေထိုင်သူလူဦးရေသန်းပေါင်းများစွာရှိခဲ့ပြီး ကမ္ဘာ့လူဦးရေအများဆုံးရှိသော နိုင်ငံဖြစ်သည့်အပြင် တတိယမြောက် ကမ္ဘာ့အကျယ်ဆုံး နိုင်ငံဖြစ်သည်။ တရုတ်ပြည်၏ မြစ်ဝါမြစ်တစ်လျှောက်တွင် လူများစွာ အတည်တကျနေထိုင်ပြီး BC ၂၀၀၀ ခုအချိန်မှစ၍ တရုပ်တို့၏ ယဉ်ကျေးမှုကို ပေါ်လွင်အောင်လုပ်ဆောင်လာခဲ့ကြသည်။ ထိုအချိန်မှစ၍ မင်းဆက်များ အုပ်ချုပ်ရေး စနစ်ထွန်းကားခဲ့ကြသည်။ သို့သော် ၁၉ရာစုအစ ၁၉၁၂ခုနှစ်တွင် ရှေးခေတ်မင်းဆက်များကိုဖြုတ်၍ ပြည်သူအုပ်ချုပ်သော စနစ် Republic စနစ်သို့ ပြောင်းလဲခဲ့ကြသည်။ သို့အတွက် အကြွင်းအကျန်မင်းဆက် မျိုးနွယ်များ၊ နယ်မြေစိုးမိုးရေးကို ကြိုးပန်းနေကြသော စစ်ခေါင်းဆောင်များ၊ War Lords နှင့် တစ်ဘက်တွင် ခေတ်စနစ်အရ ပေါ်ပေါက်လာသော ကွန်မြူနစ်ပါတီတို့နှင့် လုံးထွေးပြီး နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်နေခဲ့ကြသည်။ ထိုသို့နိုင်ငံရေးမတည်မငြိမ်ဖြစ်နေစဉ် ၁၉၃၁ခုနှစ်တွင် ဂျပန်တို့က တရုတ်ကို ဝင်ရောက်ခဲ့ပြီး၊ ၁၉၄၅ခုနှစ်တွင် အပြီးသိမ်းခဲ့သည်။ သို့ဖြင့် ကွန်မြူနစ်ပါတီနှင့် ဂျပန်တို့အား ပြိုင်တိုက် ခိုက်ခဲ့ကြသည်။ ဂျပန်တို့ ဒုတိယကမ္ဘာစစ်တွင် ရှုံးခဲ့သည်။ သို့ဖြင့် တရုတ်ကွန်မြူနစ်ပါတီက ၁၉၄၅ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို People Republic of China ကို တည်ထောင်အုပ်ချုပ်လာသည်။

ကွန်မြူနစ်ဆန့်ကျင်သူအမျိုးသားရေးဝါဒီတို့သည် ထိုင်ဝမ်ကျွန်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ထိုင်ဝမ် နိုင်ငံကို တည်ထောင်ခဲ့သည်။ သီးခြားနိုင်ငံအဖြစ် ကြေညာခဲ့သော် တရုတ်က ကန့်ကွက်သဖြင့် ကမ္ဘာက အသိအမှတ်ပြုခြင်း နှောင့်နှေးနေခဲ့သည်။ အင်အားကြီး ထွားလာသော ကွန်မြူနစ်အစိုးရသည် ၁၉၅၀ခုနှစ်တွင် တိဗက် နိုင်ငံကို တရုတ်နိုင်ငံအဖြစ် သိမ်းပိုက်ခဲ့ရာ တိဗက်ခေါင်းဆောင် ဒလိုင်လားမားမှာ အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်နေရသည်မှာ ယနေ့တိုင်ဖြစ်သည်။ တရုတ်တို့ ကွန်မြူနစ်ပါတီသည် အာဏာချုပ် ကိုင်ပြီးသည်မှစ၍ တိုင်းပြည်ထူထောင်ရေးကို ကြိုးစားခဲ့ကြသည်။

သို့သော် တင်းကြပ်သော ကွန်မြူနစ်စည်းကမ်းစနစ်များ ကြောင့် အောင်မြင်သလောက် မအောင်မြင်ဘဲ တိုင်းပြည်ဆင်းရဲ မှုသို့ ဦးတည်ခဲ့သည်။ သို့ဖြင့် ကွန်မြူနစ်ပါအဆက်ဆက်လွန်မြောက် ခဲ့သည်။ ကွန်မြူနစ်ပါတီခေါင်းဆောင် တိန်ရှောင်ဖိန်နှင့် အခြား လူကြီးများ လက်ထက်တွင် ကွန်မြူနစ်တို့၏ ရန်သူ သဖွယ်သဘော ထားသော အရင်းရှင်စီးပွားရေးစနစ်ကို ကွန်မြူနစ်ပါတီက ပြောင်းလဲ လုပ်ဆောင်ရန် လမ်းညွှန်ခဲ့သည်။ စီးပွားရေးပြောင်းလဲလာမှုကြောင့် တရုတ်တို့ စီးပွားရေးကဏ္ဍ၌ တိုးတက်မှုဖြစ်ထွန်း လာခဲ့ကြသည်။ စီးပွားရေးအောင်မြင်မှုကြောင့် နိုင်ငံရေးဩဇာလည်း ကြီးထွားလာ ခဲ့သည်။ ထိုအခါမှ စ၍ "ကွန်မြူနစ်အုပ်ချုပ်သော အရင်းရှင်စီးပွား ရေးစနစ်"သည် တရုတ်၌လည်းကောင်း ကမ္ဘာ၌လည်းကောင်း ဖြစ်ပေါ်လာခဲ့သည်ဟု ယူဆရပါသည်။

************



# ဂျပန်နိုင်ငံ
# (Japan)






# ဂျပန်နိုင်ငံ (JAPAN)

ဂျပန်နိုင်ငံသည် အာရှတိုက်၌ စီးပွားရေးတိုးတက်သော နိုင်ငံအဖြစ်ရပ်တည်နေပါသည်။ ၁၉၄၅ခုနှစ် ဒုတိယကမ္ဘာစစ်ပြီး နောက် အမေရိကန်နှင့် မိတ်ဘက်အဖြစ်ရပ်တည်ပြီး စစ်ရေးထက် စီးပွားရေးကို ဦးဆောင်နေသော တိုင်းပြည်တစ်ခုဖြစ်ခဲ့သည်။ ယခုအခါ ကွန်မြူနစ်အမည်ခံပြီး အရင်းရှင် စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နေသူ တရုတ်နှင့်လည်းကောင်း၊ တောင် ကိုရီးယားနှင့်လည်းကောင်း အာရှတွင် စီးပွားရေး ဦးဆောင်နေသော စီးပွားရေးခိုင်မာသော နိုင်ငံအဖြစ် တွေ့နေရပါသည်။

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

ဂျပန်နိုင်ငံသည် အာရှတိုက်၏အရှေ့ဘက်အစွန်းဆုံးနှင့် မြောက်အစွန်ဆုံးနေရာတွင် တည်ရှိပြီး ကိုရီးယားကျွန်းဆွယ်၊ ဆိုဗီယက်နှင့် တရုတ်နိုင်ငံနယ်မြေများ၏ အောက်ဘက်(တောင် ဘက်)တွင် တည်ရှိသည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားကဲ့သို့ ကျွန်းများပေါင်စုထားသော ကျွန်းစုနိုင်ငံဖြစ်သည်။ ကျွန်းစုများမှာ တစ်ခုနှင့်တစ်ခု ဝေးကွာမှုမရှိဘဲ နီးကပ်စွာ တည်ရှိရာ ကျွန်းနိုင်ငံ တိုင်းပြည်တစ်ခုအဖြစ် ဆက်စပ်စွာ တွေ့မြင်နေရသည်။ အဓိက ကျွန်းများမှာ တောင်ဘက် ကျူရှူကျွန်း(KYUSHU)၊ ရှီကိုကူကျွန်း (SHIKOKU) ၊ ဟွန်ချူးကျွန်း(HONSHU)ကျွန်းနှင့် မြောက်ဘက်

အစွန်း၌ ဟိုကိုက်ဒိုကျွန်း (HOKAIDO) တို့ဖြစ်၍ ကျွန်းများတစ်ခုနှင့် တစ်ခုဆက်စပ်တည်ရှိနေကြသည်။ ကျွန်းစုမိုင်အရှည်မှာ ၂၃၆၀ မိုင် ရှည်လျားပါသည်။ ဂျပန်ပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာဝိုင်းရံထားသော ကျွန်းစုပေါင်း ၃၀၀၀ကျော် တည်ရှိနေပါသည်။

ယိုကိုဟားမား၊ အိုစကာ၊ နဂိုယာ၊ တိုကျိုစသော မြို့ကြီးများသည် ဟွန်ရှူကျွန်း(HONSHU)ကျွန်းတွင် တည်ရှိကြသည်။ ကျွန်းကြီးလေးကျွန်း၏ အနေအထားမှာ အရှေ့မြောက်မှ အရှေ့တောင်သို့ ဦးတည်လျက်တည်ရှိနေပါသည်။ မြောက်လတ္တီတွတ် ၃၂ ဒီဂရီမှ မြောက်လတ္တီတွတ် ၄၅ ဒီဂရီအတွင်းနှင့် အရှေ့လောင်ဂျီတွတ် ၁၃၀ ဒီဂရီနှင့် ၁၄၅ ဒီဂရီကြားတွင် တည်ရှိနေရာ အနောက်ပစိဖိတ်သမုဒ္ဒရာ ရေပြင်က ကျွန်းများကို ဝိုင်းရံထားပါသည်။ ကျွန်းစဉ်တစ်လျှောက်တွင် တောင်တန်းများ၊ တောင်ကုန်းများ ပြည့်နှက်နေသော်လည်း မြေပြန့်များလည်းရှိရာ ထိုနေရာတွင် လူအများနေထိုင်ကြသည်။ နယ်မြေ အားလုံး၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း - ၁၄၅၈၈၃ ရှိသည်(တစ်သိန်းခွဲခန့်) စတုရန်းကီလိုမီတာအားဖြင့် ၃၇၇၈၃၅ကီလိုမီတာ (၄)သိန်းနီးပါးရှိပါသည်။ မီတာ ၃၇၇၆ မီတာမြင့်သော ဖူဂျီတောင်သည် မြို့တော် တိုကျိုမြို့ကြီး အနောက်ဘက် အနီးအဝေး၌ တည်ရှိပေသည်။ မြေပြင်များ၏ အနေအထား (၇၂%)မှာ တောတောင်များ တောင်ကုန်းများဖြစ်ပြီး၊ မီးတောင်များဖြင့် ပြည့်နှက်စွာတည်ရှိသည်။ ပစိဖိတ် သမုဒ္ဒရာကျွန်းများဖြစ်ပြီး အောက်ခံမြေများ အနေအထားကြောင့် ငလျင်လှုပ်ခြင်း

များ မကြာခဏဖြစ်သည်။ ကမ္ဘာ၌ မြေငလျင်အလှုပ်ဆုံးနေရာ ဖြစ်နေသည်ကို တွေ့ရသည်။ ငလျင်ဒဏ်ခံအဆောက်အဦးများ ဖြစ်ရန် ဦးစားပေးဆောက်လုပ်ကြသည်။

## ရာသီဥတု

ဂျပန်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ရာသီဥတု များစွာကွဲပြားမှုရှိပါသည်။ တည်နေရာမှာ ကမ္ဘာမြောက်ဘက် ၃၂ဒီဂရီမှ ၄၅ ဒီဂရီအကြားရှိရာ သမနှင့်အအေးပိုင်းဇုံများတွင် ကျရောက်နေသဖြင့် သဘာဝအားဖြင့် ချမ်းအေးသည်။ အပူရှိန် ရရှိမှုနည်းပါသည်။ ပစိဖိတ်သမုဒ္ဒရာမှ ဖြစ်ပေါ်သော မုန်တိုင်းတို့ သည် တစ်ခါတရံ ဂျပန်ဘက်ဝင်ရောက်တက်ရာ မိုးရေချိန်များရရှိပြီး လေပြင်းတိုက်ခတ်ခံရခြင်းများ ရှိတတ်သည်။ တောင်ပိုင်းတွင် ထိုသို့မိုးရေချိန်ရသော မြောက်ပိုင်းဒေသများတွင် များသောအားဖြင့် အအေးလွန်ကဲစွာကျရောက်တတ်သည်။ နေသည် ကမ္ဘာမြောက် ဘက်တွင် ရောက်ရှိသည့် ဧပြီ၊ မေ၊ ဇွန်လများတွင် နွေရာသီဖြစ်၍ အအေးသက်သာသည်။ ပန်းများဖူးပွင့်ကြသည်။ နိုဝင်ဘာ၊ ဒီဇင်ဘာ လတွင်မူ ဆောင်းတွင်းဖြစ်၍ အအေးပိုများတတ်သည်။

## လူဦးရေနှင့် လူမျိုးစုများ

များသောအားဖြင့် ဂျပန်လူမျိုးတို့သည် အခြားသူများနှင့် မရောဘဲ မိမိတို့လူမျိုးတစ်စုတည်းကို အကြောင်းပြု၍သာ

ပေါင်းသင်းနေထိုင်တတ်ကြသူများဖြစ်ကြသည်။ အဓိကအခြေခံမှာ အိန္နူး(Ainu)ခေါ် မူရင်းတိုင်းရင်းသားများဖြစ်၍ မြောက်ဘက် ဟိုကိုင်ဒိုး ကျွန်းတွင် မူရင်းလူမျိုးအဖြစ် နေထိုင်ကြသည်။ ၎င်းတို့ သည်လည်း မူရင်း caucasiam ကော်ကဆန်လူမျိုး အမဲလိုက်နေထိုင် ကြသူများအဖြစ်မှ ဆင်းသက်လာသည်ဟု ယူဆကြသည်။ ကိုရီးယား မျိုးနွယ် အနည်းအကျဉ်းလည်း နေထိုင်ကြသည်။ လက်ရှိအခြေ အနေတွင် အဓိကလူမျိုးစုမှာ ဂျပန်(၉၉%) တရုတ်နှင့် ကိုရီးယားတို့ (၁%)ရှိကြသည်။ ဘာသာစကားမှာ ဂျပန်စကားဖြစ်၍ တရားဝင် ရုံးသုံး စကားဖြစ်သည်။ အိန္နူး Ainu ဘာသာစကားနှင့် ကိုရီးယား စကားများကိုလည်း ပြောဆိုကြသည်။ ခေတ်သစ်တွင် အင်္ဂလိပ် ဘာသာစကားလည်း ပြောဆိုရန် ကြိုးပမ်းနေဆဲဖြစ်သည်။ စုစုပေါင်း လူဦး ရေမှာ - ၁၂၇၄၆၃၆၁၁ (၁၂၇သန်းခွဲခန့်)ရှိပေသည်။ မြို့တော် မှာ တိုကျိုမြို့ဖြစ်၍ လူဦးရေ - ၃၄၉၉၇၀၀၀ (၃၄သန်းခန့်) နေထိုင် ကြသည်။

## ဘာသာကိုးကွယ်မှု

လူဦးရေ (၈၄%)မှာ ဗုဒ္ဓဘာသာကို အခြေခံ၍ ၎င်းတို့၏ Shito ဘာသာရောနှောကာ ကိုးကွယ်ကြသည်။ လူမျိုးစလေ့အရ အခြားကိုးကွယ်မှုများရှိသော်လည်း နည်းပါးသည်။ ခရစ်ယာန် ကိုးကွယ်မှုမှာ (၁%)ခန့်သာရှိသည်။ ဦးစွာ တရုတ်ပြည်မှတဆင့် ဗုဒ္ဓဘာသာများ ဝင်ရောက်လာပြီး ဘာသာရေးအခြေခံအဖြစ်

တည်ရှိလာသော်လည်း ရှင်ကိုဘာသာနှင့် ရောနှောကိုးကွယ်ကြဟန် ရှိပါသည်။

## သံယံဇာတနှင့် ထွက်ကုန်ပစ္စည်းများ

ကမ္ဘာမြေပြန့်နိုင်ငံများနှင့်စာလျှင် သံယံဇာတထွက်ရှိမှု နည်းပါးသည်။ ရေနံနှင့် ကျောက်မီးသွေး တချို့နေရာ၌ထွက်ရှိသည်။ သို့သော်စားသုံးမှု ဖူလုံအောင် ဆန်စပါးစိုက်ပျိုးခြင်း၊ သကြား ထုတ်လုပ်ခြင်း၊ မုန်လာဥနီစိုက်ပျိုးခြင်း၊ သီးနှံစုံများစွာ စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းရိက္ခာကို ဖူလုံစေသည်။ နိုင်ငံတော် အစိုးရကလည်း စိုက်ပျိုးထုတ်လုပ်မှုကို အားပေးကူညီသည်။ အသား ငါး ပုဇွန်များ လည်း ထုတ်လုပ်သည်။ အဓိကမှာ ဆန်၊ သကြား၊ မုန်လာဥနီ သီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးကြသည်။

## စက်မှုလုပ်ငန်းများ

အထူးသဖြင့် ဂျပန်တို့သည် စက်မှုလုပ်ငန်းများ၌ နည်း ပညာပိုင်း ထင်ရှားကြသည်။ ကမ္ဘာ၌ မော်တော်ယာဉ်ထုတ်လုပ် မှုတွင် ဦးဆောင်နေသည်။ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု စက်မှုသုံး ပစ္စည်းကိရိယာ ထုတ်လုပ်ခြင်း၊ ဓါတုပစ္စည်းကိရိယာများ ထုတ်လုပ် ခြင်း၊ သင်္ဘောဆောက်လုပ်မှုပညာ သံထည်ပစ္စည်း ထုတ်လုပ်မှုပညာ၊ စက်မှုပညာ၊ အဝတ်အထည်ထုတ်လုပ်မှုပညာ၊ စားသောက်ကုန် ထုတ်လုပ်မှုပညာတို့၌ ဦးဆောင်မှု နည်းပညာမြင့်မားမှုတို့ဖြင့်

ထင်ရှားပါသည်။ ထွက်ကုန်ပစ္စည်းများကို အဓိကအာရှနိုင်ငံများ အမေရိကန်သို့ တင်ပို့ကြသည်။ ယခုအခါ ဂျပန်တို့သည် နိုင်ငံကို စီးပွားရေးတိုးတက်ရန်အတွက်သာ ဦးတည်လှုပ်ရှားနေကြသည်ကို တွေ့ရပါသည်။ ဂျပန်နိုင်ငံ၏ ငွေကြေးမှာလည်း ခိုင်မာတောင့်တင်းမှုရှိပြီး အမေရိကန်ဒေါ်လာနှင့်ယှဉ်လျက်ရပ်တည်နေပါသည်။ ဂျပန်ငွေကို ယန်း(YEN)ဟု ခေါ်ဆိုသုံးနှုန်းကြပါသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

ဂျပန်တို့သည် မူရင်းတိုင်းသားများဖြစ်သော အမဲလိုက်စားသောက်နေထိုင်ကြသော အိန္နူး(Ainu) ခေါ် လူမျိုးစုများမှာ ဂျပန်အဖြစ် ပြန့်ပွားလာခဲ့ကြသည်။ ဂျပန်လူမျိုးစုအလိုက် နေထိုင်ကြရင်း လူမျိုးစု ခေါင်းဆောင်တို့၏ အုပ်ချုပ်မှုအောက်တွင် ရောက်ရှိလာကြသည်။ နယ်မြေစိုးပိုင်မှုနှင့် လယ်မြေပိုင်ဆိုင်မှုကိုလိုက်၍ ကံကျွေးချစနစ်ခေါ် နယ်မြေအုပ်စိုးသူတို့၏ ကြီးစိုးမှုအောက်တွင် ရောက်ရှိခဲ့ကြသည်။ ခေတ်လက်နက်များ မပေါ်မီက ဆာမူရိုင်းခေါ် ဓါးသမားများကို ကာကွယ်ရေးအတွက် အသုံးချခဲ့ကြသည်။ တစတစ အင်အားရှိသူများက ဘုရင်စနစ်အထိ ဖြစ်လာပြီး အုပ်စိုးလာကြသည်။ ဘုရင်စနစ်ပေါ်ပေါက် လာခဲ့သည်။ အကွဲကွဲအပြားပြားအနေအထားမှ ဘုရင်တစ်ဦးတည်းအုပ်စိုးသော နိုင်ငံဖြစ်လာသည်။ စစ်အင်အားလည်း ကြီးထွားလာခဲ့ကြသည်။ သို့သော် ဂျပန်ရိုးရာဓလေ့သာ စိုးမိုးပြီး အခြားဒေသမှ ယဉ်ကျေးမှုများ ဝင်ရောက်လာ

ခြင်း မရှိသေးပေ။

သို့သော် နာဂါဆာကီမြို့သို့ နိုင်ငံခြားမှ Duteh လူမျိုးတို့သည် ဦးစွာရောက်ရှိလာခဲ့ကြသည်။ ထို့နောက် ၁၈၅၄ခုနှစ်တွင် အမေရိကန်ရေတပ်ဗိုလ်ချုပ်Perry ပါရီဆိုသူက ဂျပန်တို့အား နိုင်ငံတကာနှင့် ဆက်ဆံရေးလမ်းပွင့်အောင် တွန်းအားပေးခဲ့လမ်းပြခဲ့သည်ဟု ဆိုပါသည်။ သို့ဖြင့် ၁၉၆၀ ခုနှစ်တွင် ဘုရင်စနစ်ပီပြင်စွာ ပေါ်လာခဲ့ပြီး၊ နိုင်ငံတကာဆက်ဆံရေးကို ကြိုးပမ်းခဲ့ကြပါသည်။ သို့ဖြင့် ဂျပန်တို့သည် အင်အားတစတစတောင့်တင်းလာရာက ၁၈၉၅ ခုနှစ်တွင် တရုတ်နယ်မြေထဲသို့ ဝင်ရောက်ကျူးကျော်မှု ရှိလာခဲ့သည်။ ထိုအချိန်က ၁၉၀၅ ခုနှစ်မှစ၍ ကွန်မြူနစ်ဝါဒ အာရှတွင် ပျံ့နှံ့လာနေရာ ဂျပန်တို့ ပထမတွင် နောက်ဆုတ်ခဲ့ရသော်လည်း ၁၉၃၁ ခုနှစ်တွင် တရုတ်နယ်မြေကို အင်အားဖြင့် ဝင်ရောက်သိမ်းခဲ့သည်။ အင်အားကြီးလာသော ဂျပန်တို့သည် ၁၉၄၁ ခုနှစ်တွင် အမေရိကန်ပုလဲဆိပ်ကမ်းကို စတင်တိုက်ခိုက်ရင်း ဒုတိယကမ္ဘာစစ်မီးကို မွေးပေးခဲ့သည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ စသော အာရှနိုင်ငံများကိုလည်း ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ဂျပန်တို့စိုးမိုးနေသည်။ အမေရိကန်တို့က ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များကို အနုမြူဗုံးကြဲချခဲ့ရာ ဂျပန်တို့စစ်ပြေငြိမ်းခဲ့ကြရသည်။ ထိုအချိန် ထိုအခါ BC 600 ခုနှစ်မှစ၍ လွတ်လပ်စွာနေခဲ့သော ဂျပန်တို့သည် စစ်အင်အားကြီးထွားရေးကို လျစ်လျူရှုပြီး၊ စီးပွားရေးတောင့်တင်း

သော နိုင်ငံဖြစ်အောင် ယနေ့ထိ ကြိုးပမ်းလျက်ရှိနေပါသည်။ အုပ်ချုပ်ရေးတွင် ဘုရင်စနစ်ကို တိုင်းပြည်၏ ဥသျှောင်ရုပ်ပြထားရှိသော်လည်း ပါလီမာန်ဒီမိုကရေစီရွေးကောက်ခံစနစ်ဖြင့် အုပ်ချုပ်နေသည်။ ဝန်ကြီးချုပ်ကို အာဏာပေးသောစနစ်ကို ကျင့်သုံးလျက်ရှိပေသည်။

************



# မြောက်ကိုရီးယားနိုင်ငံ (North-Korea)








# တောင်ကိုရီးယားနိုင်ငံ (South Korea)






## မြောက်ကိုရီးယားနိုင်ငံ (North Korea)နှင့် တောင်ကိုရီးယားနိုင်ငံ (South Korea)

အာရှနိုင်ငံများ၌ လူတမျိုးတည်းသော နေထိုင်သော ကိုရီးယားကျွန်းဆွယ်သည် (၂)ပိုင်းကွဲပြီး ကိုရီးယား(၂)နိုင်ငံအဖြစ် ထင်ရှားနေပါသည်။ တောင်ကိုရီးယားက စီးပွားရေးတိုးတက်မှု၊ နိုင်ငံရေးနှင့် အုပ်ချုပ်မှုတို့ကြောင့် ထင်ရှားသကဲ့သို့ မြောက်ကိုရီးယားသည် ကွန်မြူနစ်နိုင်ငံဖြစ်ခြင်း၊ စစ်လက်နက် ထုတ်လုပ်မှုရှိနေခြင်း၊ နူးကလီးယားဗုံးကျည်များ ထုတ်လုပ်မှုရှိနေခြင်း၊ ကုလသမဂ္ဂမှ ပိတ်ဆို့ခံရမှုများ ရှိနေခြင်းကြောင့် ထင်ရှားပါသည်။ မြောက်ကိုရီးယားသည် ကွန်မြူနစ်နိုင်ငံဖြစ်၍ အခြေအနေမှာ အချိန်မရွေး နိုင်ငံရေး၊ စစ်ရေး ပေါက်ကွဲနိုင်သော ဗုံးတစ်လုံးကဲ့သို့ ဖြစ်နေသည်။ နိုင်ငံရေးကွဲပြားနေသည့် (၂)နိုင်ငံပင် ဖြစ်သော်လည်း လူမျိုးတူ၊ နယ်မြေတူဖြစ်နေသဖြင့် ပထဝီဝင်အမြင်ကို ယှဉ်ကြည့်နိုင်ပါရန် (၂)နိုင်ငံကို တပေါင်းတည်းရေးသားတင်ပြရပါသည်။

### တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

တရုတ်ပြည်အရှေ့ဘက်နှင့် မြောက်ဘက်ကမ်းခြေတလျှောက် မြစ်ဝပင်လယ်ကွေ့တစ်ခု တည်ရှိပါသည်။ ထိုပင်လယ်ကွေ့မှ အရှေ့သို့ဆက်သွားလျှင် တရုတ်နယ်မြေနှင့် ဆက်စပ်လျက် မိုင်(၄၀၀)ခန့် ရှည်ပြီး မိုင်(၁၀၀)ခန့်ကျယ်သော ကျွန်းဆွယ်ကြီး

တစ်ခု တည်ရှိပါသည်။ ထိုကျွန်းဆွယ်ကို ကိုရီးယားလူမျိုးတို့သာ နေထိုင်၍ ကိုရီးယားကျွန်းဆွယ်ဟု ခေါ်ဆိုပေသည်။ မြောက်ကိုရီးယားသည် တရုတ်နိုင်ငံ နယ်စပ် မြောက်လတ္တီတွတ် ၄၃ ဒီဂရီမှ တောင်ဘက် မြောက်လတ္တီတွတ် ၃၈ ဒီဂရီ (၃၈မျဉ်းပြိုင်)အထိ ကျယ်ပြန့်စွာ တည်ရှိပါသည်။ ၃၈မျဉ်းမှ တောင်ဘက်ဆင်းသွားလျှင် တောင်ကိုရီး ယားနိုင်ငံဖြစ်ပါသည်။ ကိုရီးယားကျွန်းဆွယ်တစ်ခုလုံးသည် ဂျပန်နိုင်ငံအနောက်ဘက်အစွန်းရှိ ကျူးရှူးကျွန်း၏ အထက်တွင် ပင်လယ်ထဲ၌ တည်ရှိနေပါသည်။

တောင်ကိုရီးယားမှာမူ ၃၈ ဒီဂရီမျဉ်းပြိုင်မှ အောက်ဘက် မြောက်လတ္တီတွတ် ၁၄ ဒီဂရီကြား တည်ရှိပါသည်။ ဂျပန်နိုင်ငံနှင့်နီးကပ်စွာတည်ရှိပါသည်။ မြောက်ကိုရီးယားမှာ ဧရိယာအကျယ်အဝန်း စတုရန်းမိုင်ပေါင်း(၄၆၅၄၁)စတုရန်းမိုင် ရှိပါသည်။ စတုရန်းကီလိုမီတာအားဖြင့် ၁၂၀၅၄၀ (တစ်သိန်းနှစ်သောင်း)ခန့် ရှိပါသည်။

တောင်ကိုရီးယားမှာမူ စတုရန်းမိုင်ပေါင်း(၃၈၀၂၃) စတုရန်းမိုင် ကီလိုမီတာ ၉၈၄၈၀ စတုရန်း ရှိပါသည်။ မြေမျက်နှာသွင်ပြင် အနေအထားမှာ မြောက်ကိုရီးယား၌ ၎င်းတောင်ကိုရီးယား၌ လည်းကောင်း တောတောင်ထူထပ်စွာရှိပြီး မြောက်ကိုရီးယား၏ နယ်မြေငါးပုံတစ်ပုံသာ စိုက်ပျိုးနိုင်သော အနေအထားတွင် ရှိပါသည်။ Yulu မြစ်သည် မြောက်ကိုရီးယား၏ အဓိကမြစ်ဖြစ်ပါသည်။

တောင်ကိုရီးယားတွင်မူ တောင်တန်းရှည်များဖြင့် ဖုံးလွှမ်း

နေသော်လည်း ထွန်ယက်စိုက်ပျိုးနိုင်သော မြေကွက်များ မြောက်ကိုရီးယားထက်များပါသည်။ နှစ်နိုင်ငံလုံး၏ ပတ်လည်ကို ပင်လယ်ရေများ ဝိုင်းရံလျက်ရှိပါသည်။ Han ဟန်နှင့် NAKTONG နတ်တောင်မြစ်တို့သည် တောင်ကိုရီးယား၏ အဓိက မြစ်များဖြစ်ကြသည်။

ရာသီဥတု

မြောက်ကိုရီးယားသည် သမပိုင်းတွင် ကျရောက်နေပြီး အအေးပိုင်နှင့် နီးကပ်သဖြင့် အအေးပိုများသည်။ မြူနှင်းများ ထူထပ်စွာ ကျရောက်ပိတ်ဆို့နေတတ်သည်။ နွေရာသီကာလ၌ မိုးရေများအထိုက် အလျောက် ရရှိသည်။ တောင်ကိုရီးယားထက် အအေးပိုများသည်။

တောင်ကိုရီးယားသည်လည်း သမပိုင်းတွင် ကျရောက်သဖြင့် အေးချမ်းသောရာသီဥတုရှိသည်။ သို့သော် နွေရာသီ၌ မြောက်ကိုရီးယားထက် မိုးရေပိုမိုရရှိတတ်သည်။ စိုက်ပျိုးရေးအတွက် ရေရရှိတတ် သည်။ ဇွန်၊ ဇူလိုင်လများတွင် နေသည် မြောက်ဝင်ရိုး စွန်းရောက်နေသဖြင့် နွေရာသီဖြစ်၍ ဒီဇင်ဘာလတွင် အအေးပိုများ သည်။ မြောက်ကိုရီးယားထက် အအေးဓါတ်နည်းပြီး မျှတအေးမြသော ရာသီဥတု ရှိပါသည်။ တခါတရံ နွေရာသီ၌ မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်တတ်ပါသည်။

**လူဦးရေနှင့်လူမျိုးစုများ**

ကိုရီးယားကျွန်းဆွယ်တွင် ကိုရီးယားလူမျိုးတစ်မျိုးတည်းသာ နေထိုင်၍ အခြားသူများနှင့် ပြောပ လောက်အောင်ရောနှော မနေကြပေ။ တရုတ်မျိုးနွယ်စုနှင့် ဂျပန်မျိုးနွယ်စုများနေထိုင်ကြသော်လည်း နည်းပါးသည်။ နှစ်နိုင်ငံစလုံး ကိုရီးယားစကားကို တရားဝင်ပြောဆိုကြသည်။ ရှေးအခါကပင် ကွန်ဖျူးစီယပ် အယူဝါဒ(တရုတ်ပညာရှိအယူဝါဒ)နှင့် ဗုဒ္ဓဘာသာကို အလေးထားခဲ့ကြသည်။ ဘာသာရေးယူဆမှုကင်းမဲ့သော ကွန်မြူနစ်ဝါဒ ရောက်လာသောအခါ မြောက်ကိုရီးယား၌ ထိုဘာသာများလျော့နည်းပျောက်ကွယ်လာခဲ့သည်။ သို့သော် တောင်ကိုရီးယားတွင်မူ ကွန်ဖျူးစီယပ်ကိုးကွယ်သူ ၃% ခန့် ကျန်သေးသည်။ ခရစ်ယာန်ဘာသာကိုးကွယ်သူ ၄၉%၊ ဗုဒ္ဓဘာသာ ၄၇% ထိရှိကြသည်။ ဤအချက်သည် နိုင်ငံရေးစနစ်ကြောင့် ကိုရီးယား(၂)နိုင်ငံ၏ ဘာသာရေးကွဲပြားခြားနားချက်ဖြစ်နေပါသည်။

မြောက်ကိုရီးယား၏ မြို့တော်မှာ ပြုံယမ်းမြို့တော်ဖြစ်၍ မြို့နေလူဦးရေမှာ - ၃၂၂၈၀၀၀ (၃)သန်း ကျော်နေထိုင်ကြသည်။ တစ်နိုင်ငံလုံး၏ လူဦးရေမှာ - ၃၂၁၁၃၀၁၉ (၃၂)သန်းကျော်ရှိကြသည်။ တောင်ကိုရီးယားတစ်နိုင်ငံလုံးရှိ လူဦးရေမှာမူ - ၄၈၈၄၆၈၂၃ (၄၉)သန်းနီးပါးရှိနေပါသည်။ မြောက်ကိုရီးယားထက်များပါသည်။ တောင်ကိုရီးယား၏ မြို့တော်မှာ ဆိုးလ် Sooul မြို့တော်ဖြစ် လူဦးရေမှာ - ၉၇၁၄၀၀၀ (၁၀)သန်းဦးနေထိုင်ကြပါ

သည်။ ထို့ပြင် စက်မှုလုပ်ငန်းတွင်ကျယ်သော မြို့ကြီးများလည်း ရှိပါသည်။

## ဘာသာရေး

အထက်ကဖော်ပြခဲ့သည့်အတိုင်း မြောက်ကိုရီးယားတွင် ဘာသာကိုးကွယ်မှုနည်းပါးပြီး တောင်ကိုရီးယားတွင် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာတို့ တစ်ဝက်နီးပါးကိုးကွယ်ကြသည်။ တောင်ကိုရီးယားတွင်ကွန်ဖြူစီးယပ်အယူဝါဒကိုလည်း ယခုထိလက်ခံသုံးစွဲကြဆဲဖြစ်သည်။

## သံယံဇာတနှင့်ထွက်ကုန်ပစ္စည်းများ

မြောက်ကိုရီးယား၌ သံယံဇာတတွင်းထွက်ပစ္စည်းများအဖြစ် ကျောက်မီးသွေး၊ သံဓါတ်သတ္တု၊ ခဲ၊ သွပ် ၊ Zine ၊ သံလိုက်၊ သံကြေးနီ၊ ရွှေစင်နှင့် ယူရိုနီယံသတ္တုများ ထွက်ရှိပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ- ဆန်စပါး၊ ပြောင်း၊ အာလူး၊ ပဲ၊ လူး၊ ဆပ်၊ ကောက်သီးနှံတို့ စိုက်ပျိုး ကြသည်။ ထို့ပြင် တိရိစ္ဆာန်မွေးမြူခြင်းနှင့် အသားထုတ်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။ တောင်ကိုရီးယား၌ ထွက်သောသယံဇာတပစ္စည်းများမှာလည်း ကျောက်မီးသွေး၊ ခဲပုတ်သတ္တု၊ အဖြိုက်နက် သတ္တုစသည်တို့ ထွက်ရှိပါသည်။ စိုက်ပျိုးသီးနှံများမှာ မြေပြန့်လွင်ပြင်ပေါ်များသည့် အလျောက် ဆန်စပါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ဘာလီ

စပါး၊ စိုက်ပျိုးပြီး၊ သား၊ ငါး၊ ပုစွန်များလည်း ထုတ်လုပ်ပါသည်။ နို့ထွက်ပစ္စည်းများလည်း ပြုလုပ်ကြပါသည်။ Han ဟန်နှင့် Naklong ခေါ် မြစ်(၂)မြစ်မှာ အဓိက မြေသြဇာ လွှမ်းမိုးသော လွင်ပြင်များ ရှိကြ၍ စိုက်ပျိုးရေးဖြစ်ထွန်းကြသည်။

## စက်မှုထုတ်လုပ်စီးပွားရေးလုပ်ငန်းများ

တောင်ကိုရီးယားသည် စီးပွားရေးကို ဖောက်ချလုပ်ကိုင်နေသော နိုင်ငံဖြစ်သည်။ သို့အတွက် စက်မှုလက်မှုလုပ်ငန်းတွင်ကျယ်ကြသည့် စက်မှုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ မော်တော်ကားထုတ် လုပ်ခြင်းများ၊ သင်္ဘောတည်ဆောက်မှုများ၊ သံမဏိလုပ်ငန်းများ၊ လျှပ်စစ်သုံးပစ္စည်းကိရိယာနှင့် စက်များ၊ လျှပ်စစ်ဆိုင်ရာ Simi Corductor များ ဆဲလူလာတယ်လီဖုန်းများ၊ ရေနံဆိုင်ရာစက်ပစ္စည်းများ၊ မော်တော် ဆိုင်ကယ်၊ သံမဏိ၊ ရေနံတူးစက် စသည်ဖြင့် စက်မှုဆိုင်ရာလုပ်ငန်းမျိုးစုံထုတ်လုပ်ရောင်းချကြသည်။ အထူးသဖြင့် အမေရိကန်နှင့် ဂျပန်နိုင်ငံသို့ တင်ပို့ကြသည်။ နို့ထွက်ပစ္စည်းနှင့် သားငါးများလည်း ပြည်ပ ပို့နိုင်အောင် လုပ်ဆောင်နေကြသည်။ ခြုံ၍ဆိုရလျှင် စက်မှုလုပ်ငန်းများ ထွန်းကားသည်ဟုဆိုရပေသည်။

မြောက်ကိုရီးယားမှာမူ တောင်ကိုရီးယားနှင့်စာလျှင် စက်မှုလုပ်ငန်းထွက်ကုန်နည်းပါးသည်။ သံသတ္တုနှင့်ကျောက်မီးသွေးများ စက်မှုပစ္စည်းများ၊ ဓါတုပစ္စည်းများ၊ အဝတ်အထည်လုပ်ငန်း

များကို တရုတ်သို့တင်ပို့သည်။ အထူးသဖြင့် စက်မှုလုပ်ငန်းများတွင် လူသုံးကုန်ပစ္စည်းထက် စစ်ဘက်ဆိုင်ရာ လက်နက်မျိုးစုံကို ထုတ်လုပ်ပြီး ရောင်းချရန် ကြိုးပမ်းနေမှုကို တွေ့ရသည်။ သေနတ်အမြောက်မှအစ တိုက်ချင်း ပစ်ဒုံးကျည်များထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ ကုလသမဂ္ဂလက်နက်ဥပဒေကြောင့် လက်နက်များ တရားဝင်ဖြန့်ချီနိုင်မှုမရှိပေ။

တောင်ကိုရီးယား၌လည်းကောင်း၊ မြောက်ကိုရီးယား၌လည်းကောင်း၊ နိုင်ငံသုံးငွေကို Won(ဝမ်)ဟု ခေါ်ဆိုသုံးနှုန်းကြသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

အာရှတွင် ကိုရီးယားကျွန်းဆွယ်သည် ကိုရီးယားအမျိုးသားများသာ နေထိုင်သော နိုင်ငံတစ်ခု ဖြစ်ခဲ့သည့်အပြင် ရှေးခေတ်အခါကပင် တရုတ်တို့၏ ယဉ်ကျေးမှု ဩဇာအာဏာလွှမ်းမိုးခဲ့သည်။ ကိုရီးယား လူမျိုးအားလုံးတို့ ယဉ်ကျေးမှုနှင့် ကွန်ဖျူးစီယပ်အယူ ဗုဒ္ဓဘာသာအယူတို့ဖြင့် ကိုးကွယ်မှုရှိခဲ့သည်။ သို့သော် အမျိုးတူ ဘာသာတူညီအစ်ကိုများဖြစ်ပါလျက် နိုင်ငံရေးလောင်းရိပ်အောက်တွင် ရန်သူသဖွယ် (၂)ပိုင်း ကွဲပြားသွားခဲ့ကြသည်။

ပြန်၍ကြည့်လျှင် ၁၉ရာစု တရုတ်တို့ ယဉ်ကျေးမှုလွှမ်းမိုးခဲ့သော ကိုရီးယားတို့သည် ၁၉၁၀ ခုနှစ် လောက်မှစ၍ ဂျပန်နိုင်ငံ၏ အင်အားကြီး ဝင်ရောက်ချယ်လှယ်မှုကို ခံလာခဲ့ရသည်။ ထိုနောက်


ဂျပန်တို့ ၏နယ်ချဲ့မှုကို ခံခဲ့ရသည်။ အာရှကို ဂျပန်ကျူးကျော်ပြီး နောက် ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့သည်။ ထိုအချိန်က ကွန်မြူနစ်စနစ် သည်လည်း ကမ္ဘာသို့ ပြန့်နှံ့နေသောကာလဖြစ်သည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ် ပြီးဆုံး၍ ဂျပန်တို့ စစ်ရှုံးခဲ့သည်။ ထိုကာလ၌ ကွန်မြူနစ်မြောက်ကိုရီးယားကို တရုတ်နှင့် ရုရှတို့ပေါင်းပြီး ကိုရီးယား ကျွန်းဆွယ်နယ်မြေစိုးမိုးရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ တချိန် တည်းမှာ အမေရိကန် ပံ့ပိုးမှုဖြင့် တောင်ကိုရီးယားကလည်း နယ်မြေ အတွက် တိုက်ခိုက်ခဲ့ကြရာ တောင်နှင့်မြောက် မြောက်လတ္တီတွတ် ၃၈ဒီဂရီမျဉ်းတွင် ရင်ဆိုင်ဆုံခဲ့ကြရသည်။ သို့သော် ၁၉၅၀-၅၃ ခုနှစ်တွင် ကိုရီးယား(၂)နိုင်ငံ ကိုရီးယား စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုအခါမှစ၍ ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် တောင်ကိုရီးယားနိုင်ငံ တစ်ပိုင်း၊ မြောက်ကိုရီးယားနိုင်ငံတစ်ပိုင်း (၂)ပိုင်းကွဲပြီး (၂)နိုင်ငံ ဖြစ်လာသည်။

မြောက်ကိုရီးယားသည် ကွန်မြူနစ်စနစ်ကို ဆက်လက်ကျင့် သုံးခဲ့သည်။ ၁၉၄၈ ခုနှစ်က တည်ထောင်ခဲ့သော Demoeratie Peonles Republie of North Korea DPRK ပါတီ၊ မြောက်ကိုရီး ယား ပြည်သူ့ဒီမိုကရက်တစ်ပါတီက တိုင်းပြည်ကို အုပ်ချုပ်သည်။ ပါတီခေါင်းဆောင်သည် နိုင်ငံ၏အကြီးအကဲဖြစ်သည်မှာ ယနေ့တိုင် ဖြစ်သည်။ ပါတီကို တည်ထောင်သော ပုဂ္ဂိုလ်သေဆုံးသောအခါ သားသမီးများက ဆက်ခံကြကို တွေ့ရသည်။ အုပ်ချုပ်ရေးစနစ် ကြောင့်လည်းကောင်း၊ ကွန်မြူနစ်စီးပွားရေးစနစ်ကြောင့် လည်း


ကောင်း၊ တိုင်းပြည်စီးပွားရေးမှာ တိုးတက်မှုမရှိဘဲ ဖြစ်နေသည်။ နိုင်ငံတကာဆက်ဆံရေးတွင် အထီးကျန်ဖြစ်လာနေသည်။ စစ်လက်နက်များ၊ ဒုံးကျည်များ ထုတ်လုပ်နိုင်စွမ်းများလာပြီး နိုင်ငံတကာက စောင့်ကြည့်နေရသော အဆင့်သို့ ရောက်လာသည်။ ယခုအခါ နူးကလီးယားထိပ်ဖူးကပ် ဒုံးကျည်များ ပိုင်ဆိုင်ပြီး အမေရိကန်ကို ခြိမ်းခြောက်မှုပြုနေရာ အာရှတွင်သာမက ကမ္ဘာတွင် ပဋိပက္ခဖြစ်တော့မည့်အသွင်ကို ဆောင်လာသဖြင့် နိုင်ငံတကာက စောင့်ကြည့်နေရသော အနေအထားတွင် ရှိနေပါသည်။

တောင်ကိုရီးယားကမူ ကိုရီးယားစစ်အပြီး စီးပွားရေးဘက်ကို ဦးတည်ပြီး နိုင်ငံတိုးတက်ရေးကို လုပ်နေကြသည်။ ကွန်မြူနစ်စနစ် မဟုတ်ဘဲ ပြည်သူ့ရွေးကောက်ပွဲစနစ် သမ္မတအုပ်ချုပ်ရေးစနစ်ဖြင့် ဆောင်ရွက်လျက် ရှိနေပေသည်။ ကွန်မြူနစ်စနစ်ကျင့်သုံးသူ မြောက်ကိုရီးယားနှင့် ဒီမိုကရေစီသမ္မတ စနစ်ကျင့်သုံးသော တောင်ကိုရီးယားတို့သည် လူမျိုးတူ၊ တိုင်းပြည်တူဖြစ်ပါလျက် ယနေ့တိုင် မပေါင်းစည်းနိုင်ကြဘဲ (၂)နိုင်ငံကွဲပြားစွာ တည်ရှိနေကြပါသည်။

************



# ထိုင်ဝမ်နိုင်ငံ
# (Taiwan)






# ထိုင်ဝမ်နိုင်ငံ (Taiwan)

အာရှတိုက်၌ ကျွန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်လာခဲ့သော ထိုင်ဝမ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြု မခံရဘဲ နေရသည်မှာ ယနေ့တိုင်ဖြစ်သည်။ အကြောင်းမှာ တရုတ်နိုင်ငံက ၎င်းတို့၏ နိုင်ငံသာဖြစ်၍ သီးခြားနိုင်ငံအဖြစ် အသိအမှတ်မပြုကြရန် ကန့်ကွက်ထားသောကြောင့် ဖြစ်သည်။ အမေရိကန်၏ ထောက်ခံမှုရယူထားသော ဤနိုင်ငံသည် ကွန်မြူနစ်စနစ်ကိုပယ်၍ ဒီမိုကရေစီသမ္မတ အုပ်ချုပ်ရေးဖြင့် ရပ်တည်လျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်သည်။ ပကတိအခြေကို မျက်ကွယ်မပြုလိုသဖြင့် ထိုင်ဝမ်အကြောင်း တစေ့တစောင်း ရေးသားတင်ပြလိုပါသည်။

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

ထိုင်ဝမ်သည် ကျွန်းနိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်ပြည်မကြီး၏ အရှေ့ဘက် မိုင်(၁၁၀)ခန့် အကွာအဝေးတွင် တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်ကြား တိုင်ဝမ်ရေလက်ကြားတွင် တည်ရှိနေပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ မြောက်ဘက်မိုင် (၂၈၀)အကွာ၌ တည်ရှိပါသည်။ ကျွန်းငယ်များစွာ မရှိဘဲ ကျွန်းကြီးတစ်ကျွန်းအနေဖြင့် ရပ်တည်နေပါသည်။ ကျွန်း၏အရှည်မှာ တောင်မြောက်မိုင် (၂၂၀)ခန့်ရှည်၍ အကျယ်မှာ အရှေ့အနောက်

မိုင်(၆၅)မိုင်ခန့် ကျယ်ပါသည်။ ကျွန်း၏အရှေ့ဘက်ခြမ်း လေးပုံသုံးပုံခန့်နေရာတွင် တောတောင်များထူထပ်စွာရှိပြီး၊ အနောက်ဘက် လေးပုံတစ်ပုံခန့်မှာ မြေပြန့်များ ဖြစ်ကြသည်။ စုစုပေါင်း အကျယ်အဝန်းမှာ - ၁၃၈၉၂ စတုရန်းမိုင်၊ ၃၅၉၈၆ စတုရန်း ကီလိုမီတာရှိပါသည်။ မြန်မာနိုင်ငံ ချင်းပြည်နယ်အရွယ် (၁၃၉၀၆) မိုင် အရွယ်ရှိပါသည်။

## ရာသီဥတုအနေအထား

ပင်လယ်များ ဝိုင်းရံထားသော ကျွန်းနိုင်ငံဖြစ်ခြင်း၊ ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူနေခြင်းနှင့် နှစ်စဉ်ပစိဖိတ်ဒေသမှ အပူပိုင်းမုန်တိုင်းများ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်ဝမ်ကြားဖြတ်သွားတိုက်ခတ်မှုကြောင့် အပူပိုင်းမုတ်သုန်ရာသီဥတုရှိ၍ မိုးရေချိန်လုံလောက်စွာရရှိသည်။ ဇွန်လမှ ဩဂုတ်လအထိ မိုးရေချိန် ပိုရတတ်သော ကာလဖြစ်သည်။ ပင်လယ်ရေငွေ့ခိုးများပေါများပြီး၊ တိမ်များထူထပ်စွာဖြစ်ပေါ်နေတတ်သည်။ မိုးရေချိန်ကင်းသော ကာလများ၌ ခြောက်သွေ့ပြီး ချမ်းအေးတတ်သည်။

## လူဦးရေနှင့်လူမျိုးစုများ

ရှေးယခင်အခါက မလေးမျိုးနွယ်ကျွန်းသူကျွန်းသားများ နေထိုင်ခဲ့ကြသော်လည်း တစတစပြည်မမှ ပြောင်းရွှေ့လာသော တရုတ်အမျိုးသားနေထိုင်မှုများလာပြီး၊ ထိုင်ဝမ်နိုင်ငံသားအဖြစ်

လူများစုဖြစ်လာ ကြသည်။ လက်ရှိတွင် တိုင်ဝမ်တရုတ်ဟုခေါ် ဆိုသူများသာ လူများစုဖြစ်ပြီး၊ တရုတ်ပြည်မမှ လာရောက် နေထိုင်သူ အလွန်နည်းပါးလျက်ရှိသည်။ ကျွန်း၏မြောက်ဘက်အစွန်းတွင် တိုင်ပေမြို့တော်ရှိ၍ ဒုတိယ မြို့တော်မှာ တောင်ဘက်စွန်း၌ ကောင်ရှုံးမြို့ဖြစ်သည်။ တစ်နိုင်ငံလုံးလူဦးရေစုစုပေါင်း - ၂၃၀၃၆၀၈၇ (နှစ်ဆယ့်သုံးသန်းကျော်)ရှိပါသည်။ တိုင်ဝမ်လူမျိုးဟုခေါ်သော လူများ (၈၄%)ရှိ၍ ပြည်မတရုတ်တို့မှာ (၁၄%)ရှိသည်။ မူရင်းနေထိုင်သော မျိုးနွယ်များမှာ (၂%)သာရှိပါသည်။ တရုတ်စကားကို တရားဝင် ပြောဆိုကြပါသည်။ ထိုင်ဝမ်စကားခေါ် Hakku စကားကိုလည်း သုံးစွဲကြသည်။ တိုင်ပေမြို့တော်တွင် လူဦးရေ ၂၆၂၄၀၀၀ လူဦးရေ (၂သန်းခွဲ)ကျော် နေထိုင်ကြပါသည်။

## ဘာသာရေး

တရုတ်ပညာရှိကွန်ဖြူးစီယပ်ဝါဒနှင့် ဗုဒ္ဓဘာသာကို ပေါင်းစပ်ကိုးကွယ်ကြသည်။ ထိုကိုးကွယ်မှုမှာ (၉၃%)ရှိသည်။ ခရစ်ယာန်ဘာသာကိုးကွယ်မှုမှာ(၅%)ခန့်ရှိသည်။

## သံယံဇာတနှင့်ထွက်ကုန်သီးနှံများ

သံယံဇာတအနေဖြင့် ပြောပလောက်အောင် ထွက်ရှိခြင်းမရှိပေ။ သို့သော် သဘာဝဓါတ်ငွေ့များ၊ ထုံးကျောက်များ၊ ကျောက်မီးသွေးများ၊ Marble သလင်းကျောက်၊ Asbestos မီးခံ

ကျောက်များမှာ အနည်းငယ်စီထွက်ရှိပါသည်။ စိုက်ပျိုးသော သီးနှံမှာ ဆန်စပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက်သီးနှံများနှင့် လက်ဖက်တို့ကို စိုက်ပျိုးကြပါသည်။ တိရိစ္ဆာန်မွေးမြူရေးဖြစ်သော ဝက်၊ ကြက်၊ ကျွဲ၊ နွားများကိုလည်း မွေးမြူကြသည်။ သားငါးပုဇွန် ပင်လယ်ငါးဖမ်းခြင်း၊ မွေးမြူခြင်းတို့ကိုပါ လုပ်ဆောင်ကြပါသည်။

## စက်မှုလက်မှုနှင့်စီးပွားရေး

ရှေးအခါကပင် စိုက်ပျိုးရေးသီးနှံများ ပို့ဆောင်ပေးခြင်းဖြင့် တရုတ်ပြည်မကြီးနှင့် ကူးလူးဆက်ဆံမှု ရှိခဲ့သည်။ ယခုအခါ စက်မှုလုပ်ငန်းများကို အဓိကထုတ်လုပ်ပြီး၊ နိုင်ငံခြားသို့ တင်ပို့နေကြသည်။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာမျိုးစုံ၊ ရေနံချက်စက်ရုံသုံး ပစ္စည်းများ၊ ဓါတုဗေဒပစ္စည်းများ၊ အဝတ်အထည် လုပ်ငန်းများ၊ သံနှင့်သံမဏိဆိုင်ရာ စက်ပစ္စည်းများ၊ ဘိလပ်မြေလုပ်ငန်းများ၊ စားကုန်သောက်ကုန်ထုတ် လုပ်ခြင်းများကို အဓိကထားလုပ်ပြီး၊ နိုင်ငံခြားသို့ တင်ပို့ကြသည်။ ထို့အပြင် မျက်မှန်ဆိုင်ရာလုပ်ငန်း အသေးစိတ်တိုင်းတာရေးပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပလပ်စတစ်လုပ်ငန်းများ၊ သံထည်လုပ်ငန်းများ ထုတ်လုပ်ပြီး၊ အမေရိကန် -ဂျပန်-တရုတ်တို့ကို တင်ပို့ပါသည်။ စက်မှုနှင့် စီးပွားရေးခိုင်မာသော နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် လုပ်ဆောင် နေကြသည်ကို တွေ့ရပါသည်။

## နိုင်ငံရေးရာနှင့် သမိုင်းကြောင်းများ

ပထမအစပိုင်းတွင် ထိုင်ဝမ်ကျွန်းတွင် လူသူပါး၍ မလေးမျိုးနွယ်လူရင်းများသာ နေထိုင်ကြသည်။ နောင်တွင် ပြည်မမှ တရုတ်အနည်းငယ်လာရောက်နေထိုင်ကြသည်။ ၁၅၉၀ ခုနှစ်တွင် ထိုကျွန်းသို့ နိုင်ငံခြားသားပေါ်တူဂီများရောက်ရှိလာသည်။ ကျွန်း၏ အနေအထားလှပမှုကြောင့် ဖော်မိုဆာကျွန်းဟု အမည်ပေးခဲ့ကြသည်။ ၁၆၀၀ ခုနှစ်လောက်မှစ၍ ပြည်မမှ တရုတ်တို့ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ၁၈၉၄ - ၉၅ခုနှစ်တွင် ဂျပန်-တရုတ်တို့ စစ်ဖြစ်ကြရာ တရုတ်တို့က ထိုင်ဝမ်ကျွန်းအား ဂျပန်သို့ ပေးအပ်ခဲ့ရသည်။ သို့ဖြင့် ထိုင်ဝမ်ကျွန်းသည် ဂျပန်တို့လက်ထဲ၌ ၁၉၄၅ခုနှစ် ဂျပန် ဒုတိယကမ္ဘာစစ်ရှုံးသည်နှစ် အထိရှိခဲ့သည်။ ပြီးမှ ပြည်မတရုတ်များလက်ထဲ ပြန်ရောက်သွားခဲ့သည်။ ထိုအချိန်အခါက မော်စီတုန်း ခေါင်းဆောင်သော ကွန်မြူနစ်-တရုတ်တို့က တိုင်းပြည်အုပ်စိုးရေးအာဏာရရှိလာသောအခါ ရှန်ကေချိတ် ခေါင်းဆောင်သော ကူပင်တန်အစိုးရသည် ဖော်မိုဆာခေါ် ထိုင်ဝမ်ကျွန်းသို့ ထွက်ပြေးပြီး၊ အစိုးရဖွဲ့ နေထိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ထိုင်ဝမ်ရေလက်ကြားပြဿနာသည် ကမ္ဘာ၌ ထင်ရှားလာခဲ့သည်။ တစ်ဦးနှင့်တစ်ဦးပြိုင်ဆိုင်နေသော်လည်း ထိုင်ဝမ်မှ စားကုန်သောက်ကုန်များ ပေးပို့ခြင်းဖြင့် ပင်မတရုတ်နှင့် ဆက်ဆံမှုရှိခဲ့သည်။ ယခင်ကပင် အစိုးရအဖွဲ့ဖြင့် သီးခြားနေထိုင်ခဲ့သော ထိုင်ဝမ်သည် ယခုအခါ သမ္မတနိုင်ငံ၊ သမ္မတအုပ်ချုပ်ရေးစနစ်ကို တည်ထောင်လျက်

သီးခြားနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေပါသည်။ အာရှ၌ စက်မှုလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများဖြင့် ထင်ရှားသော နိုင်ငံငယ်ဖြစ်သော်လည်း ကမ္ဘာကအသိ အမှတ်ပြုခြင်း၊ ကုလသမဂ္ဂမှ အသိအမှတ်ပြုခြင်း မခံရသေးပေ။ အကြောင်းမှာ လက်ရှိတရုတ်ပြည်အစိုးရက ထိုကျွန်းသည် တရုတ်ပြည်၏ တစ်စိတ်တစ်ပိုင်းသာဖြစ်သည်ဟု ကြေညာထားခြင်းကြောင့် ဖြစ်ပါသည်။ အမေရိကန်က ဦးဆောင်၍ တိုင်ဝမ်ကို နိုင်ငံတစ်ခုအဖြစ် ထောက်ခံခဲ့သည်။

ထိုအခါ ပြည်မတရုတ်က ထိုကျွန်းကို သိမ်းယူမည်ဟု ခြိမ်းခြောက်ခဲ့ရာ ယခင်ကပင်မကြာခဏ ပဋိပက္ခအသွင်သို့ ရောက်ရှိခဲ့ကြသည်။ ယခုအခါ ထိုကိစ္စများငြိမ်သွားပြီး ထိုင်ဝမ်နိုင်ငံသည် သီးခြား ဒီမိုကရေစီသမ္မတအုပ်ချုပ်ရေးစနစ်ဖြင့် ရပ်တည်နေသည်ကို တွေ့မြင်နေရပါသည်။

************



# ပါပူဝါနယူဂီနီကျွန်းနိုင်ငံ (Papua New Guiner)






## ပါပူဝါနယူဂီနီကျွန်းနိုင်ငံ (Papua New Guiner)

အာရှတွင် အင်ဒိုနီးရှားကျွန်းစုတန်းများသည် အရှေ့နှင့် အနောက်သို့သွယ်တန်း၍ တည်ရှိနေပါသည်။ ထိုအင်ဒိုချိုင်းနား ကျွန်းစုတန်း၏ အရှေ့ဘက်အစွန်ဆုံးတွင် နယူဂီနီကျွန်းကြီး တစ်ကျွန်းရှိနေပါ သည်။ ထိုကျွန်းကြီး၏အပေါ် အနောက်ပိုင်းကို အင်ဒိုနီးရှားကပိုင်၍ အီရိယန်ဂျာယာကျွန်းဟုခေါ်ဆိုပါသည်။ ကျန်အရှေ့ပိုင်းနှင့် ကျွန်းအောက်ပိုင်းသည် လွတ်လပ်သော ပါပူဝါနယူဂီနီခေါ် ပါပူဝါကျွန်းသစ် ဖြစ်ပါသည်။ ထိုကျွန်း၏ ဩစတြေးလျတိုက်ကြီးမြောက်ဘက်နားတွင် တည်ရှိပါသည်။ စာရေးသူသည် သင်္ဘောသားဘဝ ထိုကျွန်းသို့ (၃)ကြိမ်ခန့်ရောက်ဖူး ပါသည်။ ဩစတြေးလျတိုက် မြောက်ဘက်အစွန်ရှိ Torress Strait ထိုရပ် ရေလက်ကြားမှ တစ်ဆင့် ထိုနိုင်ငံသို့ ရေကြောင်းလမ်း အတိုင်း နာမည်ကြီးသွားလာ ရခက်ခဲသော ထိုရေလက်ကြားတွင် မိုးနှင့်လေနှင့် မြင်ကွင်းမကောင်းဘဲ ညအချိန်ဖြတ်ရသည်မှာ အလွန် ခက်ခဲပါသည်။ လူအများစုမှာ ကျွန်းသူကျွန်းသားများ တောတောင် ၌ နေထိုင်သူများဖြစ်၍ တိုးတက်မှုမရှိ ခေတ်နောက်ကျစွာ နေထိုင် ကြသည်ကိုတွေ့ခဲ့ရပါသည်။ လူမျိုးစုပေါင်း (၇၀၀)ကျော်အုပ်စုလိုက် နေထိုင်ကြပါသည်။ ထူးခြားသည်မှာ အာရှမှ လူရုပ်များကဲ့သို့မဟုတ် ဘဲ လူမျောက်ရုပ်ပုံသဏ္ဍာန်များ ဖြစ်နေကြပြီး အနံ့အသက်များ လည်း ပြင်းထန်စွာ ထွက်ရှိနေသည်ကိုတွေ့ရပါသည်။ မည်သို့ဆိုစေ

အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဤနိုင်ငံကို သိထားသင့်သည့်အတွက် ရေးသားတင်ပြရပါသည်။

## တည်နေရာအကျယ်အဝန်းနှင့် မြေမျက်နှာသွင်ပြင်

ပါပူဝါနယူဂီနီကျွန်းသည် ကျွန်းကြီးတစ်ကျွန်းဖြစ်၍ ကျွန်းငယ်များလည်း ပါဝင်ပေသည်။ တည်နေ ရာမှာ အာရှတိုက်၏ အရှေ့ဘက်အစွန်းဆုံးနှင့် ဩစတြေးလျတိုက်၏ မြောက်ဘက်တွင် တည်ရှိသည်။ တစ်နည်းအားဖြင့် အင်ဒိုနီးရှားကျွန်းတန်း၏ အရှေ့ ဘက် အစွန် ဆုံးတွင်ရှိသော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ အီကွေတာနှင့် နီးစပ်ပြီး တောင်လတ္တီတွတ် ၂ ဒီဂရီနှင့် ၁၀ ဒီဂရီကြားတွင်လည်းကောင်း၊ အရှေ့လောင်ဂျီတွတ် ၁၃၀ ဒီဂရီနှင့် ၁၅၅ ဒီဂရီကြားတွင် တည်ရှိပါသည်။ ကျွန်းကြီးတစ်ခုလုံးမှာ အရှေ့ လောင်ဂျီတွတ် ၁၄၁ ဒီဂရီမှ ၁၅၅ ဒီဂရီကျယ်ပြန့်သော်လည်း ပါပူဝါနယူဂီနီမှာ အထက်ဖော်ပြခဲ့သည့် နေရာတွင်သာ ရှိပါသည်။ ကျွန်းကြီးတစ်ဝက်ကို အင်ဒိုနီးရှားကပိုင်ပါသည်။ မြေမျက်နှာသွင်ပြင်မှာ မြင့် မားသောတောင်တန်းများ ကျွန်းကြီးတစ်ခုလုံးနီးပါး ထူထပ်နေပါသည်။ သို့သော် တောင်ဘက်နှင့် မြောက်ဘက် ကမ်းခြေဒေသတို့တွင် မြေပြန့်များ တည်ရှိသဖြင့် စိုက်ပျိုးနိုင်ကြသည်။ ဧရိယာအကျယ်အဝန်း မှာ ၁၇၈၇၀၃ (၁သိန်း၇သောင်း) နီးပါးခန့် ကျယ်ဝန်းပါသည်။ အရှေ့တောင်ပိုင်းကျွန်းစွယ်တစ်ခုလုံးသည် တောတောင်များနှင့် ပြည့်နှက်နေပါသည်။ မြို့တော်မှာ

ပို့စ်မောစ်ဘယ် (Port Moresby)ဖြစ်၍ ကျွန်း၏ တောင်ဘက်အစွန်း ကမ်းရိုးတန်းတွင် တည်ရှိပါသည်။ မြို့နယ်လူဦးရေမှာ ၂၇၅၀၀၀ ခန့်(သုံးသိန်းနီးပါး)နေထိုင်ကြပါသည်။

## ရာသီဥတု

အီကွေတာနှင့် နီးစပ်သဖြင့် အပူပိုင်းဇုံ အီကွေတာရာသီဥတုရှိပါသည်။ အီကွေတာ ရာသီဥတုမှာ ပူအိုက်ပြီး စိုစွတ်သော ရာသီဖြစ်သည်။ အပူရှိန် အတက်အကျလည်း ရှိပေသည်။ ရာသီဥတုမှာ အနောက် မြောက်မုတ်သုန်လေတိုက်ခတ်သော ဒီဇင်ဘာလမှ ဧပြီလအထိ တည်ရှိပြီး အရှေ့တောင်မုတ်သုန်လေ တိုက်ခတ်သော ဒီဇင်ဘာလမှ ဧပြီလအထိ တည်ရှိပြီး အရှေ့တောင်မုတ်သုန်လေတိုက်ခတ်သောရာသီ မှာမေလမှ အောက်တိုဘာလအထိ ရှိသည်။ ဤသို့ရာသီနှစ်မျိုးသတ်မှတ်နိုင်ပေသည်။

## လူဦးရေနှင့် လူမျိုးစုများ

ကမ္ဘာတွင်ရှေးအကျဆုံး-လူမျိုးဟူ၍ လွန်ခဲ့သော BC ခရစ်တော်မပေါ်မီနှစ်ပေါင်း ၅၀၀၀၀ ငါးသောင်းခန့်မှစ၍ ဤဒေသ၌ လူအများဖြစ်ပေါ်လာခဲ့သည်ဟု ယူဆကြပါသည်။ အနုသဗေဒ ပညာရှင် ဒါဝင်က ဤဒေသမှ လူများကိုလေ့လာပြီး လူသည်မျောက်မှဖြစ်လာသည်ဟု ရေးသားဖော်ပြခဲ့ကြသည်။ အကြောင်းမှာများသောအားဖြင့် ဤနယ်မြေရှိ လူတို့သည်

လူမျောက်ရုပ်ပုံသဏ္ဍာန်ရှိကြသောကြောင့် ဖြစ်ဟန်ရှိသည်။ ခန္ဓာကိုယ်မှ အနံ့အသက်များမှာလည်း တစ်ချို့လူတို့၌ ပြင်းထန်စွာထွက်နေသည်ကို တွေ့ရဖူးသည်။

လူမျိုးစုအားဖြင့် အမျိုးပေါင်း ၇၅၀ ခန့်ရှိကြသည်ဟုဆိုပါသည်။ သို့သော် အဓိကအားဖြင့် ပါပူဟန် လူမျိုးနှင့် မီလန်ရှန်လူမျိုးဟူ၍ ဖြစ်သည်။ Papuans လူမျိုးအများမှာတောင်ပိုင်းတွင်နေထိုင်ကြ၍ Melanesian မီလန်ရှန်လူမျိုးတို့မှာ ကျွန်း၏မြောက်ဘက်ပိုင်းတွင်နေထိုင်ကြပါသည်။ လူဦးရေမှာ ၅၆၇၀၅၄၄ (၆သန်းခန့်) ရှိကြပါသည်။ ထို့ပြင် Negrito နိဂရိတို့လူမျိုး - Miecronesian မိုက်ကရိုနီရှန် လူမျိုး - Polynesian ပိုလီနီရှန်လူမျိုးတို့မှာလည်း လူမျိုးစုများတွင် ထင်ရှားကြပါသည်။ အင်္ဂလိပ်ဘာသာစကားကိုတရားဝင်ပြောဆိုသုံးစွဲကြသည့်အပြင် မူရင်းတိုင်းရင်းသားဘာသာစကားကိုလည်း လူမျိုးအလိုက် သုံးစွဲကြသည်။ အင်္ဂလိပ်စကားပျက် သို့မဟုတ် အင်္ဂလိပ်ဘာသာစကားကို အရပ်သုံးစကားနှင့် ရောသုံးသော စကားမျိုး Pidgin English စကားများကိုလည်းရောနှောပြောဆိုသုံးစွဲခဲ့ကြပါသည်။

မြို့တော်မှာ Port Morseby ပို့စ်မော်စဘီဖြစ်၍ လူဦးရေ ၂၇၅၀၀၀ သုံးသိန်းနီးပါးနေထိုင်ကြ ပါသည်။

## ဘာသာရေး

မူရင်းမှာ တိုင်းရင်းသားများဓလေ့အတိုင်း ကိုးကွယ်မှု

အမျိုးမျိုးရှိကြသည်။ ၃၄% ရှိသည်။ နောက်တွင် ခရစ်ယာန်ဘာသာကိုးကွယ်မှုရှိလာသည်။ ရိုမန်ကက်သလစ်ဘာသာ ၂၂% ပရိုတက်စတန် ဘာသာ ၄၄% ရှိကြသည်။-

## သယံဇာတနှင့် ထွက်ကုန်ပစ္စည်းများ

အထိုက်အလျောက်ကြီးမားသော သစ်တောထူသည်ကျွန်းနိုင်ငံဖြစ်သည့်အလျောက် ရွှေ ငွေကြေး၊ ရေနံဓါတ်ငွေ့များထွက်ရှိပြီး ရေနံစိမ်းချက်လုပ်ခြင်း ရွှေငွေကြေးသတ္တုမိုင်းများဖြင့်ထုတ်လုပ်ကြသည်။ အခြားသဘာဝထွက်ကုန်များ တူနာငါးဖမ်းလုပ်ငန်း၊ ကျောက်ပုဇွန်လုပ်ငန်းများလုပ်ပြီး ကော်ဖီ၊ ကိုကို၊ သကြား၊ စားအုန်းဆီ၊ လက်ဘက်၊ ရာဘာများ အုန်းသီးနှင့် အုန်းဆန်များစိုက်ပျိုးထုတ်လုပ်ကြသည်။ သစ်တောထွက်သစ်မာလုံးများပါထုတ်လုပ်ပေသည်။

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ

သဘာဝနယ်မြေမှ ထွက်ကုန်ပစ္စည်းများကိုအခြေခံ၍ စက်မှုလုပ်ငန်းများထုတ်လုပ်ကြသည်။ ရေနံတွင်းမှ ရေနံများထုတ်ယူချက်လုပ်ခြင်း၊ ရွှေမိုင်းများ တူးဖော်ထုတ်လုပ်ခြင်း၊ ကြေးနှင့် ငွေသတ္တုများထုတ်လုပ်ခြင်း၊ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တိုင်းပြည်၌ စိုက်ပျိုးဖြစ်ထွန်းသော သီးနှံများကို ရောင်းချခြင်း၊ သားငါးပုဇွန်တင်ပို့ခြင်းစသည့် လုပ်ငန်းစုံကို ထုတ်လုပ်ကြပြီး

ဩစတြေးလျ-ဂျပန်-တရုတ်- ဂျာမနီနိုင်ငံများသို့ တင်ပို့ကြပေသည်။ ၎င်းတို့ နိုင်ငံတွင်း၌ သုံးစွဲသော ငွေကြေးကို Kina ကိန်နာဟု ခေါ်ဆိုသုံးစွဲကြသည်။ ပြည်တွင်း၌သာသုံး၍ အာရှနိုင်ငံများမှာ ထိုငွေကြေးကို အလေးထားမသုံးစွဲကြပေ။ အာရှအရှေ့ဘက်ဝေးကွာ တည်ရှိခြင်း၊ ကျွန်းနိုင်ငံသို့သွားလာရန်ခက်ခဲမှုများကြောင့် အာစီယံ နိုင်ငံများနှင့် ကူးလူးဆက်ဆံမှုနည်းပါးသည်ကိုတွေ့ရပေသည်။

## သမိုင်းကြောင်းနှင့် နိုင်ငံရေးရာ

ကမ္ဘာဦးစလူများတင်ဖြစ်ပေါ်စဉ်ကပင် ဤဒေသ၌ လူများ ဦးစွာနေထိုင်ခဲ့ဟန်ရှိပါသည်။ ခရစ်တော် မပေါ်မီ နှစ်ပေါင်း ငါးသောင်းလောက်ကပင် ဤနေရာ၌ လူများရှိခဲ့သည်ဟုဆိုကြပါ သည်။ သမိုင်းကြောင်းတွင် ဥရောပမှ နယ်မြေရှာဖွေစုံစမ်းသူ တို့သည် ၁၉ ရာစုတွင်ရောက်ရှိခဲ့ကြသည်။ ဂျာမနီနိုင်ငံသည် ကျွန်း၏အနောက်မြောက်ဘက်တွင် သိမ်းယူအုပ်ချုပ်ခဲ့ကြပြီး ဗြိတိသျှတို့ကမူ ကျွန်း၏အရှေ့တောင်ဘက် ပိုင်းကိုအုပ်ချုပ်ခဲ့ကြ သည်။ ၁၉၀၆ ခုနှစ်ရောက်သောအခါ ဗြိတိသျှတို့က ဩစတြေး လျနိုင်ငံကိုဝင်ရောက် အုပ်ချုပ်ရန်လွှဲပြောင်းခဲ့သည်။ ဩစတြေးလျ တပ်က ဂျာမနီပိုင်နယ်မြေကို သိမ်းပိုက်ကာ ကျန်သော မြောက်ဘက် ကိုပါသိမ်းယူခဲ့သည်။ နိုင်ငံရေးအပြောင်းအလဲများ၏ နောက်ပိုင်းတွင် ကုလသမဂ္ဂ၏ကွပ်ကဲမှုဖြင့် ဩစတြေး လျကအုပ်ချုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင်မူ ဂျပန်နှင့် နယ်မြေလုယူမှုဖြင့် တိုက်ပွဲများ

ကြုံတွေ့ခဲ့ရသည်။ ဂျပန်တို့ ဤကျွန်းကိုလက်လွှတ်ခဲ့ရသည်။ ၁၉၄၉ခုထိ ဩစတြေးလျတို့အုပ်ချုပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင်မူ ကျွန်း၏ထက်ဝက်ဖြစ်သော ပါပူဝါနယူဂီနီကျွန်းအုပ်ချုပ်တွင် တိုင်းပြည်တည်ထောင်ခွင့် ရခဲ့သည်။ ပါပူဝါကျွန်း၏ ကျန်ထက်ဝက်ကိုမူ အင်ဒိုနီးရှားကျွန်းနိုင်ငံတွင် ပါဝင်သွားခဲ့ပါသည်။ ၁၉၇၅ခု၊ စက်တင်ဘာလ (၁၆)ရက်နေ့မှစ၍ ပါပူဝါနိုင်ငံသစ်အနေဖြင့် ကမ္ဘာတွင် အာရှနိုင်ငံကတစ်ခုအဖြစ် ရပ်တည်လာပါသည်။ နိုင်ငံရေးစနစ်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲစနစ်ဖြင့် ရွေးချယ်အုပ်ချုပ်သည်။ အာရှတွင် ထင်ပေါ်မှုမရှိ-အာရှိနိုင်ငံများနှင့် ဆက်ဆံမှုအားနည်းပြီး အထီးကျန်ကျွန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါကြောင်း ရေးသားတင်ပြရပါသည်။

************



# အိန္ဒိယနိုင်ငံ (India)






## အိန္ဒိယနိုင်ငံ (India)

မြန်မာနိုင်ငံနှင့် နယ်စပ်ထိတွေ့လျက်တည်ရှိသော အိမ်နီးချင်းနိုင်ငံများမှာ (၅)နိုင်ငံဖြစ်ကြသည်။ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ ထို(၅)နိုင်ငံအနက် ပြဿနာများရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီများကိစ္စ၊ တရုတ်စိုးမိုးရေးဝါဒနှင့် (၂)နိုင်ငံဆက်ဆံရေး၊ နယ်စပ်ကိစ္စများကို တင်ပြခဲ့ပြီး ဖြစ်ပါ၏။ ထို(၂)နိုင်ငံနှင့် ပြဿနာများရှိသော်လည်း ဤအိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှာ တင်ပြလောက်အောင် ပြဿနာများမရှိကြပေ။ သို့သော် အိမ်နီးနားချင်းတို့ကို အထိုက်အလျောက် သိထားမည်ဆိုလျှင် ပို၍သင့်တော်သည့်အတွက် အကြမ်းအားဖြင့် တင်ပြလိုပါသည်။

အိန္ဒိယနိုင်ငံသည် အာရှတောင်ပိုင်းတွင် နယ်မြေအကျယ်ပြန့်ဆုံး ကြီးမားသောနိုင်ငံအဖြစ် တည်ရှိပါသည်။ မြန်မာနှင့် အိန္ဒိယအကြား ဘင်္ဂလားပင်လယ်အောက်ကို မျက်နှာမူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တည်ရှိပါသည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်းကမ်းရိုးတန်းများသည် ဘင်္ဂလားပင်လယ်အော်ကို ဝိုင်းရံထားသော ကမ်းရိုးတန်း နယ်နမိတ်များ ဖြစ်ကြပါသည်။ အိန္ဒိယနိုင်ငံသည် ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း (၁၂၆၉၃၄၅)၊ စတုရန်းမိုင်(၃၂၈၇၅၉၀) စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ တရုတ်ပြည်မှာ သုံးသောင်းခုနစ်သောင်းရှိ၍

တရုတ်ထက်ငယ်ပါသည်။ မြန်မာနိုင်ငံမှာမူ နှစ်သိန်းခြောက်သောင်း ကျော်သာ ရှိပါသည်။ မြန်မာထက် (၆)ဆခန့် ကျယ်ပြန့်ပါသည်။

ရာသီဥတုမှာ ပူအိုက်စွတ်စိုသော မုတ်သုံရာသီဥတုရှိသည်။ ဘင်္ဂလားပင်လယ်အော် ကမ်းခြေများမှ မုတ်သုံမုန်တိုင်းဒဏ်များကို ခံစားရသော်လည်း ဟိမဝန္တာတောင်တန်း မြောက်ဘက်တွင်မူ အအေးဓာတ်များ ခံစားကြရသည်။ လူဦးရေမှာ လွန်ခဲ့သော (၁၀)နှစ်ကျော်က (၁၀၉၅၃၅၁၉၉၅)သန်း (၁၁၀၀)ခန့်ရှိခဲ့ရာ ယခုဆိုလျှင် သန်းပေါင်း(၁၃၀၀)ခန့်ထိ ရှိမည်ဟု ခန့်မှန်းရ၏။ မွန်ဂိုနှင့် အေရီယန်အမျိုးအနွယ် ပေါင်းစပ်ထားသော ဟိန္ဒူဘုရင်များက အစဉ်အဆက် အုပ်ချုပ်ခဲ့ကြသည်။ အင်ဒိုဟာရိယံ ၇၅ ရာခိုင်နှုန်းရှိသည့် ဒါရာဗီဒီယန် အမျိုးအနွယ် ၃၅ ရာခိုင်နှုန်းရှိသည်။ သို့သော် ယခုအခါ မွတ်စလင်လူမျိုးများ ကြီးထွားလာသည်ကို တွေ့နေရသည်။ ဟိန္ဒူဘာသာစကားကို အဓိကသုံးစွဲသော်လည်း အင်္ဂလိပ်စကားများ၊ မွတ်စလင်(ဘင်္ဂါလီ)ဘာသာစကားများ၊ တမီးလ်စကားများ၊ တူလူဂူစကားများ စသည်ဖြင့် စကားအမျိုးပေါင်းများစွာ ကွဲပြားတည်ရှိကြပါသည်။ ယခင် ဗုဒ္ဓဘာသာထွန်းကားခဲ့သော်လည်း ဟိန္ဒူအယူဝါဒများ လွှမ်းမိုးထားသည်။ ယခု မွတ်စလင်ဝါဒ ကျယ်ပြန့်လာနေသည်။ လွန်ခဲ့သော တစ်နှစ်စာရင်းအရဆိုလျှင် ဟိန္ဒူဝါဒ ၈၂ ရာခိုင်နှုန်း၊ မွတ်စလင် ၁၂ ရာခိုင်နှုန်း၊ ခရစ်ယာန် ၂ ရာခိုင်နှုန်း၊ ဆိပ်ဘာသာ ၂ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားပါသည်။

ပြည်တွင်းထွက်သတ္တုများမှာ ကျောက်မီးသွေး၊ သံသတ္တု

ခါတ်၊ မက်ဂနီးသတ္တု၊ တိုက်တန်နီယံ၊ ထုံးခါတ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ကျောက်မျက်ရတနာ၊ စိန်တို့ထွက်ရှိပါသည်။ စိုက်ပျိုးရေးမှ ဆန်စပါး စိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း၊ ဝါဂွမ်းများ၊ ဂျုံသီးနှံ၊ ဂုန်လျှော်ပင်၊ လက်ဖက်၊ ကြံနှင့် အာလူးများကို စားကုန်သီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ အဝတ်အထည်ပစ္စည်းများ၊ စက်မှုပစ္စည်းများ၊ သားရေလုပ်ငန်းများ၊ လက်မှုပစ္စည်းများ၊ အိမ်တွင်းဖြစ်လက်မှုပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ကြပါသည်။ ဤကား အိန္ဒိယနိုင်ငံ၏ အနေအထားကို အကြမ်းအားဖြင့် ရှုမြင်ရခြင်းကို တင်ပြခြင်း ဖြစ်ပါသည်။

နိုင်ငံရေးအနေအထားတင်ပြရလျှင် အိန္ဒိယသည် မြန်မာနိုင်ငံကဲ့သို့ ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့သည်။ ထိုအချိန်က ဗြိတိသျှအုပ်ချုပ်သော အိန္ဒိယပြည်တွင် မြန်မာနိုင်ငံလည်း ပါဝင်ပေသည်။ အိန္ဒိယနှင့် တစ်ပေါင်းတည်းထားရှိပြီး ဗြိတိသျှများ အုပ်စိုးခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံလည်း အနောက်ပါကစ္စတန်အနေဖြင့် ပါဝင်နေပါသည်။

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဗြိတိသျှတို့ကို ဦးဆောင်တော်လှန်ခဲ့သူမှာ ခေါင်းဆောင်ဂန္ဒီဖြစ်ပေသည်။ ဂန္ဒီသည် အကြမ်းဖက်မှုမပါဘဲ အနုနည်းဖြင့် ဗြိတိသျှတို့အား စတင်တော်လှန်ခဲ့သည်။ စာတတ်ပေတတ်ရှေ့နေတစ်ဦးဖြစ်သော ဂန္ဒီသည် အင်္ဂလန်နိုင်ငံတွင် စာပေသင်ကြားပြီး ဘွဲ့ယူခဲ့သည်။ တစ်ခါက ဗြိတိသျှတို့နှင့် မီးရထားစီးကြရာ အင်္ဂလိပ်တို့က သူတို့နှင့် တန်းတူစီးခွင့်မပြုခဲ့ပေ။

ခွင့်မပြုခဲ့သည့်အပြင် ဂန္ဒီ၏ သေတ္တာ၊ ပစ္စည်းများကို မီးရထား အပြင်သို့ ချထားပြီး ဂန္ဒီကိုပါ ဘူတာရုံတွင် ထားပစ်ခဲ့သည်။ ကျွန် လူမျိုးနှင့် သခင်လူမျိုး မထိုက်တန်ဆိုသော သဘောကိုပြသခဲ့သည်။ ထိုအခါမှစ၍ ဂန္ဒီသည် နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်လာခဲ့ သည်။ ဗြိတိသျှလုပ် အသုံးအဆောင်ဟူသမျှကို သပိတ်မှောက်ခိုင်း သည်။ သူကိုယ်တိုင်လည်း အိန္ဒိယထွက် ဝါချည်များကို ကိုယ်တိုင် ရက်လုပ်ပြီး တိုင်းရင်းဖြစ်မှ အဝတ်အထည်များကို ဝတ်ဆင်ခဲ့သည်။ ထိုအခါမှစ၍ ဗြိတိသျှစီးပွားရေး အထိနာခဲ့သည်။ ထိုနောက် ခရီးရှည်ချီတက်ပွဲကို ဦးဆောင်ကာ တစ်နိုင်ငံလုံး အေးချမ်းသော နည်းဖြင့် ဆန္ဒပြခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓါတ်တက်ကြွပြီး၊ ဗြိတိသျှတို့ အုပ်ချုပ်မရအောင် အထိနာခဲ့သည်။ လွတ်လပ်ရေး ကြိုးပမ်းနေစဉ် အကြမ်းဖက်လိုသူ အုပ်စုထဲမှ ပုဂ္ဂိုလ်တစ်ဦးက ကြည်ညိုဟန်ဆောင်ပြီး ဂန္ဒီအား ခြောက်လုံးပြူးဖြင့် အနီးကပ် ပစ်သတ်ခဲ့သည်။ ဂန္ဒီသေဆုံးခဲ့ရသည်။ ဤသည်ကို အကြောင်းပြု၍ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရခဲ့သည်။ ဂျဝါလာနေရူးက ဝန်ကြီးချုပ်အဖြစ် အစိုးရကို ဦးဆောင်ခဲ့ သည်။ ထို့နောက် နေရူးသမီး အင်န္ဒရာဂန္ဒီမျိုးဆက်တို့ တိုင်းပြည်ကို အုပ်စိုးခဲ့ကြသည်။ အင်န္ဒရာဂန္ဒီသည်လည်း ကိုယ်ရံတော်တစ်ဦး၏ လုပ်ကြံမှုခံခဲ့ရပြီး၊ နောက်ဆုံး ၄င်း၏သားဖြစ်သူ ဝန်ကြီးချုပ်မှာလည်း လုပ်ကြံခံရခြင်းဖြင့် နိုင်ငံရေးရှုပ်ထွေးမှုများ ဖြစ်ခဲ့ကြသည်။ နေရူးမျိုးဆွေတို့ ပါတီအားနည်းလာခြင်း၊ ပြည်သူဘက်လည်း

အားမရခြင်းတို့ဖြင့် ယခုအခါ ပြိုင်ဘက်ဝန်ကြီးချုပ်ဒီဂျေပါတီ ဝန်ကြီးချုပ် မိုဒီမှ အာဏာရယူအုပ်ချုပ်လျက်ရှိပါသည်။ ဤကား အိန္ဒိယနိုင်ငံရေးကို အကြမ်းအားဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ ဤကာလအတွင်း အနောက်ပါကစ္စတန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်အောင် ဆောင်ကြဉ်းပေးခဲ့ပါသည်။

အိန္ဒိယသည် အင်အားကြီးနိုင်ငံတစ်ခုအဖြစ် အာရှတွင် တရုတ်နှင့်ယှဉ်ပြိုင်နေသော်လည်း တရုတ်ကဲ့သို့ နိုင်ငံရေး ရမ္မက်ကြီးသူ မဟုတ်ပေ။ နေရှူးလက်ထက်ကပင် မြန်မာနိုင်ငံမှ ဦးနု၊ အင်ဒိုနီးရှားနိုင်ငံမှ ဆူကာနို၊ တရုတ်ပြည်မှ ချောင်အင်လေးတို့နှင့် ငြိမ်းချမ်းစွာ အတူနေရေးမူဝါဒဖြင့် နေထိုင်ခဲ့ကြပြီး ပြင်ပနိုင်ငံများကို ဒုက္ခပေးခြင်းမျိုး မရှိခဲ့ချေ။ ကိုယ့်ပြည်တွင်းရေးကို ကိုယ်နိုင်အောင် လုံးပန်းနေကြရသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း မိုင်(၆၀၀)ခန့် ထိတွေ့နေသော်လည်း ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ တရုတ်နယ်စပ်လောက်အထိ ပြဿနာမျိုးမရှိခဲ့ပေ။ တစ်ခါတစ်ရံ ပုန်ကန်သောင်းကျန်းနေသော မီဇူသူပုန်များကို လိုက်လံတိုက်ခိုက်ရင်း နယ်စပ်ထိတွေ့မှုများ ရှိခဲ့သော်လည်း မြန်မာနှင့် ပြဿနာဖြစ်ခြင်းမျိုး မရှိခဲ့ပေ။ အကျဉ်းချုပ်ဆိုရလျှင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးနားချင်း တရုတ်၊ ဘင်္ဂလာဒေ့ရှ်ကဲ့သို့ ပြဿနာရှိသော နိုင်ငံမဟုတ်ပါ။

နိဂုံးချုပ်အနေဖြင့် အိန္ဒိယနိုင်ငံသည် အာရှနိုင်ငံများထဲတွင် စစ်ရေးခိုင်မာတောင့်တင်းသောနိုင်ငံ၊ ဒီမိုကရေစီနိုင်ငံစနစ် တိုးတက်

ရန် အားထုတ်နေသောနိုင်ငံ၊ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကား နေသောနိုင်ငံ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များရှိသော နိုင်ငံအဖြစ် လေးစားအပ်သော အာရှနိုင်ငံကြီးတစ်နိုင်ငံဖြစ်ကြောင်း တွေ့မြင်ရပါသည်။ ထို့ပြင် နယ်စပ်ချင်း မိုင်(၆၀၀)ခန့် မြန်မာနိုင်ငံနှင့် တည်ရှိနေသော်လည်း နယ်စပ်ရေးရာပြဿနာများ မှတ်တမ်းတင် လောက်အောင် မရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

************